စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# A Practical English Grammar

# လက်တွေ့အင်္ဂလိပ်သဒ္ဒါ

## စိုးမြိုင်

mgyoe.com

လေ့ကျင့်ခန်းများနှင့် အဖြေများ ပါရှိသည်။

စတုတ္ထအကြိမ်

# A Practical English Grammar

## လက်တွေ့အင်္ဂလိပ်သဒ္ဒါ

## စိုးမြိုင်

အင်္ဂလိပ်စာနှင့် အင်္ဂလိပ်သဒ္ဒါကို
ဒုတိယဘာသာစကားအဖြစ်
လေ့လာလိုက်စားသူများ၊
အင်္ဂလိပ်စကားကို အဆင့်မြင့်မြင့်
စနစ်တကျ ပြောတတ်ချင်သူများ၊
အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင်
ရေးတတ်၊ ဖတ်တတ်ချင်သူများအတွက်
အင်္ဂလိပ်စာနှင့် သဒ္ဒါအကြောင်း၊
အင်္ဂလိပ်စာပေ၏ သဏ္ဌာန်ပုံဟန်အကြောင်း၊
အင်္ဂလိပ်စာအသုံးအနှုန်းများအကြောင်းတို့ကို
အသေးစိတ်၊ အနုစိတ်၊ အပြည့်စုံဆုံး
ခြယ်မှုန်းတင်ပြထားသော ပညာသင်မှ
ပညာရှင်များအထိ လက်စွဲပြုရသည့်
ခေတ်အမီဆုံး

## အင်္ဂလိပ်သဒ္ဒါကျမ်းကြီး

ISBN9789997113801
USM8
9 789997 113801
2,500.00KS

mgyoe.com

လက်တွေ့အင်္ဂလိပ်သဒ္ဒါ၊ စိုးမြိုင်
စာမျက်နှာ ၂၄၉ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ဆရာကြီးဦးစိုးမြိုင်၏ စာမူစာအုပ်များအားလုံးမူပိုင် - စိတ်ကူးချိုချို

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ အောက်တိုဘာလ၊ စတုတ္ထအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၀ပြည့်နှစ် ဆုစာပေ၏ တတိယအကြိမ်မူ၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O. Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# လက်တွေ့အင်္ဂလိပ်သဒ္ဒါ

# A PRACTICAL ENGLISH GRAMMAR

စိုးမြိုင်

လေ့ကျင့်ခန်းနှင့် အဖြေများပါရှိသည်။

စတုတ္ထအကြိမ်၊ ၂၀၁၁

mgyoe.com

## ဆရာကြီး ဦးစိုးမြိုင်၏
## အင်္ဂလိပ်စာလေ့လာသင်ယူရေး စာအုပ်ကောင်းများ

၁။ အမြဲတေအင်္ဂလိပ်အီဒီယမ်များ
၂။ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား
၃။ အင်္ဂလိပ်စကားပြောနည်း – ၉၀၀ (CDပါ)
၄။ အနှစ်ချုပ်အင်္ဂလိပ်သဒ္ဒါ
၅။ လက်တွေ့အင်္ဂလိပ်သဒ္ဒါ
၆။ မိသားစုအယ်ဘန် U.S.A (ပေါင်းချုပ်)
၇။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ A
၈။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ B
၉။ မရှိမဖြစ် အင်္ဂလိပ်အတွေးအကွရာများ C
၁၀။ ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာအသုံးအနှုန်းများ
၁၁။ အမေရိကန်အီဒီယမ်
၁၂။ ပုပ္ပါးမှာတစ်ခါကြုံတယ်
(မြန်မာမှ အင်္ဂလိပ်ဘာသာပြန်လေ့လာချက်)

---

စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဆက်တိုက် ပြန်လည်ထွက်ရှိလာပါမည်။

mgyoe.com

# Contents

mgyoe.com

မာတိကာ စာမျက်နှာ

ဒုတိယအကြိမ် တည်းဖြတ် ပြင်ဆင် ဖြည့်စွက်ထုတ်ဝေခြင်း အတွက် စာရေးသူ၏အမှာ

ပထမအကြိမ် ထုတ်ဝေခြင်းအတွက် စာရေးသူ၏အမှာ

မှီငြမ်းကိုးကားသော စာအုပ်စာရင်း

1. Articles 1 - 5 ၁၇
နာမ်ညွှန်းစကားလုံးများ
the indefinite article မသိနာမ်ညွှန်းစကားလုံး
the definite article သိနာမ်ညွှန်းစကားလုံး

2. Nouns 6 - 11 ၂၃
နာမ်များ
kinds နာမ်အမျိုးအစားများ
gender လိင်ခွဲခြားခြင်း (ဝါ) အထီး အမ ခွဲခြားခြင်း
plurals ဗဟုဝုစ်ကိန်းများ
cases ပြုလုပ်သူ ခံရသူ ပိုင်ဆိုင်သူ သဏ္ဍာန်များခွဲခြင်း
the possessive case ပိုင်ဆိုင်မှုသဏ္ဍာန်များကို အသေးစိတ် လေ့လာခြင်း

3. Adjectives 12 - 19 ၂၈
နာမဝိသေသနများ
kinds နာမဝိသေသန အမျိုးအစားများ
agreement ညီညွတ်မှု
position နေရာထားပုံ ထားနည်း
comparison နှိုင်းယှဉ်ချက်
adjectives of quality အရည်အချင်းပြ နာမဝိသေသနများ
one / ones ကို နာမ်စားများအဖြစ်သုံးခြင်း

4. Demonstrative, Distributive and Quantitative Adjectives and Pronouns 20 - 30 ၃၃
ညွှန်ပြ၊ ခွဲဝေနှင့် အရေအတွက်ပြ နာမဝိသေသနများနှင့် နာမ်စားများ
demonstrative ညွှန်ပြ နာမဝိသေသနများ
distributive ခွဲဝေ နာမဝိသေသနများ
quantitative အရေအတွက်ပြ / ပမာဏပြ နာမဝိသေသနများ
a နှင့် one, some နှင့် any, no နှင့် none, many နှင့် much, little နှင့် few ခြားနားပုံများ

5. Interrogatives မေးခွန်းမေးသော W/H စကားလုံးများ 31 - 6 ၃၈
(a) adjectives and pronouns မေးခွန်းမေးသော နာမဝိသေသနများနှင့် အမေးနာမ်စားများ
who? whom? whose?
ဘယ်သူသည် ဘယ်သူကို ဘယ်သူ၏
what? which?
ဘာ... ဘယ်ဟာ...
(b) adverbs - မေးခွန်းမေးသော ကြိယာဝိသေသနများ
why? ဘာကြောင့် how? ဘယ်လို ... စသည်

6. Possessive Adjectives, Personal and Other Pronouns 37 - 48 ၄၂
ပိုင်ဆိုင်မှုပြ နာမဝိသေသနများ ပုဂ္ဂလနာမ်စားများနှင့် အခြားနာမ်စားများ
possessive adjectives and pronouns ပိုင်ဆိုင်မှုပြ နာမဝိသေသနများနှင့် နာမ်စားများ
personal pronouns ပုဂ္ဂလနာမ်စားများ။ it နှင့် one တို့၏ အသုံးအနှုန်းဆန်းများ
reflexive and emphasizing pronouns လုပ်ရပ်နောက်ပြန်လှည့် နာမ်စားများနှင့် အလေးအနက်ပြု နာမ်စားများ
so နှင့် not တို့၏ ထူးခြားချက်များ

7. Relative Pronouns 49 - 62 ၄၇
သွယ်ဆက် နာမ်စားများ
defining relative clauses အမှန်တကယ် အထူးပြုသည့် စကားစုများ၌ ပါဝင်သော who, whom, whose, which, that
non-defining relative clauses အမှန်တကယ် အထူးမပြုသည့် စကားစုများ၌ ပါဝင်သော who, whom, whose, which
relative adverbs သွယ်ဆက်ကြိယာဝိသေသနများဖြစ်ကြသည့် when, where, why

8. Adverbs 63 - 76 ၅၄
ကြိယာဝိသေသနများ
kinds ကြိယာဝိသေသန အမျိုးအစားများ
form သဏ္ဍာန်, comparison နှိုင်းယှဉ်ချက်
position of adverbs ကြိယာဝိသေသနများကို နေရာထားပုံ
of manner လုပ်နည်းလုပ်ဟန်ပြ
of place နေရာပြ
of time အချိန်ပြ
of frequency အကြိမ်အရေအတွက်ပြ
of degree အဆင့်အတန်းပြ
တို့ နေရာယူပုံများ
fairly နှင့် rather
quite

mgyoe.com

much
hardly, barely နှင့် *scarcely*

9. **Prepositions** 77 - 90 ၆၄
**ဝိဘတ်များ**
indirect objects တစ်ဆင့်ကံများရှေ့၌
to နှင့် for ပျောက်ပုံ
some useful prepositions
အသုံးဝင်သည့် ဝိဘတ်အချို့
pairs of prepositions easily confused
အလွယ်တကူ ရှုပ်ထွေးနိုင်သည့် ဝိဘတ်တွဲများ
gerunds after prepositions
ဝိဘတ်များနောက်မှ ကြိယာနာမ်များ
prepositions used as adverbs
ကြိယာဝိသေသနများအဖြစ် သုံးသည့်ဝိဘတ်များ

10. **Conjunctions စကားဆက်များ** 91 - 5 ၇၂
'သော်လည်း' ဟု အဓိပ္ပာယ်ရသည့်
though / although, nevertheless, in spite of
တို့၏ အသုံးပြုပုံများနှင့် ခြားနားချက်များ
'ကဲ့သို့ / သောကြောင့်' အဓိပ္ပာယ်ရသည့်
like နှင့် as
အကြောင်းပြသည့် for နှင့် because ခြားနားချက်
နှစ်ခုတွဲများမှာသုံးသည့် both, either, neither, nor နှင့် so
တို့၏ အသုံးဆန်းများ
သတ်မှတ်ထားသည့် အချိန်တစ်ချိန်ကို ညွှန်းသော when, as
နှင့် while ၏ ထူးခြားချက်

11. **Introduction to Verbs** 96 - 108 ၇၆
**ကြိယာများနှင့် မိတ်ဆက်ခြင်း**
ordinary verbs, tense formation
သာမန်ကြိယာများ၊ကာလဖြစ်ပေါ်ပွဲ့စည်းပုံ
auxiliary verbs အကူကြိယာများ
general rules ယေဘုယျဥပဒေသများ
general conversational use အများသုံး စကားပြောများ

12. **The Auxiliaries or helping verbs**
**'Be' and 'Have'** 109 - 20 ၈၃
အကူကြိယာ 'Be' နှင့် 'Have'
I have... I haven't...
Have I...? Haven't...?
'be' in the formation of tenses
'be' နှင့် ကာလဖွဲ့စည်းပုံများ
be + infinitive construction
'be' နှင့် to + verb တွဲသုံးပုံ
be as an ordinary verb
'be' ကို ရိုးရိုးကြိယာအဖြစ်သုံးခြင်း
there is / there are... it is / there is
အသုံးအဆန်းများ
'have' in the formation of tenses
'have' နှင့် ကာလဖွဲ့စည်းပုံများ
'have' expressing obligation
တာဝန်ရှိကြောင်းပြသည့် have
got ကို have နှင့် တွဲသုံးခြင်း
have + object + past participle
construction ရေးပုံရေးနည်း
have as an ordinary or main verb meaning
'possess', etc.၊ ပိုင်ဆိုင်ကြောင်း
စသည်ကိုပြသည့် ပဓာနကြိယာ have
I have... I don't have...
Do I have...? Don't I have...?

13. **The Auxiliaries 'Do', 'May', and 'Can'**
**အကူကြိယာများ** 121 - 33 ၉၃
do ၏ သုံးပုံသုံးနည်းများ
**may** expressing permission
ခွင့်ပြုချက် ဖော်ပြသည့် may
**may / might** expressing possibility
ဖြစ်နိုင်မှု ဖော်ပြသည့် may / might
**can** expressing permission ခွင့်ပြုချက်
**can** expressing possibility ဖြစ်နိုင်မှု
**can** expressing ability စွမ်းဆောင်နိုင်စွမ်း
**can / am able, could / was able** အသုံးအနှုန်းများ

14. **'Must', 'Have to', and 'Need' တို့၏**
**တာဝန်ဖော်ပြမှု အတိုင်းအတာ** 134 - 53 ၁၀၂
positive obligation - မလွဲမသွေ တာဝန်ရှိကြောင်းပြခြင်း
negative obligation - တာဝန်မရှိကြောင်း ဖော်ပြခြင်း
absence of obligation - လုပ်ဆောင်ရန် မလိုကြောင်း
ဖော်ပြခြင်း
deduction (must and can) - ကျိုးကြောင်း
ဆက်စပ်ထုတ်ယူ ဆင်ခြင်မှုကို ဖော်ပြခြင်း

15. **The Auxiliaries 'Ought',**
**'Dare', and 'Used'** 154 - 9 ၁၀၉
အထက်ပါ အကူကြိယာတို့၏
ဆန်းပြားသည့် အသုံးအနှုန်း

16. **The Present Tenses** 160-71 ၁၁၃
**ပစ္စုပ္ပန်ကာလများ**
the present continuous ပစ္စုပ္ပန် ဆက်လက်ကာလ
verbs not normally used in continuous form
mgyoe.com

ပုံမှန်အခြေအနေ၌ ing မထည့်ရသည့် ကြိယာများ
the simple present tense ရိုးရိုးပစ္စုပ္ပန်ကာလ

17. **The Past and Perfect Tenses**
အတိတ်ကာလနှင့် ပြီးမြောက်ကာလများ 172 - 92 ၁၂၁
the simple past ရိုးရိုးအတိတ်ကာလ
the past continuous အတိတ်ဆက်လက်ကာလ
the present perfect ပစ္စုပ္ပန်ပြီးမြောက်ကာလ
the present perfect continuous
ပစ္စုပ္ပန် ပြီးမြောက် ဆက်လက်ကာလ
the past perfect အတိတ်ပြီးမြောက်ကာလ
the past perfect continuous
အတိတ်ပြီးမြောက် ဆက်လက်ကာလ

18. **The Future အနာဂတ်ကာလ 193 - 210** ၁၃၀
the simple present ရိုးရိုး ပစ္စုပ္ပန်ကာလ
the present continuous ပစ္စုပ္ပန်ဆက်လက်ကာလ
the going to form၊ 'going to' အသုံးအနှုန်း
the future tense အနာဂတ်ကာလ
future with intention ကြံရွယ်ချက်ပြအနာဂတ်
the going to form and will + infinitive
အသုံးအနှုန်းနှစ်ရပ် နှိုင်းယှဉ်ချက်
the future continuous အနာဂတ် ဆက်လက်ကာလ
the future perfect အနာဂတ်ပြီးမြောက်ကာလ
တို့ကိုသုံးခြင်းဖြင့် အနာဂတ်ကာလ ဖြစ်ပေါ်လာပုံများ

19. **Sequence or Agreement of Tenses** ၁၄၇
**ကာလညီညွတ်မှု** 211 - 12

20. **The Conditional Tenses 213 - 23** ၁၄၈
**အခြေအနေပြ ကာလများ**
**conditional sentences**
**အခြေအနေပြ 'လျှင်' ဝါကျသုံးမျိုး**
type 1. probable condition
or real condition (present)
ဖြစ်ဖွယ်ရှိသည့် ပစ္စုပ္ပန် သို့မဟုတ်
အနာဂတ်အခြေအနေပြ 'လျှင်' ဝါကျ
type 2. improbable condition
or unreal condition (present)
ဖြစ်ဖွယ်မရှိသည့် ပစ္စုပ္ပန် သို့မဟုတ်
အနာဂတ်အခြေအနေပြ 'လျှင်' ဝါကျ
type 3. impossible condition
or unreal condition (past)
မဖြစ်ခဲ့သည့် အတိတ်အခြေအနေပြ 'လျှင်' ဝါကျ
the subjunctive 'were'
တကယ်မဟုတ်သည်ကို ဟုတ်လေဟန် ပမာဆောင်ပြောခြင်း
if ကို ဖျောက်ပြီး ကတ္တားနှင့် အကူကြိယာကို
ရှေ့နောက် နေရာပြောင်းရေးပုံ
if အစား unless, but for, provided that,
supposing အသုံးပြုပုံ
အရာရောက်သည့် if only
some more examples - type 1, type 2, type 3
နောက်ထပ် ဥပမာများ

21. **Other Uses of 'Will', 'Would',**
**'Shall' and 'Should' 224 - 36** ၁၅၆
will ကို ဖိတ်ခေါ်မှု၊ ပန်ကြားချက်၊ အမိန့်ပေးမှု၊
အလေ့အထ၊ အလျှော့မပေးဘဲ လုပ်ဆောင်မှု၊
ကျိန်းသေမှုတို့ကို ဖော်ပြရာမှာသုံးခြင်း
would ကို like, care, rather, sooner
တို့နှင့်တွဲ၍ ယဉ်ကျေးစွာ ပန်ကြားရာမှာသုံးခြင်း
shall I / we? ကို ပန်ကြားချက်၊ အမိန့်၊
အကြံပေးချက်များမှာသုံးခြင်း
shall ကို you, he / she, they တို့နှင့် တွဲ၍
အမိန့်ပေးရာမှာသုံးခြင်း
should ကို တာဝန်ရှိကြောင်း ဖော်ပြရာမှာသုံးခြင်း
that ... should ကို ကြိယာအချို့၏ နောက်မှာသုံးခြင်း

22. **The Infinitive 237 - 51** ၁၆၅
လိုက်သော ကြိယာများ
to မပါသည့် infinitive လိုက်သော ကြိယာများ
infinitive ၏ အခြား သုံးပုံသုံးနည်းများ
infinitive ကို subject အဖြစ် သုံးခြင်း
the perfect infinitive ကို infinitive
ပြီးမြောက်အနေဖြင့် သုံးခြင်း

23. **The Gerund 252 - 62** ၁၇၇
**gerund နှင့် participle ခွဲခြားခြင်း**
subject အဖြစ် အသုံးပြုခြင်း
ဝိဘတ်နောက်မှာ ထားသုံးခြင်း
အချို့ကြိယာများနောက်မှာ နေရာယူခြင်း
gerund (သို့) infinitive လိုက်သည့်
ကြိယာများ။ အာရုံခံစားမှု ကြိယာများနှင့်
ing သဏ္ဍာန်၊ used to နှင့် be + used to ၏
ခြားနားချက်၊ mind ကြိယာသုံးပုံ
the perfect gerund; the passive gerund

24. **The Participles 263 - 7** ၁၈၆
**the present participle (ပြုလုပ်ခြင်းပြခြင်း)**
**the past participle (ပြုလုပ်ခံရမှုပြခြင်း)**
ပါတီစီပယ်လ်ဖရေ့စ်ကို ရှေ့မှာထားခြင်းနှင့်
နောက်မှာထားခြင်း

mgyoe.com
mgyoe.com

'ကြောင့်...' အဓိပ္ပာယ်နှင့်သုံးခြင်း
ပါတီစိပယ်လ်ဖရေ့စ်၏ သီးခြား subject ကို
ဝါကျအစ၌ ထားရေးနည်း
the perfect participle active and passive
ရှေ့နောက် အဆက်အစပ် လွဲနေသော
misrelated participles

25. **The Imperative - အမိန့်ပေး တောင်းပန်ဝါကျ** 268 - 9 ၁၉၁

26. **ဆုတောင်းခြင်း၊ ဆန္ဒပြုခြင်းတို့ကို ညွှန်းသည့် The Subjunctive** 270 - 2 ၁၉၂

27. **The Passive Voice - Subject က ခံရကြောင်းပြဝါကျ အသုံးပြုပုံ** 273 - 5 ၁၉၆

ကံပုဒ်နှစ်ခုဖြင့် passive ရေးနည်း
by မသုံးဘဲ with ဖြင့်ရေးပုံ
verb + preposition + object စကားစုကို
passive ပြောင်းပုံ
passive verb + infinitive with to ကို
suppose နောက်မှာ ထားသုံးခြင်း
let ကြိယာနှင့် passive

28. **Indirect Speech - တစ်ဆင့်ပြန်ပြောစကား** 276 - 87 ၁၉၉
statements ... questions ... commands
indirect commands များရေးနည်း
ကာလများ ပြောင်းလဲပုံ
time clauses များနှင့် past / past continuous
past မှ past perfect ပြောင်းရန် မလိုသည့်
ဝါကျမျိုး။ conditional type 2 ကို indirect
ပြောင်းပုံ၊ this မှ that ပြောင်းသည့် ဝါကျမျိုးနှင့်
this / these မှ it / they / them ပြောင်းသည့်
ဝါကျမျိုး။ indirect questions အမျိုးမျိုး
will you / would you / could you ဖြင့်
မေးမြန်း၊ ပန်ကြား၊ အမိန့်ပေး၊
ဖိတ်ကြားမှုတို့ကို ဖော်ပြပုံ
let's, let him / them နှင့် ဒုတိယပါဆင် အကြံပေး
ချက်များကို တစ်ဆင့် ပြန်ပြောပြောင်းပုံ
အာမေဋိတ်များနှင့် yes, no အဖြေတိုများကိုပြောင်းပုံ
mixed types - ရေးနည်းအမျိုးမျိုး
ရောထွေးနေသည့် ဝါကျများကို ပြောင်းပုံ
must နှင့် needn't, must ဖြင့်
တွေးခေါ်ကောက်ချက်ချမှု၊
အမိန့်အာဏာသတ်မှတ်မှု၊ ကြံရွယ်ချက်၊
အကြံပေးချက်၊ တာဝန်တို့ကို ဖော်ပြခြင်း
needn't ကို တစ်ဆင့်ပြန်ပြောစကားမှာ သုံးပုံ
could မှ ask / invite သို့ ပြောင်းသွားခြင်း။
could I see မှ ask for / ask to see သို့
ပြောင်းခြင်း။ could နှင့် ခွင့်ပြုချက်တောင်းခံမှု၊
could နှင့် စွမ်းဆောင်နိုင်မှု၊ ပစ္စုပ္ပန်ကာလမှာ
သုံးသည့် could

29. **Clauses of Purpose, Comparison, Reason, Time, Result and Concession - ရည်ရွယ်ချက်ပြ၊ နှိုင်းယှဉ်ချက်ပြ၊ အကြောင်းပြ၊ အချိန်ပြ၊ အကျိုးသက်ရောက်မှုပြနှင့် ဆန့်ကျင်ခြားနားမှုပြ ကလော့စ်စကားစုများ** 288 - 95 ၂၁၈
ရည်ရွယ်ချက်ကို infinitive ဖြင့် ဖော်ပြခြင်း။
so as, in order တို့ကို infinitive နှင့် တွဲသုံးခြင်း။
(so as to, in order to တို့ကိုသုံးပုံ)
clause of purpose (ရည်ရွယ်ချက်ပြ ကလော့စ်)
ကို so that + will / would စသည်တို့နှင့် တွဲသုံးပုံများ
in case နှင့် lest
comparisons နှိုင်းယှဉ်ချက်များ
as ... as, than တို့ဖြင့် နှိုင်းယှဉ်ခြင်း
time clauses အမျိုးမျိုး။ until, till, after,
as soon as, when, whenever, as, while,
since တို့နှင့် တွဲသုံးပုံ
clauses of reason၊ because, as,
since တို့နှင့် တွဲသုံးပုံ
clauses of result၊ so ... that,
such ... that တို့နှင့် တွဲသုံးပုံ
clauses of concession၊ or opposition, though,
although, even if, however
စသည်တို့နှင့် တွဲသုံးပုံ

30. **List of Irregular Verbs - ed ထည့်၍ ကာလမပြောင်းသည့် ကြိယာများ** 296 ၂၂၅

31. **Numerals, Dates, and Weights and Measures** 297 - 302 ၂၂၆
ဂဏန်းအရေအတွက်များ၊ ရက်စွဲများ၊
အလေးချိန်များနှင့် အတိုင်းအတာများ

32. **Spelling Rules စာလုံးပေါင်း ဥပဒေသများ** 303 - 8 ၂၃၂

**Exercises and Answers**
**လေ့ကျင့်ခန်းများနှင့် အဖြေများ**

mgyoe.com

mgyoe.com

# တတိယအကြိမ် ထုတ်ဝေခြင်းအတွက် စာရေးသူ၏ အမှာ

'လက်တွေ့အင်္ဂလိပ်သဒ္ဒါ' စာအုပ်ကို ခရစ်နှစ် ၂၀၀၀ ဇန္နဝါရီလ၌ ဒုတိယအကြိမ် ပုံနှိပ် ထုတ်ဝေ ဖြန့်ချိ ရောင်းချခဲ့ရာ အလွန်တိုတောင်းလှသော အချိန်ကာလအတွင်းမှာပင် ကျွန်တော်၏ 'အဆင့်မြင့် အနုစိတ်အင်္ဂလိပ်သဒ္ဒါ အင်္ဂလိပ်စာပေ အသုံးအနှုန်း ဘာသာပြန်' သင်တန်းသားများအတွက် အုပ်ရေအနည်းငယ်မျှသာ ကျန်တော့သည့်အထိ စာအုပ် ကိုယ်စားလှယ်ကြီးများနှင့် ကျွန်တော်၏ အင်္ဂလိပ်စာဖတ် ပရိသတ်က သောင်းသောင်းညံညံ ဘဝင်လျှံမျှ တစ်ခဲနက် ဝယ်ယူအားပေးခဲ့ကြပါသည်။ ယခု ထပ်မံပုံနှိပ် ထုတ်ဝေရန် အချိန်အခါ သင့်ရောက်လာသည်နှင့်တစ်ပြိုင်နက် တတိယအကြိမ် ထုတ်ဝေဖြန့်ချိ လိုက်နိုင်ပြီဖြစ်ကြောင်း သက်ဆိုင်သူအပေါင်းတို့အား သတင်းကောင်းပါးအပ်ပါသည်။

နိုးမြိုင်

mgyoe.com

ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေခြင်းအတွက်

mgyoe.com

# စာရေးသူ၏ အမှာစာ

ကျွန်တော်သည် ၁၉၅၃–ခုနှစ်တွင် ဂျူဒါအီစကယ်လ်လမ်း (ယခုသိမ်ဖြူလမ်း) ရှိ ကိုယ်ပိုင်မှတ်ပုံတင် ကျောင်းတစ်ကျောင်းဖြစ်သော ဒဂုံအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း (Matric Class) ၌ အင်္ဂလိပ်စာ နှင့် မြန်မာစာ စတင်သင်ကြားပို့ချခြင်းအားဖြင့် ကျွန်တော်၏ ကျောင်းဆရာဘဝ မိုးရှူးသန့်စင် ဖွားမြင်လာ တော့သည်။ သုံးနှစ်ကြာသောအခါ ယင်းကျောင်းမှထွက်ပြီး ကြည့်မြင်တိုင်၌ အနောက်တိုင်းကျောင်း (WESTERN EDUCATIONAL INSTITUTE) ကို တည်ထောင်ပြီး၊ (၈) တန်း (၉) တန်း၊ (၁၀) တန်း တို့တွင် အင်္ဂလိပ်စာနှင့် မြန်မာစာ သင်ကြားပို့ချသည်။ ထိုအချိန်ကာလသည် တစ်ဘာသာ၊ နှစ်ဘာသာ သင်ကြားသော "ကျူရှင်" ခေတ်မဟုတ်ဘဲ မူလတန်းမှ အထက်တန်းအထိ မှတ်ပုံတင် ကိုယ်ပိုင်ကျောင်းများ တည်ထောင်ကာ ဘာသာစုံ သင်ကြားသည့်ခေတ်ဖြစ်သည်။ ကျွန်တော်၏ ကျောင်း တက္ကသိုလ်ဝင်တန်းမှာ သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲ နှစ်မျိုးလုံးသင်သည်။

ထိုစဉ်က တက္ကသိုလ်ဝင်တန်း ဝိဇ္ဇာဘာသာတွဲတွင် "ဘာသာပြန်" (TRANSLATION) ကိုလည်း ယူလိုကယူနိုင်သည်။ ယင်းဘာသာကိုယူလျှင် အခြားအပိုဘာသာတစ်ခုကို ဖြုတ်နိုင်သည်။ သုံးနှစ်ခန့်လား ကြာသည်ထင်သည်။ "ဘာသာပြန်" ကို သက်ဆိုင်ရာက ပြန်လည် ပယ်ဖျက်ပစ်လိုက်သည်။ ကျွန်တော်၏ ကျောင်း၌ "ဘာသာပြန်" ကို အပိုဘာသာအဖြစ် ကျွန်တော်ကိုယ်တိုင် သင်ပေးသည်။ မြန်မာမှ အင်္ဂလိပ်၊ အင်္ဂလိပ်မှ မြန်မာ စသည်ဖြင့် ဘာသာပြန်ရသဖြင့် ယင်းဘာသာကို သင်ယူသူများသည် အခြားသော ကျောင်းသူ ကျောင်းသားများထက် အင်္ဂလိပ်ဘာသာမှာသာမက မြန်မာဘာသာမှာပါ ပိုမို၍ ထူးချွန်လာကြ သည်။ စာမေးပွဲကြီး၌ အမှတ်ကောင်းကောင်းဖြင့် အောင်ကြသည်။

ဘာသာပြန်ဘာသာကို သင်ယူလိုသော ကျောင်းသူကျောင်းသား အများအပြားလည်း ကျွန်တော့် ကျောင်းသို့ အားကိုးတကြီးလာကြသည်။ ကျွန်တော့်ကျောင်းမှတစ်ပါး "ဘာသာပြန်" ဘာသာကို သင်ကြား ပေးသည့် အလွတ်ပညာသင်ကျောင်း လုံးဝမရှိဟု အတတ်မပြောနိုင်သော်လည်း မရှိသလောက်ရှားသည် ဟူ၍ကား အခိုင်အမာ ဆိုဝံ့ပါသည်။ မိမိ၏ကျောင်း၌ သင်ကြားသည့်အပြင် ဆရာမကြီး "ဒေါ်လှယဉ်မေ ကျောင်း" တက္ကသိုလ်ဝင်တန်း၌လည်း အင်္ဂလိပ်ဘာသာကို ကျွန်တော် သင်ကြားပေးသည်။

mgyoe.com

ကိုယ်ပိုင် အလွတ်ပညာသင်ကျောင်းများ ပြည်သူပိုင် အသိမ်းခံရအပြီး၌ အင်္ဂလိပ်စာကျူရှင် ဆက်ပေးသည်။ သင်ဘော်သင်ဘက်များမှာ ဆရာမကြီး ဒေါ်လှယဉ်မေဖြစ်သည်။ ယင်းနောက် ဦးအောင်နိုင်၊ ဦးခင်မောင်အေး၊ မိုးဟိန်း သို့မဟုတ် တစ်သုံးလုံး ဦးသန်းအောင်၊ ဦးစိုင်းထွန်းအောင်တို့နှင့် ဆက်၍ ၁၉၇၃–ခုနှစ်ခန့်အထိ သင်သည်။ ထိုနှစ်များအတွင်းက ကျော်ကြားလှသည့် အလုပ်သမားရေးရာ ညနေသင်တန်းများ၌လည်း အင်္ဂလိပ်စာ သင်ပေးခဲ့သည်။

စာသင်၍ (၁၀) နှစ်ကြာသည့် ၁၉၆၃– ခုအရောက်မှာ ကျွန်တော်၏ လုံးချင်းစာအုပ်ဖြစ်သော "ညဥ့်လသယ်ယံ" ထွက်လာသည်။ ဤသို့ဖြင့် ကျွန်တော်သည် ကျောင်းဆရာသာမက လုံးချင်းစာအုပ်ရေးသည့် စာရေးဆရာပါ ဖြစ်လာတော့သည်။ လုံးချင်းစာအုပ်လောက၌ ဆက်တိုက် ခြေချထားနိုင်သည်မှာ ယနေ့အထိ။ ယင်းစာအုပ်မှာ ဘာသာပြန်ဝတ္ထုဖြစ်၍ စာမျက်နှာ (၅၀၀) ကျော်မည်ထင်သည်။ ကျွန်တော့်တွင် ထိုစာအုပ် ယခုမရှိတော့။ ကျွန်တော်ရေးသည့် စာအုပ်အမြောက်အမြားအနက်မှ အနည်းငယ်မျှသာ လက်ဝယ်ရှိတော့သည်။ လက်ခံအဖြစ် စာအုပ်တစ်မျိုးလျှင် အနည်းဆုံး (၅) အုပ်ထားပါသည်။ လူနိုင်လူရင်းများ၊ တပည့်ဟောင်းကြီးများက ရှားပါးစာအုပ်များကို တောင်းကြ၊ ငှားကြသည်။ အားနာပါးနာဖြင့် ပေးရငှားရသည်။ "ငှား" သည်သာဆိုသည်။ (၁၀) ယောက်မှာ (၉) ယောက်လောက်ထံမှ ပြန်မရတော့။ သူတို့ထက် ပိုမိုနိုပ်စက်သူများမှာ ငမိုက်သား "ခြကောင်" တွေဖြစ်ကြသည်။ သင်းတို့တွေ တစ်ချီ ဒုက္ခပေးလိုက်ရင် စာအုပ်တွေ ရာနှင့်ချီပြီး ကုန်ပါလေရော။

ကျွန်တော်သည် စာကြီးပေကြီးမှ မဟုတ်။ ပေါ့ပေါ့ပါးပါး အကြောင်းအရာများ အပါအဝင် သုတရသစာပေအမျိုးမျိုး ရေးသားသည်။ စိုးမြိုင် သို့မဟုတ် တက္ကသိုလ် မိမိမြိုင် အမည်ဖြင့် ကျွန်တော်ရေးသားထုတ်ဝေခဲ့ပြီးသည့် လုံးချင်းစာအုပ်အချို့ကို မှတ်မိသလောက် စဉ်းစားဖော်ပြပါမည်။

ညဥ့်လယ်ယံ၊ လူ့ရွှန်းလက်ရွေးစင်စာပေ (ပထမအုပ်၊ ဒုတိယအုပ်)၊ မိုးနှမသံသရာ၊ အရှည်ဆုံးနေ့၊ ကွေမြစ်တံတား၊ လုပ်သားသူရဲကောင်း၊ ပြည်သူတို့နှင့်အတူ၊ ဆဋ္ဌမအာရုံရှင် ဂျင်းဒစ်ဆင်၊ ဗီယက်နမ်လွတ်မြောက်ရေးစစ်၊ မိုင်လေး၊ သို့သော် ဦးမညွတ်၊ ဗိုလ်ချုပ်ကြီး ဗိုငုယင်ဇပ်၊ သုဉ်းဘ၀၊ ဟီရိုရှီးမား၊ ကျွန်တော့်ကိုယ်တွေ့ မဟာစည်၊ အင်ဒီရာဂန္ဒီ အတ္ထုပ္ပတ္တိ၊ ရာဂျစ်ဂန္ဒီ သို့မဟုတ် အဖေတူ အမေ့သား၊ အာရာဖတ်နှင့် ပါလက်စတိုင်း လွတ်မြောက်ရေးလှုပ်ရှားမှု၊ မော်သော်ဆင်း၊ ရှိမ်း ( စ် ) ဘွန်း လုံးချင်းဝတ္ထုရှည် ( ၅ ) အုပ်၊ ဖူမန်ချူးလုံးချင်း ဝတ္ထုရှည် ( ၅ ) အုပ်၊ သွေးစက်ခြေရာဝက်ပါ၊ လေးပွင့်စာနှင့် သိုက်မာယာ၊ မိုးကြက်ကြစတမ်းဆိုရင်၊ ရှားလော့ဟုမ်း လုံးချင်းဝတ္ထုရှည်ပေါင်းချုပ်၊ ဤမြေသားနှင့် လကမ္ဘာ၊ မဟာကင်တို

·လျှင်၊ မြဝတီဇော်မိုးလွင် လုံးချင်းဝတ္ထုရှည်တွဲများ (မြဝတီ ဇော်မိုးလွင်၊ အိပ်မက်ကမ္ဘာမှ စိတ္တဇညများ၊ ပင်လယ်ပြင်ကို မီးရှို့ချင်တယ် စသည့် လုံးချင်းဝတ္ထုရှည်များ)၊ မိုးမြေသိမ့်သိမ့် တုန်စေသူ၊ အနှစ်ချုပ် အင်္ဂလိပ်သဒ္ဒါ၊ ဝိဘတ်နှင့်တွဲသော အင်္ဂလိပ်စာ အသုံးအနှုန်းများ၊ အမြုတေ အင်္ဂလိပ်အီဒီယံများ ပထမတွဲနှင့် ဒုတိယတွဲ၊ လက်တွေ့အင်္ဂလိပ်သဒ္ဒါ၊ အမေရိကန် အီဒီယံမိတ်ဆက်၊ မိသားစု အယ်လ်ဘန် ယူအက်စ်အေ ပထမအုပ်နှင့် ဒုတိယအုပ်၊ အင်္ဂလိပ်စကားပြောနည်း (၉၀၀)၊ ကိုယ်ပိုင်ပြောအင်္ဂလိပ်စကား စသည့် လုံးချင်း စာအုပ်များ ဖြစ်ကြသည်။

mgyoe.com

အထက်ဖော်ပြပါ စာအုပ်များအနက်မှ အများအပြားမှာ အကြိမ်ပေါင်းများစွာ ပြန်လည်ပုံနှိပ်ထုတ်ဝေရသော စာအုပ်များဖြစ်ကြသည်။

၁၉၉၉ ခုနှစ်အထိ ရေတွက်ကြည့်ပါလျှင် ကျွန်တော့်တွင် စာသင်သက် (၄၆) နှစ်၊ လုံးချင်းစာအုပ်ရေးသက် (၃၆) နှစ်ရှိပြီ ဖြစ်ပါသည်။ ထိုနှစ်ကာလများအတွင်း၌ တစ်နေ့ (၁၀) နာရီ၊ တစ်ပတ်ခုနစ်ရက် စာသင်သည့်နှစ်များ အများအပြားပါဝင်သည်။ အထူးသဖြင့် ကျောင်းဆရာဘဝ၏ ပထမပိုင်း နှစ်ကာလများအတွင်းကဖြစ်သည်။ ယင်းကဲ့သို့ မနားမနေ သင်သည့်နှစ်များနှင့် "နားနားနေနေ" သင်သည့်နှစ်များဟူ၍သာ ခြားနားသည်။ လုံးဝ စာမသင်သော နှစ်များကား မရှိ။

စာမသင်ဘဲ စာမရေးဘဲတော့ မနေနိုင်။ နည်းနည်းဖြစ်ဖြစ် သင်ရ ရေးရမှ၊ စားဝင် အိပ်ပျော်သည်။ နေထိုင်ကောင်းသည်။ ယခုလည်း အင်္ဂလိပ်စကားပြောနှင့် အင်္ဂလိပ်သဒ္ဒါကို "နားနားနေနေ" တစ်ပတ်လျှင် နှစ်ရက် သင်ကြားပို့ချလျက်ရှိသည်။ စာအုပ်များကိုလည်း "နားနားနေနေ" ပင် ရေးသားပြုစုလျက်ရှိသည်။

ကျွန်တော်၏ "လက်တွေ့အင်္ဂလိပ်သဒ္ဒါ" စာအုပ်သည် ပထမအကြိမ်ထုတ်ဝေပြီး မကြာမီအတွင်း၌ပင် ကုန်သွားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြန်လည် ပုံနှိပ်ထုတ်ဝေခြင်း မပြုနိုင်ခဲ့။ ယခုမှပင် လိုအပ်သလို တည်းဖြတ်ပြင်ဆင်၍ ဒုတိယအကြိမ် ထုတ်ဝေနိုင်ပါတော့သည်။

ဤစာအုပ်ကို မျှော်လင့်စောင့်စားလျက် ရှိကြကုန်သော ကျွန်တော်၏ စာဖတ်ပရိသတ်များ၊ အင်္ဂလိပ်စာ လေ့လာလိုက်စားသူများအနေနှင့် နှစ်ထောင်းအားရ ဖြစ်ကြလိမ့်မည်ဟု ရိုးသားစွာ ယုံကြည်မိပါသည်။

လက်တွေ့အင်္ဂလိပ်သဒ္ဒါစာအုပ်ကို ခေတ်အမီဆုံးဖြစ်အောင် ဒုတိယအကြိမ်အဖြစ် ပြန်လည်တည်းဖြတ်ပြင်ဆင်မွမ်းမံတိုးချဲ့ ဖြည့်စွက်ရေးသားထုတ်ဝေရာ၌ အဘက်ဘက်မှ မနားမနေပံ့ပိုးကူညီသည့် သမီးကောင်းကဲ့သို့ဖြစ်သော ချစ်ဇနီး ဒေါ်ငွေမြင့်ထွန်းကြိုင်အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

mgyoe.com

စိုးမြိုင်

mgyoe.com

ပထမအကြိမ် ထုတ်ဝေခြင်းအတွက်

# စာရေးသူ၏ အမှာစာ

ကျွန်တော်သည် ဤ အင်္ဂလိပ်သဒ္ဒါ စာအုပ်အတွက် 'အမှာ' ရှည်ရှည်ရေးရန် ရည်ရွယ်ချက် မရှိပါ။

ကျွန်တော်၏ ထွက်ခဲ့ပြီးဖြစ်သော 'အနှစ်ချုပ် အင်္ဂလိပ်သဒ္ဒါ' **(Essential English Grammar)** 'ဝိဘတ်နှင့်တွဲသောအင်္ဂလိပ်စာအသုံးအနှုန်းများ' **(A Glossary of English Phrases with Prepositions)**၊ "အမြဲတေ အင်္ဂလိပ် အီဒီယံများ" **(Essential English Idioms)** များ စသည့် အင်္ဂလိပ်စာ ပညာပေးစာအုပ်များတွင် 'အမှာများ'၊ အင်္ဂလိပ်စာပေနှင့် ပတ်သက်၍ ကျွန်တော်၏ သဘောထား ခံယူချက် များကို အကျယ်တဝင့် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ စာဖတ်သူများလည်း သိပြီး၊ ပတ်ပြီးဖြစ်ဖွယ် ရှိပါသည်။

ထို့ကြောင့် မပြောမပြီးသည့်အချက် အနည်းငယ်လောက်ကိုသာ တိုတိုနှင့်လိုရင်း ပြောလိုပါသည်။ ယင်းတို့မှာ–

(၁) ဤ သဒ္ဒါစာအုပ်သည် ယခုလက်ရှိ အင်္ဂလိပ်စာ သင်ကြားရေးစနစ်နှင့် အံဝင်ခွင်ကျ ဖြစ်ပြီး အထောက်အကူ ပြုနိုင်သည့်အပြင် ဖောင်းပွလွန်းခြင်း၊ တိုလွန်း ကျဉ်းလွန်းခြင်း မရှိဘဲ အလောတော်ဖြစ်ခြင်း၊

(၂) အဆင့် အမျိုးမျိုးသော စာသင်သားများ၊ ကျောင်းသူကျောင်းသားများ၊ အင်္ဂလိပ်စာ လေ့လာသူများ၏ လိုအပ်ချက်နှင့် ကိုက်ညီခြင်း၊ ယင်းတို့၏ အင်္ဂလိပ်စာ အဆင့်အတန်း တိုးတက်မြင့်မားလာရေးကို ကူညီပံ့ပိုးနိုင်ခြင်းဟူသော ဝိသေသလက္ခဏာများ ဤစာအုပ်တွင် ပါရှိကြောင်းကို မာတိကာကို ဖတ်ရှုလေ့လာ ကြည့်လိုက်ရုံမျှဖြင့် အလွယ်တကူ သဘောပေါက်နိုင်ပါသည်။

တပည့်ထောင်ပေါင်းများစွာကို နှစ်ပေါင်းများစွာ ဆက်တိုက်အင်္ဂလိပ်စာ သင်ကြားပို့ချပေးခဲ့သော သင်ကြားပို့ချမှုပိုင်းဆိုင်ရာ "အင်္ဂလိပ်စာသင်သမား" တစ်ဦး၏ အတွေ့အကြုံကိုလည်းကောင်း၊ စာအုပ်ပေါင်း အမြောက်အမြားကို ခြေခြေမြစ်မြစ် မြန်မာပြန်ဆိုရေးသား ထုတ်ဝေခဲ့ပြီးဖြစ်သည့် ဘာသာပြန်ဆို

mgyoe.com

mgyoe.com

ရေးသားမှုပိုင်းဆိုင်ရာ စာရေးဆရာ အတတ်ပညာ (ဝါ) မိမိနားလည် သဘောပေါက်ခံစားရသလို သူတစ်ပါး နားလည် သဘောပေါက်ခံစားနိုင်လောက်အောင် ရေးသားရှင်းပြတတ်သည့် အစွမ်းသတ္တိကိုလည်းကောင်း အားကိုးအားထားပြုပြီး အစွမ်းကုန် ဖြစ်နိုင်သမျှ အကောင်းဆုံးဖြစ်အောင် အပတ်တကုတ် ကြိုးပမ်းအားထုတ် ထားပါသည်။

မည်သို့ပင်ဖြစ်စေ လူသားတို့၏ မှားတတ်သည့် သဘာဝအတိုင်း ချွတ်ချော်တိမ်းစောင်းမှုကလေး များ အနည်းနှင့်အများ ရှိကောင်းရှိမည်ဖြစ်ရာ၊ အကယ်၍ တွေ့ရှိပါလျှင် စာဖတ်သူများက ထောက်ညွှန် ပြသပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများအပါအဝင် နိုင်ငံတော်သူနိုင်ငံတော်သား၊ ကျောင်းသူကျောင်းသား တို့၏ အင်္ဂလိပ်စာ အဆင့်အတန်း တိုးတက်မြင့်မားရေးကို ရေရှည်စီမံကိန်းများ ချမှတ်၍ အပြင်းအထန် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်ဖြစ်ရာ ယင်းလှုပ်ရှားမှု၌ ဤစာအုပ်က အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ထောက်ကူသမှု ပြုနိုင်မည်ဆိုလျှင် စာရေးသူအနေဖြင့် ကြိုးစားရေးသား ပြုစုရကျိုး နပ်ပြီဟူ၍ မှတ်ယူရမည် ဖြစ်ပါသည်။

စိုးမြင့်

mgyoe.com

## မှီငြမ်းကိုးကားသော စာအုပ်စာရင်း

mgyoe.com


- A Practical English Grammar *
  A.J. Thomson and A.V. Martinet

- English Sentence Structure
  T.C. Jupp and John Milne

- A Guide to Patterns and Usage in English
  A.S. Hornby

- A Higher English Grammar
  L. Tipping

- Practical English Usage
  P.S. Tregidgo

- Brighter Grammar I to IV
  Eckersley and Macaulay

- High School English Grammar and Composition
  Wren and Martin

- A Glossary of Phrases with Prepositions
  Thomas Lee Cromwell

- A Concise Dictionary of English Idioms
  William Freeman

- Oxford Practice Grammar
  John Eastwood

- English Grammar in Use
  Raymond Murphy

- The Heinemann English Grammar


မှတ်ချက်။ ။ ကြယ်ပွင့် ပြထားသော စာအုပ်ထဲမှ အဓိက ထုတ်ယူကိုးကား၍ ဖော်ပြပါ၊ အခြား စာအုပ်များကို မှီငြမ်း ညှိနှိုင်းပါသည်။

mgyoe.com

mgyoe.com

mgyoe.com

mgyoe ပညာဗဟုသုတလိုလားသူများအတွက် နှစ်ပေါင်းများစွာမှစ၍ စာရေးသူ၏ အင်္ဂလိပ်စာသင်တန်းများ၌ သင်ကြားပို့ချလျက်ရှိသော အင်္ဂလိပ် သဒ္ဒါပိုင်းဆိုင်ရာ ဆောင်ပုဒ်ကဗျာ တချို့ကို ဖော်ပြလိုက်ပါသည်။

## Uses of "A/An"

၁။ "an" နှင့် "အ" သံ၊ ကျန်တာ "a" ဖြစ်
၂။ "တစ်" "နှစ်" မဟူ၊ မသိသူညွှန်း
၃။ မှတ်ယူမျိုးလုံး
၄။ တနှုန်းဖြည့်ပုဒ်
၅။ အသုံးပုံသေ
၆။ ရေတွက် "ပမာ"
၇။ ပြတာ "ဈေးသုံး"
၈။ "မြန်နှုန်း" ဖော်လင့်
၉။ Few နှင့် "တစ်" ဆောင်း
၁၀။ "အံ့သြ" ကြောင်းပြ
၁၁။ မသိလူမည်၊ သုံးကြသည်တည့်။

ရှင်းချက် ။ ။ မသိနာမ်ညွှန်း စကားလုံးများဖြစ်သော Indefinite Article A နှင့် An ၏ သုံးပုံကို အတိုမှတ်သား ကျက်မှတ်နည်းဖြစ်သည်။ ဆိုလိုသည်မှာ (၁) "အ" သံမှန်သမျှ၏ရှေ့တွင် "an"/"အ" သံမဟုတ်ရင် "a"။ (၂) တစ်ခု၊ နှစ်ခု စသော ဂဏန်းအရေအတွက်ကို ဦးစားပေး ဖော်ပြလိုခြင်းမဟုတ်။ မသိသောလူ၊ မသိသောအရာဟု ပြောလိုခြင်း။ (၃) အမျိုးအစားတစ်ခုလုံးကို ဖော်ပြခြင်း။ (၄) ဝါကျ၏ အဖြည့်ပုဒ် (Complement) မှာ သုံးခြင်း။ (၅) a dozen of ...., a couple of ... စသည့် ပုံသေအသုံးအနှုန်းများမှာ သုံးခြင်း။ (၆) a great many ...., a great deal of ...., a lot of .... စသည့် အရေအတွက်နှင့် ပမာဏပြမှာသုံးခြင်း (၇) K 5000/ a viss ...., K 3000/ a pound ...., K 8000/ a yard စသည့် ဈေးရောင်းဝယ်ရာ၌သုံးခြင်း။ (၈) Sixty miles an hour .... စသည့် အမြန်နှုန်းပြရာ၌သုံးခြင်း။ (၉) a few စသည်ဖြင့် အရေအတွက် ပြရာမှာသုံးခြင်း။ (၁၀) [What a hot day!] စသည့် အာမေဍိတ်ဝါကျများတွင်သုံးခြင်း။ (၁၁) a Mr Smit မစ္စတာစမစ်ဆိုသော လူတစ်ယောက်မှာ သုံးခြင်း။

## Uses of "The"

၁။ တစ်ခုတည်းရှိ၊ ယူရှိသည့်ပြင်
၂။ တည်ရှိသိသာ
၃။ ဝိစူပါနှင့်
၄။ ကော၊ ဒု၊ ပ၊ နာမ်ဝိသလေ
၅။ မြစ်မ၊ တောင်စဉ်၊ သမုဒ်ပင်တို့
၆။ မည်တွင်များပြည်၊ ကွန်ဆူပြည်နှင့်
၇။ ဂီတာ၊ ပုလွေ၊ တီးမှုတ်လေဘိ
၈။ ထူးထွေစားပွဲ၊ နောက်ဆက်တွဲသည်
၉။ အမည်ဝိသေ၊ နာမ်ရှေ့နေ၍
၁၀။ အရေ (ရည်)အချင်း၊ နှိုင်းယှဉ်ခြင်းတည့်။

ရှင်းချက် ။ ။ ရှေ့တွင် "the" ထည့်ရသော နာမ်များမှာ (၁) တစ်ခုတည်းရှိသော နာမ်များနှင့် တစ်ခုတည်းရှိသည်ဟု ယူဆရသောနာမ်များ။ (၂) တည်နေရာအရ သိသာထင်ရှားသောနာမ်များ။ (၃) Adjective Superlatives များ။ (၄) အမျိုးအစားတစ်ခုလုံးကို ကိုယ်စားပြုသောနာမ် အနည်းကိန်း (ကေဝုစ်ကိန်း)နှင့် ပထမ (the first)၊ ဒုတိယ (the second) စသည်များ၊ အမျိုးအစားတစ်ခုလုံးကို ညွှန်းဆိုသော နာမဝိသေသနများ (the rich, the poor) (၅) မြစ်၊ တောင်တန်း၊ သမုဒ္ဒရာ၊ ပင်လယ်များ၊ (၆) "S"ပါရှိပြီး အများကိန်းကဲ့သို့ ဖြစ်နေသော တိုင်းပြည်များနှင့် Congo, Sudan စသည်တို့ (၇) Guitar, Flute စသည့် တူရိယာပစ္စည်းများ၊ (၈) အထူးစားသောက်ပွဲများ dinner စသည်ကို ရှေ့က နာမဝိသေသနဖြင့် ဖြစ်စေ၊ နောက်က "စကားစု"ဖြင့်ဖြစ်စေ၊ အထူးပြုထားလျှင် the ထည့်သည်။ အိမ်မှာ စားရိုးစားစဉ်သာမန် dinner ဆိုက the မထည့်ရ။ (၉) တိုင်းပြည်မြို့ရွာ အမည်ပင်ဖြစ်စေ၊ နာမဝိသေသန အဖြစ်သုံးထားလျှင် the ထည့် (The Myanmar Times)။ (၁၀) နာမ်တစ်ခုကို အခြားနာမ်တစ်ခုနှင့် အရည်အချင်းနှိုင်းယှဉ် (U Ponnya was the Shakespeare of Myanmar.)

mgyoe.com

mgyoe.com

## Without "The"

ရွာ၊ မြို့၊ ပြည်နှင့် အမည်ကိုယ်ပိုင်၊ ပိုင်ဆိုင်နာမ်စား၊ အများအားလုံး၊ Home ကျောင်း၊ ရုံဆေး၊ ဈေးထောင်အလုပ်၊ သရုပ်နှစ်သွယ်၊ ရေပင်လယ်တည့်

ရှင်းချက် ။ ။ "the" မထည့်ရသည်မှာ ရွာ၊ မြို့၊ ပြည်တို့၏ အမည်များနှင့် ကိုယ်ပိုင်အမည်အားလုံး၊ ပိုင်ဆိုင်မှုပြ နာမဝိသေသနအပြင်၊ home, school, hospital, market, prison, work စသည်တို့ဖြစ်သည်။ at sea သင်္ဘောတစ်စင်းထဲ၌ ရှိသည်။ သင်္ဘောသား သို့မဟုတ် ခရီးသည် ဖြစ်နိုင်သည်။

## The ကို "သုံး"၊ "မသုံး"

၁။ အများအားလုံး The မသုံး၊ တန္တန်းပြည့်ပုဒ်မှာ

၂။ များတော့များတယ်၊ အချို့မယ်၊ သုံးကွယ် The ကိုသာ။

ရှင်းချက် ။ ။ အများအားလုံးကို ရည်ညွှန်းတဲ့အခါမှာ The ကို မသုံးပါ။ Dogs are faithful. အဖြည့်ပုဒ် အများကိန်းကို သုံးတဲ့အခါမှာလည်း "The"ကို မသုံးပါ။ We are teachers. They are workers. များတော့များတယ် ဒါပေမယ့် တစ်မျိုးလုံး မဟုတ်တဲ့အခါ ကန့်သတ်ထားတဲ့အများကိန်းဖြစ်တဲ့အခါကြရင် "The" ကို သုံးပါသည်။

1. The monkeys in the zoo are thin.

2. The dogs are biting on the road.

## RELATIVE PRONOUNS

### အသုံးပြုပုံများ

၁။ လူ subject who နဲ့ that

၂။ object မှာ whom လည်းပါ။

၃။ တိ၊ ရာ၊ က၊ ကံ၊ သုံးပြန် which, that

၄။ object ဆိုရင် ဝှက်

၅။ almens နောက်မှာ that

၆။ ဝိဘတ်နဲ့ which တဖြစ် whom လာ။

၇။ What မှာ နာမ်မဲ့

၈။ ဆက်တဲ့ which ပင်

၉။ ပိုင်ရင် whose နဲ့၊ သက်မဲ့ noun ထပ် of နဲ့ညှပ်တည်း

၁၀။ where, when, why, How ထပ် Relative adverbs.

ရှင်းချက် ။ ။ (၁) လူ subject ဖြစ်ရင် Relative Pronoun who နဲ့ that ကိုသုံး။ (၂) Subject မဟုတ်ဘဲ Object ဖြစ်ရင် who, that အပြင် whom ပါသုံး၊ (၃) တိရစ္ဆာန်၊ အရာဝတ္ထုဖြစ်ရင် ကတ္တား (subject) ရော ကံပုဒ် (object) အဖြစ်ပါ which, that သုံး။ (၄) ကံပုဒ် (object) ဖြစ်ရင်ဖျောက်နိုင်။ (၅) all, little, much, everything, none အပြင်နဲ့ no ဖြင့် ရှေ့ဆက်ထားသော စကားလုံးများ၊ Superlatives များရဲ့ နောက်တွင်ဖြစ်ပါက that ကိုသာသုံး။ (၆) ဝိဘတ်ရဲ့ နောက်မှာ which (သက်မဲ့၊ တိရစ္ဆာန်အတွက်)နဲ့ whom (လူအတွက်) တို့သာသုံး။ (၇) What ကို R.P အဖြစ် သုံးရင် ရှေ့တွင် နာမ်မရှိရ။ (၈) R.P which ကို ရှေ့မှာကပ်ပြီး ရှိနေတဲ့ နာမ်ရဲ့အစားမဟုတ်ဘဲ စကားဆက်အဖြစ် လဲသုံးနိုင်။ (၉) လူအတွက် ပိုင်ဆိုင်မှုကို whose နဲ့၊ သက်မဲ့ရဲ့ ပိုင်ဆိုင်မှုကို noun နဲ့ R.P ရဲ့ကြားမှာ of ထည့်ပြီး Noun + of which ကို သုံးနိုင်။ (R.P = Relative Pronoun)

## PARTICIPLE အသုံး

၁။ ပါတိစီပယ်လ်၊ သုံးနှုန်းကြွယ်၊ မှတ်ဖွယ် "ပိ" လေးလုံး။

၂။ ပြိုင်တူဖြစ်ပွား၊ ရှေ့နောက်ထား၊ ကတ္တားတစ်ခုသုံး။

၃။ အလျင်ဖြစ်ရာ ရှေ့ကလာ၊ နောက်မှာ "ဒု"နဲ့ဆုံး။

၄။ "မြင်၊ ကြား" ပုဒ်နောက်၊ "နာမ်စု" ရောက်၊ ပေါက်မြောက်ရေးသီကုံး။

၅။ "ဘိ" နဲ့ "လှုပ်ရှား"၊ ကြိယာများ၊ နှစ်ပါးအကုန်လုံး။

၆။ ကတ္တားမတူ၊ နှစ်မျိုးမူ ဉာဏ်ကူပြောင်းပြန်သုံး။

၇။ ဝိဘတ်များစွက်၊ ရေးနည်းဖက်၊ နှစ်သက်သုံးပါအုံး။

၈။ အချိန်ကွာဟ၊ စိုးစဉ်းမျှ၊ သုံးပါ့ဆက်လက်တုန်း။

၉။ အချိန်ကွာဟ၊ ကြီးမားမှု တစ်ဝပြီးမြောက်သုံး။

["ပါ - ပြိုင် - လျှင် - မြင် - ဘိ - ကတ် - ဝိ၊ အ - အ" လပါရှိ ]

mgyoe.com

mgyoe.com

## "P" လေးလုံး

ရှင်းချက်

1. (a) Present Participle (b) Past Participle

(c) Perfect Participle — Active / Passive

2. He sits on the chair. He teaches English.
Sitting on the chair, he teaches English.
He teaches English sitting on the chair.

3. She opened her book. She read it.
Opening her book, she read it.
He was hit by his father. He began to cry. He hits by his father, he began to cry.
She went out. She slamed the door.
She went out, slamming the door.
The car fell down into the river.
It killed some of passengers.
The car fell down into the river, killing some of passengers.

4. I see. The cows are eating the seed of rice. I am very delighted.
Seeing that the cows are eating the seed of rice, I am very delighted.
I hear. The birds are singing. I am very pleased.
Hearing that the birds are singing, I am very pleased.

5. He is rich. He lives in a grand house.
Being rich, he lives in a grand house.
He is lazy all his life. He is very poor.
Being lazy all his life, he is very poor.
She had a lof of money. She bought a car last week.
Having a lof of money, she bought a car last week.
He has a lot of knowledge. He writes an excellent essay.
Having a lot of knowledge, he writes an excellent essay.

၆. The tree is very high. I cannot climb it up.
The tree being very high, I cannot climb it up.
The English book is very difficult. Nyi Nyi cannot understand it.
The English book being very difficult, Nyi Nyi cannot understand it.
The book is being written by Sayagyi U Soe Myine. I like it.
The book being written by Sayagyi U Soe Myine, I like it.
The sun have risen. The moon disappeared.
The sun having risen, the moon disappeared.
Sayagyi U Soe Myine has a good knowledge. The students pay their respects to him.
Sayagyi U Soe Myine having a good knowledge, the students pay their respects to him.

7. After eating my breakfast, I went to the office.
Without taking my umbrella, I go to school.
Before going to bed, I pay homage to the Buddha.
On getting to the station at 9 pm, we feel hungry.
In writing a good essay, you must be carefull to chose the beautiful words.
In taking meditation in a silent place, you have to keep your mind.

8. Taking off my hat, I went into my house.
Taking off my slippers, I went into the compound of Moekaung Pagoda.

mgyoe.com

Opening my book, I begin to read.
Putting on my reading glasses, I`begin to read the newspaper.

9. Having graduated from Yangon University, he got a good job.
Having eaten his dinner at 6 pm, he writes a letter at 7 pm.
Having been a big fish in a small pond, he doesn't want to be a small fish in a big pond.
Having been killed by Saw Tha Htoo, the tiger was dead and gone.
Having been built by the skillful engineer, the house is very beautiful and splendid.

## Noun Clause

မျက်စိကမြင်၊ နားတွင်ကြားနာ၊ နှာမှာနံ့ရ၊ နုတ်ကဆိုပြော၊ မနောတွေးထင်

1. I see that they are playing football.
2. I hear that he is playing the guitar.
3. I small that she is frying the fish.
4. I said that she was born in Mandalay.
5. I think that he lives in Yangon.

## Places of Adverbs

1. Verb object နောက်ကလာ၊ manner နဲ့နေရာ။
2. အချိန်ပြတဲ့ soon, then, now ရှေ့၊ နောက်၊ အလယ်၊ ပြောင်း။
3. Yet ရဲ့နေရာ၊ အဆုံးမှာ still, F verb ရှေ့လာ။
4. Verb Be ဆိုသူတို့နောက်၊ still, F ကို လူကြောက်။
5. Frequency ကို နောက်မှာထား၊ ပထမကူစကား။
6. almost, already, too, quite, just, frequency လိုမှတ်။
7. Adverb ကို ထိပ်မှာတင်၊ တစ်ကြောင်းလုံးကို အထူးပြုခြင်။

## Direet and Indirect

တစ်၊ နှစ် that နဲ့ပစ်၊ သုံး၊ လေး if နဲ့ရေး၊ w/h အမေးသူနဲ့တွေး၊ အမိန့်ပေးလို့တောင်းပန်လျှင် to + $v_1^0$ မှတ်ရန်အစဉ်၊ အာမေဍိတ်တွင် အဆက်ပုဒ်၊ တစ်၊ နှစ် ကဲ့သို့ that နဲ့ချုပ်၊ တဆင့်ပြောစကားအဆက်ပုဒ် မှတ်ပါ သူ့အလုပ်။ present, future R.V အား နောက်ပါးစုံကာလ၊ R.V past လာ R.S မှာ ပြောင်းပါ တိတ်ကာလ။ အတိတ်ကာလ ရှစ်မျိုးသာပြောင်းပါဝေးကာလ။ အဟုတ် said to - told ကို ပြောင်းလို့၊ အမေး said မှာ asked သုံးပါ။ တောင်းပန် Request အမိန့်ပေးလို့ order, command သတိထားပါ။ အာမေဍိတ်မှာ exclaim နှင့် R.V အပိုင်းမှတ်သားပါ။ This - That, These - Those အတွဲမှတ်လို့ Here, There ပြောင်းစို့ကွယ်။ Now - Then အပြင် Thus - So မှတ်လို့ Ago - Before ပြောင်းရမယ်။ Today ကိုသာ That day ပြောင်းလို့ Yesterday (last) မှာ Previous ကွယ်။ Tomorrow မှာ The next day နှင့် The following ကို အကြိုက် ရွေးချယ်။ The day before yesterday က twodays before မှတ်စေကွယ်။ The day after tomorrow က In two days, time မှတ်စေကွယ်။ တဆင့်ပြောမှာ ပုံသေပြောင်းတဲ့ စကားလုံးပေါင်း မှတ်စေကွယ်။

စိုးမြိုင်

ဆု အင်္ဂလိပ်စကားပြောသင်တန်း

အမှတ်(၂)သစ္စာရိပ်သာလမ်း။
သံလမ်းဘတ်(စ်)ကားမှတ်တိုင်၊ ရန်ကင်း။

mgyoe.com

# Chapter 1

## ARTICLES နာမ်ညွှန်း စကားလုံးများ

### The Indefinite Article
### မသိနာမ်ညွှန်း စကားလုံး

1. **Form - သဏ္ဌာန်**

The Indefinite article ဆိုတာ a သို့မဟုတ် an သဏ္ဌာန်ကိုခေါ်တာ။ a ကို consonant (ဗျည်း) နဲ့စတဲ့ စကားလုံးရဲ့ ရှေ့မှာဖြစ်စေ၊ vowel (သရ) နဲ့ စပေမယ့် consonant သံထွက်တဲ့ စကားလုံးများရဲ့ ရှေ့မှာဖြစ်စေသုံးတယ်။

a man — a table
a university — a useful thing

an သဏ္ဌာန်ကိုတော့ သရများဖြစ်ကြတဲ့ a, e, i, o, u နဲ့ စတဲ့ (သရသံလဲထွက်တဲ့) စကားလုံးများရဲ့ ရှေ့မှာရော h နဲ့ စပေမယ့် h သံမထွက်တဲ့ စကားများရဲ့ ရှေ့မှာပါသုံးတယ်။

an hour — an honourable man — an egg
an elephant — an apple

Gender (လိင်) အားလုံးကို a, an နဲ့ အထူးပြုနိုင်တယ်။ ဆိုလိုချင်တာက အထီးကိုလဲ အထူးပြုတယ်။ အမကိုလဲ အထူးပြုတယ်။

a man — a woman
an actor — an actress

2. **Indefinite Article** ဖြစ်တဲ့ **a** သို့မဟုတ် **an** ကိုအောက်ပါအတိုင်း အသုံးပြုတယ်။

a. အရေအတွက်အားဖြင့် အများအပြား ရှိနိုင်တဲ့၊ ရေတွက်လို့ရတဲ့ နာမ်ကေဝုစ်ကိန်း တစ်ခုကို ပထမဆုံး အကြိမ်အဖြစ် မထင်မရှား မတိမကျ မသိသေးတဲ့အနေနဲ့ ဖော်ပြလိုတဲ့အခါမှာသုံးတယ်။

A dog is an animal.
ခွေးတစ်ကောင်သည် တိရစ္ဆာန်တစ်မျိုးဖြစ်သည်။

I see a man.
ကျွန်ုပ် လူတစ်ယောက်ကို မြင်သည်။

A house has a roof.
အိမ်တစ်အိမ်၌ ခေါင်မိုးတစ်ခုရှိသည်။

A cat can catch a mouse.
ကြောင်တစ်ကောင်သည် ကြွက်တစ်ကောင်ကို ဖမ်းနိုင်သည်။

ဒီဝါကျတွေထဲမှာ ခွေးတစ်ကောင်၊ တိရစ္ဆာန်တစ်ကောင်၊ အိမ်တစ်အိမ်၊ ခေါင်မိုးတစ်ခု၊ ကြောင်တစ်ကောင်၊ ကြွက်တစ်ကောင်... စသည်ဖြင့် သာမန်အားဖြင့်သာ ဖော်ပြတယ်။ သတ်မှတ်ထားတဲ့၊ သိပြီးသားဖြစ်တဲ့ ခွေး၊ လူ၊ အိမ် ဆိုတဲ့ သဘောမျိုး မဟုတ်ဘူး။

b. အမျိုးအစား တစ်ခုလုံးကို စံပြအဖြစ် ကိုယ်စားပြုဖော်ပြတဲ့၊ ရေတွက်လို့ရတဲ့ နာမ်ကေဝုစ်ကိန်းရဲ့ ရှေ့မှာသုံးတယ်။

A cow has horns.
နွားတစ်ကောင်မှာ ဦးချိုများရှိသည်။

An elephant never forgets.
ဆင်တစ်ကောင်သည် ဘယ်တော့မှ မမေ့။

A palm tree is usually very tall.
အုန်း/ထန်းပင် တစ်ပင်သည် မြင့်မားလေ့ရှိသည်။

နွားတစ်ကောင်မှာ ချိုများရှိသည်ဆိုတာဟာ နွားအားလုံးမှာ ချိုများ ရှိကြသည်ဆိုတာနဲ့ အဓိပ္ပာယ် အတူတူပဲ။

c. နာမ်အဖြည့်ပုဒ် (noun complement) တစ်ခုနဲ့ တွဲသုံးနိုင်တယ်။ ဒီလိုသုံးရာမှာ အောက်ပါအတိုင်း အသက်မွေးဝမ်းကျောင်း လုပ်ငန်းပိုင်းဆိုင်ရာ အမည်နာမတွေ အပါအဝင်ဖြစ်တယ်။

He is a doctor.
သူသည် ဆရာဝန်တစ်ယောက်ဖြစ်သည်။

She is a teacher.
သူမသည် ကျောင်းဆရာမတစ်ယောက်ဖြစ်သည်။

He became a great man.
သူသည် ကြီးမြတ်သောပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့သည်။

She is a good girl.
သူမသည် ကောင်းသောမိန်းကလေးတစ်ယောက်ဖြစ်သည်။

d. အရေအတွက်ကို ဖော်ပြတဲ့ ပုံသေအသုံးအနှုန်းများရဲ့ ရှေ့မှာသုံးတယ်။

| | | |
|---|---|---|
| a couple<br>နှစ်ခု | a dozen<br>တစ်ဒါဇင် | half a dozen<br>ဒါဇင်ဝက် |
| a score<br>အခုနှစ်ဆယ် | a gross<br>တစ်ဂရုတ် (၁၄၄ ခု) | a hundred<br>တစ်ရာ |
| a thousand<br>တစ်ထောင် | a million<br>တစ်သန်း | a lot of<br>များစွာသော |

a great many of
(ရေတွက်လို့ရသည်)
များစွာသော

a great deal of
(ရေတွက်လို့မရသည်)
များစွာသော

e. ဈေးနှုန်းများ၊ အမြန်နှုန်းများ၊ အချိုး (ratio) များ ... စသည်တို့ကို ဖော်ပြရာမှာ သုံးတယ်။

six pence a pound
တစ်ပေါင်ကို ခြောက်ပဲနီ

a shilling a dozen
တစ်ဒါဇင်ကို တစ်သျှီလင်

sixty miles an hour
တစ်နာရီ မိုင် ၆၀

four times a day
တစ်နေ့ လေးကြိမ်

ten shillings a yard
တစ်ကိုက် ဆယ်သျှီလင်

mgyoe.com

mgyoe.com

**f. few, little တို့နဲ့ တွဲသုံးတယ်။**

a few = ရေတွက်လို့ရတဲ့နာမ် အနည်းငယ် သို့မဟုတ် ပြောကြားသူက နည်းသည်ဟုယူဆတဲ့ အရေအတွက်

a little = ရေတွက်လို့မရတဲ့နာမ် အနည်းငယ် သို့မဟုတ် ပြောကြားသူအနေနဲ့ နည်းတယ်လို့ယူဆတဲ့ ပမာဏ

ဒါကြောင့်မို့လို့ a little time အချိန်အနည်းငယ်ဆိုတာ နေ့ပေါင်းများစွာ ဖြစ်နိုင်သလို နှစ်ပေါင်းများစွာလဲ ဖြစ်နိုင်တယ်။ ပြောကြားသူရဲ့ ခံယူမှုအပေါ်မှာတည်တယ်။

မှတ်ချက် ။ ။ a နဲ့ one တို့ဟာ တစ်ခုချင်း အတူတူပဲဖြစ်ပြီး နေရာတကာမှာ အလဲအလှယ်လုပ်ပြီး သုံးနိုင်တယ်လို့ မမှတ်ယူသင့်။ ယင်းနှစ်ခု၏ ခြားနားချက်ကို (Section 25) တွင်ရှု။

only a few / only a little အသုံးအနှုန်းကတော့ အရေအတွက် သို့မဟုတ် ပမာဏဟာ (ပြောကြားသူရဲ့ အယူအဆအရ) တကယ့်ကို နည်းတယ်လို့ ဆိုလိုချင်တဲ့သဘော ဖြစ်တယ်။

few နဲ့ little ကို a, the မပါဘဲနဲ့လဲ သုံးနိုင်တယ်။ ဒီအခါမှာ မ – မဟုတ်အဓိပ္ပာယ် (negative meaning) နီးပါး ဖြစ်တယ်။ ယင်းတို့ကို hardly any မရှိသလောက်နီးပါး ဆိုတဲ့ အသုံးအနှုန်းနဲ့ အစားထိုးနိုင်တယ်။

We had little time for amusement.
(We had hardly any time for amusement.)
ကျွန်ုပ်တို့မှာ ပျော်ရွှင်မှုအတွက် အချိန် မရှိသလောက်ဖြစ်သည်။

We were always busy.
ကျွန်ုပ်တို့သည် အမြဲ အလုပ်များခဲ့ကြသည်။

အထက်ပါ ဝါကျနှစ်ကြောင်းရဲ့ ဆိုလိုချက်ချင်းဟာ အတူတူပါပဲ။

Few people know this = It is almost unknown.
ဤအကြောင်းကို သိသောသူ မရှိသလောက် ဖြစ်သည်ဆိုတာနဲ့ ဤအကြောင်းသည် လူမသိသေးသလောက် ဖြစ်သည်ဆိုတာ အဓိပ္ပာယ် အတူတူပါပဲ။

**g.** အာမေဋိတ် ဝါကျများထဲမှာ ပါဝင်တဲ့ ရေတွက်လို့ရတဲ့ နာမ် ကေဝုစ်ကိန်းများရဲ့ ရှေ့မှာသုံးတယ်။

| | |
|---|---|
| What a hot day! | What a pretty girl! |
| ဘယ်လောက်ပူတဲ့ နေ့တစ်နေ့လဲ။ | ဘယ်လောက်လှတဲ့ မိန်းကလေး တစ်ယောက်လဲ။ |

ဆိုလိုတာကတော့ သိပ်ပူတယ်။ သိပ်လှတယ်လို့သာ ဖြစ်တယ်။ မေးခွန်းမေးနေတာ မဟုတ်ဘူး။

အောက်ပါအတိုင်း ဗဟုဝုစ်ကိန်းများမှာတော့ article မပါရဘူး။ (Section 3 ရှု။)

| | |
|---|---|
| What pretty girls! | What big dogs! |
| ဘယ်လောက်လှတဲ့ မိန်းကလေးတွေလဲ။ | ဘယ်လောက်ကြီးတဲ့ ခွေးတွေလဲ။ |

**h.** a ကို Mr / Mrs / Miss မိသားစု အမည်ရဲ့ရှေ့မှာ သုံးနိုင်တယ်။

a Mr Smith   a Mrs Smith   a Miss Smith

a Mr Smith ဆိုတာ မစ္စတာစမစ်လို့ ခေါ်သူတစ်ယောက်ရယ်လို့ ပြောလိုရင်းဖြစ်တယ်။ ပြောကြားသူဟာ ထိုသူကို မသိဘူးလို့ အဓိပ္ပာယ်ဆောင်တယ်။

a မထည့်ဘဲနဲ့ Mr Smith လို့ ပြောရင်တော့ ပြောကြားသူအနေနဲ့ မစ္စတာစမစ်ကို သိတယ် သို့မဟုတ် မြင်ဖူးကြားဖူးတယ်လို့ အဓိပ္ပာယ်ရတယ်။

[a, an နဲ့ one တို့ရဲ့ ခြားနားချက်ကို (Section 25) မှာရှု။]

**3. Indefinite article ဖြစ်တဲ့ a သို့မဟုတ် an ကို အောက်ပါတို့နဲ့ တွဲဖက်မသုံးဘူး။**

**a.** ဗဟုဝုစ်ကိန်းနာမ်များရဲ့ ရှေ့မှာ မသုံးဘူး။
indefinite article ဖြစ်တဲ့ a /an မှာ ဗဟုဝုစ်ကိန်းသင်္ကေတ မရှိဘူး။ a dog ရဲ့ ဗဟုဝုစ်ကိန်းဟာ dogs လို့ဖြစ်တယ်။

**b.** ရေတွက်လို့မရတဲ့ နာမ်တွေရဲ့ရှေ့မှာ မသုံးဘူး။

**I.** အင်္ဂလိပ် ဘာသာစကားမှာ အောက်ပါနာမ်တွေကို ကေဝုစ်ကိန်းအဖြစ် ရေတွက်လို့မရတဲ့ နာမ်အဖြစ် သတ်မှတ်တယ်။

| | | |
|---|---|---|
| advice | information | news |
| အကြံပေးချက် | သတင်းပေးချက် | သတင်း |
| baggage | luggage | furniture |
| အထုပ်အပိုး | ဝန်စည်စလယ် | အိမ်ထောင်ပရိဘောဂ |

ဒီနာမ်တွေရဲ့ရှေ့မှာ some, any, a little, a lot of, a piece of စတဲ့ စကားလုံးစကားစုတွေနဲ့ တွဲသုံးလေ့ရှိတယ်။

I'll give you a piece of advice.
ကျွန်ုပ် သင့်ကို အကြံတစ်ခုပေးမယ်။

There isn't any news.
သတင်း တစ်စုံတစ်ရာ မရှိပါ။

You need some more furniture.
သင် အိမ်ထောင်ပရိဘောဂ နောက်ထပ်အချို့ လိုအပ်တယ်။

Knowledge ဗဟုသုတဆိုတဲ့ စကားလုံးကိုလဲ ရေတွက်လို့မရတဲ့ နာမ်အဖြစ် မှတ်ယူတယ်။ ဒါပေမယ့် အဓိပ္ပာယ်တစ်မျိုးနဲ့ ရေးထားတဲ့အခါမှာတော့ article ပါတယ်။

mgyoe.com

A knowledge *of languages* is always useful.
ဘာသာရပ်များဆိုင်ရာ ဗဟုသုတသည် အမြဲအသုံးဝင်သည်။

He has a good knowledge of mathematics.
သူ့မှာ သင်္ချာဗဟုသုတပညာ ကောင်းကောင်းရှိသည်။

လူတစ်ဦးတစ်ယောက်ရဲ့ ဦးခေါင်းထက်မှာရှိတဲ့ ဆံပင်တွေအားလုံးကို ရည်ညွှန်းချင်တဲ့အခါ **hair** ဆိုတဲ့ စကားကို ရေတွက်လို့မရတဲ့ နာမ်အဖြစ် မှတ်ယူတယ်။ ဒါပေမယ့် ဆံပင်တစ်ပင်စီကို သီးခြားပြောလိုတဲ့ အခါမှာတော့ **a hair, two hairs** စသည်ဖြင့် သုံးတယ်။

She has black hair.
သူမ၌ နက်မှောင်သော ဆံပင်ရှိသည်။

The fisherman used a hair to tie the feather to the hook.
တံငါသည်သည် ငါးမျှားချိတ်၌ ငှက်မွေးကို ချည်နှောင်ရန် ဆံပင်တစ်ပင်ကို အသုံးပြုခဲ့သည်။

**II.** Material Nouns ကုန်ကြမ်းပစ္စည်း နာမ်များနဲ့ စားသောက်စရာများဖြစ်တဲ့ glass, wood, iron, stone, paper, cloth, wine, coffee, tea ... စသည်တို့ကို ရေတွက်လို့မရတဲ့ နာမ်အဖြစ် မှတ်ယူတယ်။ ဒါပေမယ့် ဒီနာမ်တွေထဲက များစွာတို့ကို အဓိပ္ပာယ်တစ်မျိုးနဲ့ သုံးနိုင်တယ်။ အဲဒီအခါမှာ **article** ပါလာတယ်။

Windows are made of glass.
ပြတင်းပေါက်များကို မှန်များဖြင့် ပြုလုပ်သည်။

Have a glass of wine.
ဝိုင်အရက် တစ်ဖန်ခွက်လောက် သောက်ပါ။

We write on paper.
ကျွန်ုပ်တို့သည် စက္ကူပေါ်တွင် စာရေးသည်။

I've got a newspaper.
ကျွန်ုပ်သည် သတင်းစာတစ်စောင် ရရှိပြီးပြီ။

Iron is a metal.
သံသည် သတ္တုတစ်မျိုးဖြစ်သည်။

I use an electric iron.
ကျွန်ုပ်သည် လျှပ်စစ်မီးပူတစ်ခုကို အသုံးပြုသည်။

ဘီတစ် (b-1) မှာ ဖော်ပြထားသကဲ့သို့ – some, any, a piece of, a lot of စသည်တို့နဲ့ တွဲပြီးတော့လဲ အသုံးပြုနိုင်တယ်။

Would you like some coffee?
ကော်ဖီအချို့လောက် သုံးဆောင်ပါဦး။

I want a piece of wood.
ကျွန်ုပ်သည် သစ်သား အပိုင်းအစတစ်ခုကို လိုချင်သည်။

**c.** Abstract Nouns စိတ္တဇနာမ်များ ဖြစ်ကြတဲ့ – beauty, happiness, fear, hope, death စသည်တို့ရဲ့ရှေ့မှာ မသုံးဘူး။ ဒါပေမယ့် အဓိပ္ပာယ်တစ်မျိုးနဲ့ ပြောလိုရင် သုံးနိုင်တယ်။

He was pale with fear.
သူသည် ကြောက်ရွံ့မှုဖြင့် ဖြူရော်ခဲ့သည်။

Some children suffer from a fear of the dark.
အချို့သော ကလေးများသည် အမှောင်ကြောင့် ကြောက်ရွံ့မှုတစ်မျိုးကို ခံစားကြရသည်။

**d.** Names of meals နံနက်စာ၊ ညစာ စတဲ့ ပုံမှန် အစားအစာတွေရဲ့ရှေ့မှာ မသုံးဘူး။ ဒါပေမယ့် နာမဝိသေသန ပါလာရင် သုံးတယ်။

We have breakfast at eight.
ကျွန်ုပ်တို့ ရှစ်နာရီ၌ နံနက်စာ စားသည်။

He gave us a good breakfast.
သူသည် ကျွန်ုပ်တို့ကို နံနက်စာ ကောင်းကောင်းတစ်ပွဲ ကျွေးခဲ့သည်။

တစ်စုံတစ်ခုကို အထိမ်းအမှတ်ပြုသော အနေဖြင့်ဖြစ်စေ၊ တစ်စုံတစ်ယောက်ကို ဂုဏ်ပြုဧည့်ခံတဲ့အနေနဲ့ဖြစ်စေ ကျင်းပပြုလုပ်တဲ့ အထူးစားသောက်ပွဲ (special meal) ရဲ့ ရှေ့မှာ article ကို အသုံးပြုတယ်။

I was invited to dinner (at their house, in the ordinary way).
ကျွန်ုပ်ကို ညစာစားဖို့ ဖိတ်ခေါ်ခဲ့သည်။ (သူတို့၏ အိမ်မှာ... သာမန် အနေအထားမျိုး)

I was invited to a dinner given to welcome the new ambassador.
သံအမတ်သစ်ကို ဧည့်ခံကြိုဆိုသည့် ညစာစားပွဲတစ်ရပ်သို့ ကျွန်ုပ်သည် ဖိတ်ကြားခြင်း ခံခဲ့ရသည်။

## The Definite Article

### သိနာမ်ညွှန်း စကားလုံး

Definite Article ဆိုတာ the ကို ခေါ်ခြင်းဖြစ်တယ်။ (ကေဝုစ်ကိန်းအတွက်ရော၊ ဗဟုဝုစ်ကိန်းအတွက်ပါ အသုံးပြုနိုင်ရုံသာမက gender လိင်အားလုံးအတွက်လဲ သုံးနိုင်တယ်။ ဆိုလိုချင်တာကတော့ အထီးကိုဖြစ်စေ၊ အမကိုဖြစ်စေ အထူးပြုနိုင်တယ်။)

| the boy | the boys | the girl | the girls |
| --- | --- | --- | --- |
| လူကလေး | လူကလေးများ | မိန်းကလေး | မိန်းကလေးများ |

mgyoe.com

4. the ကို အသုံးပြုပုံနဲ့ အသုံးမပြုပုံ

a. Definite article, the ကို အောက်ပါအတိုင်း အသုံးပြုတယ်။

I. တစ်ခုတည်းရှိတဲ့ နာမ်များ သို့မဟုတ် တစ်ခုတည်းသာရှိတယ်လို့ ယူဆခြင်းခံရတဲ့ နာမ်များရဲ့ရှေ့မှာသုံးတယ်။

| | | |
|---|---|---|
| the earth | the sea | the sky |
| ကမ္ဘာမြေကြီး | ပင်လယ် | မိုးကောင်းကင် |
| the weather | the north pole | |
| ရာသီဥတု | မြောက်ဝင်ရိုးစွန်း | |

II. ပထမအကြိမ် ဖော်ပြပြီးဖြစ်တဲ့ နာမ်တစ်ခုဟာ ဒုတိယအကြိမ်ဖော်ပြခြင်းခံရတဲ့အခါမှာ သိပြီးသားဖြစ်သွားတယ်။ ဒါကြောင့် အခုလို ဒုတိယအကြိမ်အဖြစ်ဖော်ပြတဲ့ နာမ်ရဲ့ရှေ့မှာသုံးတယ်။
His car struck a tree. You can still see the mark on the tree.
သူ၏ ကားသည် သစ်ပင်တစ်ပင်ကို တိုက်ခဲ့သည်။ သစ်ပင်၌ ကားတိုက်ထားသည့် အရာကို သင် ယခုထက်တိုင်အောင် တွေ့မြင်နိုင်သည်။

III. နောက်မှာအထူးပြုတဲ့ စကားစုတစ်စု ပါရှိနေတဲ့အခါမှာ နာမ်တစ်ခုဟာ တိကျလာတယ်။ အခုလို နာမ်ရဲ့ရှေ့မှာသုံးတယ်။
The boy that I met
ကျွန်ုပ် တွေ့ခဲ့သည့် လူကလေး
The place where I met him
သူ့ကို ကျွန်ုပ် တွေ့ခဲ့သည့်နေရာ
The girl in blue
အပြာဝတ်ထားတဲ့ မိန်းကလေး
The man on the donkey
မြည်းပေါ်က လူ

IV. တည်နေရာသဘောအရ သိသာထင်ရှားနေတဲ့ တခြားတစ်ခုခုနဲ့ မှားနိုင်တဲ့ နာမ်တစ်ခုရဲ့ရှေ့မှာသုံးတယ်။
Ann is in the garden (= the garden of this house.)
အင်သည် ဥယျာဉ်ထဲ၌ရှိသည်။ (= ဒီအိမ်က ဥယျာဉ်)
He sent for the doctor (= his own doctor.)
သူသည် ဆရာဝန်ကို ပင့်ခေါ်ခဲ့သည်။
(= သူခေါ်နေကျ ဆရာဝန်)
Please pass the wine ( = the wine on the table.)
ကျေးဇူးပြုပြီး ဝိုင်အရက် လှမ်းလိုက်စမ်းပါ။
(= စားပွဲပေါ်မှာရှိတဲ့ ဝိုင်)

V. Superlatives တွေနဲ့ first / second စတဲ့ စကားလုံးတွေရဲ့ရှေ့မှာ သုံးတယ်။ ပြီးတော့ နာမဝိသေသန သို့မဟုတ် နာမ်စားအဖြစ် ရပ်တည်တဲ့ only ရဲ့ရှေ့မှာသုံးတယ်။
Mont Blanc is the highest mountain in Europe.
မောင့်ဘလင့် (ခ်) သည် ဥရောပတွင် အမြင့်ဆုံးတောင်ထွဋ်ဖြစ်သည်။
Most people think that Monday is the worst day in the week.
တစ်ပတ်အတွင်း၌ တနင်္လာနေ့သည် အဆိုးဆုံးနေ့ဖြစ်သည်ဟု လူများစုက အယူရှိသည်။

VI. သက်ဆိုင်ရာ အမျိုးအစားတစ်ခုလုံးကို ကိုယ်စားပြုတဲ့ နာမ်ကေဝုစ်ကိန်းတွေရဲ့ရှေ့မှာ သုံးတယ်။
The cuckoo is lazy (= all cuckoos are lazy.)
ဥဩသည် ပျင်းသည်။ (= ဥဩများသည် ပျင်းကြသည်။)

VII. အမျိုးအစားတူ လူတစ်သိုက်လုံးကို ကိုယ်စားပြုတဲ့ နာမဝိသေသနရဲ့ရှေ့မှာ သုံးတယ်။
There is no peace for any but the dead.
ကွယ်လွန်သူများအတွက်မှတစ်ပါး မည်သူ့အတွက်မှ ငြိမ်းချမ်းမှုမရှိ။
The old and the young should be able to live together.
အိုမင်းသူများနှင့် ငယ်ရွယ်နုပျိုသူများသည် အတူတကွ နေထိုင်နိုင်စွမ်း ရှိသင့်ကြ၏။

VIII. ပင်လယ်တွေ၊ မြစ်တွေ၊ တောင်တန်းတွေ၊ ကျွန်းစုတွေရဲ့ အမည်တွေရှေ့မှာနဲ့ ဗဟုဝုစ်ကိန်း အမည်မှည့်ခေါ် ခံယူထားတဲ့ တိုင်းပြည်တွေရဲ့ အမည်များရှေ့မှာသုံးတယ်။

| | | |
|---|---|---|
| the Atlantic Ocean | the Thames | the Alps |
| အတ္တလန်တိတ်သမုဒ္ဒရာ | သိမ်းမြစ် | အယ်လ် (ပ) တောင်တန်း |
| the U.S.A. | the U. S. S. R. | |
| အမေရိကန်ပြည်ထောင်စု | ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ | |
| the Netherlands | the Orkneys | |
| နယ်သာလန်နိုင်ငံ | အုတ်ကနီနယ် သို့မဟုတ် ကျွန်းစု | |

ထို့အပြင် the Congo, the Sudan လို့ ရေးသားရကြောင်းကိုလဲ မှတ်သားထားပါ။

မှတ်ချက်။ ။ U. S. A = United States of America
U. S. S. R = Union of Soviet Socialist Republics စသည်တို့ဟာ အများကိန်း အမည်မှည့်ခေါ် ခံယူထားတဲ့ တိုင်းပြည်များ ဖြစ်ကြတယ်။

mgyoe.com

mgyoe.com

**IX.** တူရိယာ အတီးအမှုတ်ပစ္စည်းများရဲ့ ရှေ့မှာသုံးတယ်။
She learnt to play the flute.
သူမသည် ပလွေမှုတ်နည်းကို သင်ယူခဲ့သည်။

**X.** 3d မှာ ဖော်ပြထားတဲ့ စားသောက်ပွဲ အမျိုးအစားများရဲ့ ရှေ့မှာသုံးတယ်။
The dinner given to celebrate their victory cost 2000 kyats.
သူတို့၏ အောင်ပွဲ အထိမ်းအမှတ်အဖြစ် တည်ခင်းသည့် ညစာစားပွဲသည် ၂၀၀၀ ကျပ် ကုန်ကျခဲ့သည်။

**b. Definite Article, the** ကို အောက်ပါတို့တွင် အသုံးမပြု

**I.** တိုင်းပြည်များ၊ မြို့ရွာများနဲ့ ကိုယ်ပိုင် အမည်များရဲ့ ရှေ့မှာ မသုံးဘူး။
Mr. Jones returned to Wales and bought a house in Swansea.
မစ္စတာဂျုံး (စ်) သည် ဝေလနယ်သို့ ပြန်ခဲ့ပြီး ဆွမ်းဆီးမြို့၌ အိမ်တစ်လုံး ဝယ်ခဲ့သည်။

**Exception** (ခြွင်းချက်)

| | | |
|---|---|---|
| the U. S. A. | the Congo | the Sudan |
| the Netherlands | the U.S. S. R. | the Mall |
| the Strand (in London) | | the High Street |

the Smiths ( = Mr and Mrs Smith and family)
the Jones (Mr and Mrs Jones) စသည့် အမည်များရဲ့ ရှေ့မှာတော့ ထည့်တယ်။
The Mr Smith ဆိုတဲ့ အသုံးအနှုန်းမျိုးကို အောက်ပါဝါကျတွေမှာ သုံးနိုင်တယ်။
I don't want the Mr Smith who works in the accounts office; I want the other one / the other Mr Smith.
ငွေစာရင်းရုံးမှာလုပ်တဲ့ မစ္စတာစမစ်ကို ကျွန်တော် အလိုမရှိပါဘူး။ ကျွန်တော် အလိုရှိတာက တခြား မစ္စတာစမစ်ပါ။

**II.** သီးခြား အဓိပ္ပာယ်တစ်မျိုးနဲ့ သုံးတဲ့အခါမှတစ်ပါး Abstract Nouns စိတ္တဇနာမ်တွေရဲ့ရှေ့မှာ မသုံးဘူး။
Men fear death.
လူများသည် သေခြင်းတရားကို ကြောက်ကြသည်။
The death of the Prime Minister left his party without a leader.
ဝန်ကြီးချုပ် ကွယ်လွန်မှုသည် သူ၏ပါတီကို ခေါင်းဆောင်တစ်ယောက် ကင်းမဲ့သွားစေခဲ့သည်။

**III.** ပိုင်ဆိုင်မှုပြ နာမ်တစ်ခု သို့မဟုတ် ပိုင်ဆိုင်မှုပြ နာမဝိသေသန တစ်ခု၏နောက်၌ အသုံးမပြုဘူး။

the uncle of the boy = the Boy's uncle.
လူကလေး၏ ဦးလေး
the (blue) book is mine = it is my (blue) book.
အပြာရောင် စာအုပ်သည် ကျွန်ုပ်၏ စာအုပ်ဖြစ်သည်။ ထိုဟာသည် ကျွန်ုပ်၏ (အပြာရောင်) စာအုပ်ဖြစ်သည်။

**IV.** နံနက်စာ၊ နေ့လယ်စာ စတဲ့ အမည်များရဲ့ရှေ့မှာ မသုံးရဘူး။ (Section 3.d ရှု။)
The Scots have porridge for breakfast.
စကော့လူမျိုးများသည် နံနက်စာအဖြစ် ဆန်ပြုတ်တစ်မျိုးကို စားသုံးကြသည်။
သို့သော်လည်း အောက်ပါ ဝါကျမျိုးမှာကျတော့ ထည့်တယ်။
The wedding breakfast was held in her father's house.
လက်ထပ်မင်္ဂလာ နံနက်စာစားပွဲကို သူမဖခင်၏အိမ်၌ တည်ခင်းခဲ့သည်။

**V.** ခန္ဓာကိုယ်အစိတ်အပိုင်းများနဲ့ အဝတ်အထည်ရဲ့ အစိတ်အပိုင်းများရဲ့ရှေ့မှာ မသုံးဘူး။ ဘာကြောင့်လဲဆိုရင် ဒီနာမ်တွေရဲ့ရှေ့မှာ မူလသဘောအရ ပိုင်ဆိုင်မှုပြ နာမဝိသေသန ပါလေ့ရှိတယ်။
Raise your right hand.
သင်ရဲ့ ညာဘက်လက်ကို မြှောက်ပါ။
He took off his coat.
သူသည် သူ၏ ကုတ်အင်္ကျီကို ချွတ်ခဲ့သည်။
သို့သော်လည်း အောက်ပါဝါကျမျိုးများကို သတိပြုပါ။
She seized the child's collar.
သူမသည် ကလေး၏ ကော်လာကို ဆုပ်ကိုင်ခဲ့သည်။
I patted his shoulder.
ကျွန်ုပ်သည် သူ၏ပခုံးကို ပုတ်ခဲ့သည်။
The brick hit John's face.
အုတ်ခဲသည် ဂျွန်၏မျက်နှာကို ထိမှန်ခဲ့သည်။
တကယ်တော့ အထက်ပါဝါကျများကို အောက်ပါအတိုင်း ဖော်ပြနိုင်တယ်။
She seized the child **by the** collar.
သူမသည် ကလေးကို ကော်လာမှ ဆုပ်ကိုင်ခဲ့သည်။
I patted him **on the** shoulder.
ကျွန်ုပ်သည် သူ့ကို ပုခုံးပေါ် ပုတ်ခဲ့သည်။
The brick hit John **in the** face.
အုတ်ခဲသည် ဂျွန်ကို မျက်နှာ၌ ထိမှန်ခဲ့သည်။
ယင်းတို့ကို passive sentences (subject က ခံရသည့် ဝါကျများ) အဖြစ်နဲ့လဲ ဖော်ပြနိုင်တယ်။

mgyoe.com

mgyoe.com

He was hit on the head.

သူသည် ဦးခေါင်းထက်၌ ထိမှန်ခြင်း ခံခဲ့ရသည်။

He was cut in the hand.

သူသည် လက်၌ ထိရှခြင်း ခံခဲ့ရသည်။

**VI.** အချို့သောဘာသာစကားများ၌ definite article ကို မတိကျ/မသိသေးတဲ့ ဗဟုဝုစ်ကိန်းနာမ်များ (indefinite plural nouns) ရဲ့ရှေ့မှာ သုံးတယ်။ ဒါပေမယ့် အင်္ဂလိပ်ဘာသာစကားမှာတော့ အဲဒီလို ဘယ်တော့မှ သုံးလေ့မရှိဘူး။

Women are expected to like housework.
(i.e. women in general)

အမျိုးသမီးများသည် အိမ်ထောင် ထိန်းသိမ်းမှုကို နှစ်သက်သဘောကျသည်ဟု မျှော်လင့်ရသည်။ (အားလုံးသော အမျိုးသမီးများ)

Big hotels all over the world are very much the same.

ကမ္ဘာတစ်ဝန်းရှိ ဟိုတယ်ကြီး အားလုံးသည် အတူတူလိုပင် ဖြစ်ကြသည်။

ပထမ ဝါကျမှာပါတဲ့ women ရဲ့ရှေ့မှာ the ကို ထည့်လိုက်မယ်ဆိုရင် သီးခြားကန့်သတ်ထားတဲ့ အမျိုးသမီးများလို့ အဓိပ္ပာယ်ရလာမယ်။ ရှိရှိသမျှ အမျိုးသမီးတွေကို ဆိုလိုရာ မရောက်တော့ဘူး။ လွယ်လွယ်ပြောရရင်တော့ အများထဲက အနည်းစုဖြစ်လာမယ်။

**5. Home, church, market, school, hospital** စသည့် နာမ်များရဲ့ရှေ့မှာ **the** ကို ဖျောက်ပယ်ရပုံ

**a. home**

home ဆိုတဲ့စကားကို တစ်လုံးတည်း အသုံးပြုတဲ့အခါ၊ ဆိုလိုချင်တာက ရှေ့မှာဖြစ်စေ၊ နောက်မှာဖြစ်စေ အထူးပြုတဲ့ စကားလုံး / စကားစုတွေ မပါရှိတဲ့အခါ the ကို ဖျောက်ထားတယ်။

He went home. သူ အိမ်ပြန်ခဲ့သည်။

She left home. သူမ အိမ်မှ ထွက်ခွာခဲ့သည်။

They got home late. သူတို့အိမ်သို့ နောက်ကျရောက်ခဲ့သည်။

They hurried home. သူတို့ အိမ်သို့ အမြန်သွားခဲ့သည်။

They arrived home after dark.

သူတို့ အိမ်သို့ မှောင်ပြီးနောက်မှ ဆိုက်ရောက်ခဲ့သည်။

preposition ဖြစ်တဲ့ to ဆိုတဲ့စကားလုံးကို ဖျောက်ထားပုံနဲ့ arrive နောက်မှာ at မပါပုံတို့ကို သတိပြုမှတ်သားပါ။

ဒါပေမယ့် **home** ရဲ့ ရှေ့မှာဖြစ်စေ၊ နောက်မှာဖြစ်စေ အထူးပြုတဲ့ စကားလုံး / စကားစု ပါရှိနေရင်တော့ ယင်းကို အခြားသာမန် နာမ်တစ်ခုလိုသာ သဘောထားတယ်။ **article** နဲ့ **preposition** လိုအပ်သလို ထည့်ပေးရတယ်။

We went to **the bride's** home.

ကျွန်ုပ်တို့သည် သတို့သမီး၏အိမ်သို့ သွားခဲ့ကြသည်။

For some years this was **the home of your** queen.

ဤအိမ်သည် နှစ်ပေါင်းအတန်ကြာမျှ သင်တို့ ဘုရင်မ၏ နေအိမ် ဖြစ်ခဲ့သည်။

A mud hut was the only home **he had ever known.**

သူ သိမြင်ခဲ့ဖူးသမျှအိမ်သည် ရွှံ့တဲတစ်တဲမျှသာ ဖြစ်ခဲ့သည်၊

**b.** chapel, church, market, college, school, hospital, court, prison, work, sea, bed

ယင်းတို့သို့ မူလကိစ္စအတွက် သွားရင်ဖြစ်စေ၊ အသုံးပြုရင်ဖြစ်စေ၊ ဒီနာမ်တွေရဲ့ ရှေ့မှာ the မထည့်ရဘူး။

We go
- to church to pray
- to school to study
- to college to study
- to bed to sleep
- to sea as sailors
- to market to buy or sell
- to hospital as patients
- to prison as prisoners
- to court as litigants
- to work as workers

ကျွန်ုပ်တို့သည်…
- ဘုရားရှိခိုးကျောင်းသို့ ဘုရားရှိခိုးရန်
- ကျောင်းသို့ စာသင်ရန်
- ကောလိပ်သို့ စာသင်ရန်
- အိပ်ရာသို့ အိပ်ရန်
- ပင်လယ်သို့ သင်္ဘောသားအဖြစ်
- ဈေးသို့ ရောင်းဝယ်ရန်
- ဆေးရုံသို့ လူနာများအဖြစ်
- အကျဉ်းထောင်သို့ အကျဉ်းသားများအဖြစ်
- တရားရုံးသို့ အမှုသည်များအဖြစ်
- အလုပ်သို့ အလုပ်သမားများအဖြစ်… သွားသည်။

အလားတူ ကျွန်ုပ်တို့ဟာ – prison / hospital court /bed စသည့် နေရာများမှာ အကျဉ်းသားများ / လူနာများ… အဖြစ် တည်ရှိနေရင်လဲ ဆိုင်ရာ နာမ်တွေရဲ့ရှေ့မှာ article မထည့်ဘဲသုံးတယ်။

ပြီးတော့ church / work / sea / market တို့မှာ ဘုရားရှိခိုးသူများ / အလုပ်သမားများ… အဖြစ်ရှိနေရင်လဲ ဒီသဘောအတိုင်းပဲ။

mgyoe.com

mgyee.com

အလုပ် / ကျောင်း / ဈေး / ဘုရားရှိခိုးကျောင်းတို့မှ ပြန်တဲ့အခါမှာလဲ We return from work / school / market / church စသည်ဖြင့် the မပါဘဲနဲ့ ရေးတယ်။

ထွက်ခွာသွားတဲ့အခါမှာဆိုရင်လဲ ဒီသဘောအတိုင်းပါပဲ။

We get out of bed.
We leave hospital.
We escape from prison.

အထက်ဖော်ပြပါ နေရာတွေကို ယင်းတို့ရဲ့ မူလကိစ္စအတွက်သွားတာ မဟုတ်ရင်တော့ (ဆိုလိုချင်တာက အလည်သွားတာမျိုး၊ တခြားကိစ္စတစ်ခုခုနဲ့ သွားတာမျိုး) မှာ the ကို အောက်ပါအတိုင်း အသုံးပြုတယ်။

I went to the church to see the carvings.
ကျွန်ုပ်သည် ဘုရားရှိခိုးကျောင်းသို့ ပန်းပုလက်ရာများကို ကြည့်ရှုရန် သွားရောက်ခဲ့သည်။

He comes to the school sometimes to speak to the headmaster.
တစ်ခါတစ်ရံ၌ သူသည် ဆရာကြီးနှင့် စကားပြောရန် ကျောင်းသို့လာသည်။

He returned from the prison where he had been visiting his brother.
သူသည် သူ၏ညီကို သွားရောက်တွေ့ဆုံခဲ့ပြီး ထောင်မှပြန်လာခဲ့သည်။

They are at the sea = at the seaside.
သူတို့သည် ပင်လယ်ကမ်းစပ်၌ ရှိကြသည်။

They are at sea = in a ship (but not necessarily as sailors).
သူတို့သည် ပင်လယ်ပြင်၌ရှိသည်။ (သင်္ဘောထဲ၌ရှိနေခြင်း)

သို့သော် သင်္ဘောသားများ ဖြစ်ကိုဖြစ်ရမယ်လို့မဟုတ်။ သင်္ဘောသား ဖြစ်ချင်ဖြစ်၊ မဖြစ်ချင်နေ။

He went to the bed = walked over to it.
သူသည် အိပ်ရာသို့ လျှောက်သွားခဲ့သည်။

အောက်ပါဝါကျနှင့် နှိုင်းယှဉ်ကြည့်ပါ။

He went to bed = got into it and presumably went to sleep.
အိပ်ရာဝင်သည်။ (ဒါကတော့ အိပ်ဖို့ သွားတဲ့သဘော)

အထက်ပါနာမ်တွေနဲ့ တစ်မျိုးတစ်ဘာသာ ခြားနားပြီး အောက်ပါ အများဆိုင်နာမ်တွေရဲ့ ရှေ့မှာတော့ the အစဉ်သဖြင့် ပါရှိဖို့လိုတယ်။

| cathedral, | office, | cinema, | theatre |
|---|---|---|---|
| ဘုရားရှိခိုးကျောင်းကြီး | ရုံး | ရုပ်ရှင်ရုံ | ဇာတ်ပွဲရုံ |

He is at the office. သို့သော် He is at work.
She is going to the theatre.

❖ ❖ ❖ ❖ ❖

# Chapter 2

## NOUNS နာမ်များ

**6.** **Kinds အမျိုးအစားများ**

အင်္ဂလိပ်ဘာသာမှာ နာမ် လေးမျိုးရှိတယ်။

1. Common Nouns အများဆိုင်နာမ်များ

| dog, | table, | man |
|---|---|---|
| ခွေး | စားပွဲ | လူ |

2. Proper Nouns ကိုယ်ပိုင်နာမ်များ (အမည်များ)

| Tom, | France, | Madrid, | Mrs Smith |
|---|---|---|---|
| တွမ် | ပြင်သစ်ပြည် | မဒရစ်မြို့ | မစ္စစ်စမစ် |

3. Abstract Nouns စိတ္တဇနာမ်များ

| charity, | beauty, | fear, | courage, | joy |
|---|---|---|---|---|
| လှူဒါန်းခြင်း | လှပခြင်း | ကြောက်ရွံ့မှု | သတ္တိ | ပျော်ရွှင်မှု |

4. Collective Nouns အုပ်ဖွဲ့စုတွဲနာမ်များ

| swarm, | team, | crowd, | flock, | group |
|---|---|---|---|---|
| ပိုးမွှားအုပ် | အသင်း | လူထု | ဆိတ် / သိုး / ငှက်အုပ် | အုပ်စု |

မှတ်ချက် ။ ။ ယခုခေတ် အင်္ဂလိပ်သဒ္ဒါကျမ်းများ၌ Material Noun ကုန်ကြမ်းပစ္စည်း နာမ်များကို သီးခြားတစ်ကဏ္ဍ ထည့်သွင်းဖော်ပြလေ့ မရှိတော့။ Common Noun ထဲမှာ ပေါင်းထည့်လေ့ရှိသည်။

**7.** **Gender လိင် သို့မဟုတ် အထီးအမ ခွဲခြားခြင်း**

အင်္ဂလိပ်ဘာသာမှာ လိင်ခွဲခြားမှုဟာ အထူးတလည် လွယ်ကူပါတယ်။ နာမ်တစ်ခုရဲ့ လိင်ခွဲခြားမှုဟာ နာမ်စားနဲ့ ပိုင်ဆိုင်မှုပြ နာမဝိသေသန အပေါ်မှာသာ သက်ရောက်မှု ရှိတယ်။

ယောက်ျားများ၊ လူကလေးများနဲ့ တိရစ္ဆာန် အထီးများကို masculine အဖြစ် သတ်မှတ်တယ်။

မိန်းမများ၊ မိန်းကလေးများနဲ့ တိရစ္ဆာန် အမများကို feminine အဖြစ် သတ်မှတ်တယ်။

သက်မဲ့အရာဝတ္ထုများကတော့ neuter ဖြစ်တယ်။

ခြွင်းချက် ။ ။ ပင်လယ်ကူးသင်္ဘောများကို feminine အမအဖြစ် သတ်မှတ်တယ်။ တိုင်းပြည်တွေကိုလဲ အမည်ဖော်ပြသုံးနှုန်းတဲ့အခါမှာ အမအဖြစ်ပဲ သတ်မှတ်တယ်။

The ship struck an iceberg, which tore a huge hole in her bow.
သင်္ဘောသည် ရေခဲတုံးကြီးတစ်တုံးကို တိုက်မိခဲ့ပြီး ယင်း၏ ခေါင်းပိုင်း၌ ရေမအပေါက်ကြီးတစ်ပေါက် ဖြစ်သွားခဲ့၏။

mgyee.com

Scotland lost many of her bravest men in two great rebellions.
တော်လှန်ပုန်ကန်မှုကြီး နှစ်ခုအတွင်း၌ စကော့တလန်ပြည်သည် ယင်း၏ အရဲရင့်ဆုံး လူများစွာကို ဆုံးရှုံးခဲ့၏။
နာမ်အများစုမှာ အထီးနဲ့အမ စကားလုံးသင်္ကေတချင်း တူညီကြတယ်။

| | | | | |
|---|---|---|---|---|
| parent, | child, | cousin, | author, | painter |
| မိဘ . | ကလေး | ဝမ်းကွဲ | စာရေးသူ | ဆေးသုတ်သူ |
| artist, | rider, | driver, | cook, | prisoner |
| ပန်းချီဆွဲသူ | စီးသူ | မောင်းသူ | ထမင်းချက် | အကျဉ်းသား |
| singer, | dancer, | reporter, | | journalist |
| အဆိုတော် | ကချေသည် | သတင်းထောက် | | သတင်းစာဆရာ |

အချို့မှာ သင်္ကေတ ကွဲပြားခြားနားမှုရှိတယ်။

| | | |
|---|---|---|
| brother-sister, | uncle-aunt, | nephew-niece |
| အစ်ကို–အစ်မ | ဦးလေး–အဒေါ် | တူ–တူမ |
| lord-lady, | duke-duchess, | cock-hen |
| အရှင်သခင် အရှင်သခင်မ | နယ်စား နယ်စားကတော် | ကြက်ဖ–ကြက်မ |
| drake-duck, | horse-mare | |
| ဘဲထီး–ဘဲမ | မြင်းထီး–မြင်းမ | |

အချို့နာမ်များမှာကျတော့ အထီးသင်္ကေတမှာ ess ပေါင်းထည့်လိုက်ရင် အမသင်္ကေတအဖြစ် ပြောင်းလဲသွားတယ်။ er သို့မဟုတ် or နဲ့ ဆုံးတဲ့ နာမ်များမှာ များသောအားဖြင့် e သို့မဟုတ် o စာလုံးများ ပျောက်သွားလေ့ရှိကြောင်း မှတ်သားပါ။

| | |
|---|---|
| manager - manageress, | actor - actress |
| အမျိုးသား – အမျိုးသမီး | အမျိုးသား – အမျိုးသမီး |
| အုပ်ချုပ်သူ အုပ်ချုပ်သူ | သရုပ်ဆောင် သရုပ်ဆောင် |
| conductor - conductress | |
| အမျိုးသား – အမျိုးသမီး | |
| လမ်းပြသူ လမ်းပြသူ | |

သို့သော် ယခုအခါ၌ 'အုပ်ချုပ်သူ' ကို အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ manager ဟုပင် လက်တွေ့၌ ခေါ်ဝေါ်သုံးနှုန်းလျက်ရှိကြပြီ။

8. **Plurals** ဗဟုဝုစ်ကိန်းများ

နာမ်တစ်ခုကို ဗဟုဝုစ်ကိန်းလုပ်လိုရင် ယေဘုယျအားဖြင့် ဧကဝုစ်ကိန်းမှာ s ထည့်တယ်။

| | | | | | |
|---|---|---|---|---|---|
| dog | dogs, | day, | days | house | houses |
| ခွေး | ခွေးများ | နေ့ | နေ့များ | အိမ် | အိမ်များ |

**Exceptions** ခြွင်းချက်

a. o, ss, sh, ch, x နဲ့ ဆုံးတဲ့ နာမ်များကို es ထည့်ရတယ်။

| | | | | | |
|---|---|---|---|---|---|
| tomato | tomatoes | kiss | kisses | brush | brushes |
| ခရမ်းချဉ်သီး | ခရမ်းချဉ်သီးများ | အနမ်း | အနမ်းများ | ဝက်မှင်ဘီး | ဝက်မှင်ဘီးများ |
| watch | watches | box | boxes | | |
| နာရီ | နာရီများ | သေတ္တာ | သေတ္တာများ | | |

ဒါပေမယ့် o နဲ့ ဆုံးတဲ့ မူလဘူတအားဖြင့် အင်္ဂလိပ်ဘာသာမဟုတ်တဲ့ နိုင်ငံခြားစကားလုံးများ သို့မဟုတ် အတိုနည်း ရေးသားထားတဲ့ စကားလုံးများမှာတော့ s ကိုသာ ထည့်ရတယ်။

| | | | |
|---|---|---|---|
| piano | pianos | dynamo | dynamos |
| စန္ဒရား | စန္ဒရားများ | ဒိုင်နမို | ဒိုင်နမိုများ |
| photo | photos | | |
| ဓာတ်ပုံ | ဓာတ်ပုံများ | | |

b. y နဲ့ဆုံးပြီး ရှေ့မှာ consonant တစ်လုံးရှိနေတဲ့ နာမ်ကိုကျတော့ y ကို ဖြုတ်ပြီး ies ထည့်ရတယ်။

| | | | |
|---|---|---|---|
| baby | babies | lady | ladies |
| ကလေး | ကလေးများ | ဂုဏ်သရေရှိ အမျိုးသမီး | ဂုဏ်သရေရှိ အမျိုးသမီးများ |
| country | | countries | |
| တိုင်းပြည် | | တိုင်းပြည်များ | |
| fly | | flies | |
| ယင်ကောင် | | ယင်ကောင်များ | |

y နဲ့ဆုံးပြီး ရှေ့မှာ vowel တစ်ခုရှိနေတဲ့ နာမ်ကိုတော့ s သာ ထည့်ရတယ်။

| | | | |
|---|---|---|---|
| donkey | donkeys | boy | boys |
| မြည်း | မြည်းများ | လူကလေး | လူကလေးများ |
| day | days | | |
| နေ့ | နေ့များ | | |

c. f သို့မဟုတ် fe နဲ့ဆုံးတဲ့ နာမ် ၁၂ ခုကို f သို့မဟုတ် fe ဖြုတ်ပြီး ves ထည့်တယ်။ အဲဒီနာမ် ၁၂ ခုကတော့ အောက်ပါအတိုင်းဖြစ်တယ်။

| | | | |
|---|---|---|---|
| wife | life | knife | wolf |
| မယား | အသက်/ဘဝ | ဓား | ဝံပုလွေ |
| self | calf | shelf | leaf |
| အတ္တကိုယ် | နွားကလေး | စင် | သစ်ရွက် |
| loaf | thief | sheaf | half |
| ပေါင်မုန့်လုံး | သူခိုး | အစည်း (ကောက်လှိုင်းစသည်) | ထက်ဝက် |

wife, wives, wolf, wolves, loaf, loaves အစရှိသဖြင့် ဧကဝုစ်မှ ဗဟုဝုစ်သို့ ပြောင်းလဲသွားတယ်။

scarf လည်စည်း၊ wharf ဆိပ်ခံဘောတံတား၊ hoof မြင်းခွာတို့ကိုတော့ s ဖြစ်စေ f ကိုဖြုတ်ပြီး ves ဖြစ်စေ ထည့်နိုင်တယ်။

scarfs သို့မဟုတ် scarves၊ wharfs သို့မဟုတ် wharves၊ hoofs သို့မဟုတ် hooves

mgyoe.com

mgyoe.com

**f** သို့မဟုတ် **fe** နဲ့ဆုံးတဲ့ အခြားစကားလုံးများကိုတော့ **s** ကိုသာထည့်တယ်။

| | |
|---|---|
| cliff, | cliffs |
| ကျောက်ကမ်းပါးယံ | ကျောက်ကမ်းပါးယံများ |
| handkerchief, | handkerchiefs |
| လက်ကိုင်ပဝါ | လက်ကိုင်ပဝါများ |
| fife, | fifes |
| အင်္ဂလိပ်ပလွေ | အင်္ဂလိပ် ပလွေများ |

**d.** နာမ်အနည်းငယ်ကတော့ အတွင်းပိုင်းရှိ **vowel** ကို ပြောင်းလဲခြင်းအားဖြင့် ဗဟုဝုစ်ကိန်း ဖြစ်လာတယ်။

| | | | |
|---|---|---|---|
| man | men | woman | women |
| ယောကျ်ား | ယောကျ်ားများ | မိန်းမ | မိန်းမများ |
| foot | feet | | |
| ခြေထောက် | ခြေထောက်များ | | |

| | | | | | |
|---|---|---|---|---|---|
| mouse | mice | louse | lice | goose | geese |
| ကြွက် | ကြွက်များ | သန်း | သန်းများ | ဘဲငန်း | ဘဲငန်းများ |
| tooth | teeth | | | | |
| သွား | သွားများ | | | | |

**child** ကလေးရဲ့ ဗဟုဝုစ်ကိန်းကတော့ **children** ကလေးများဖြစ်တယ်။ **penny** – ပဲနီရဲ့ ဗဟုဝုစ်ကိန်းက **pennies** သို့မဟုတ် **pence** ဖြစ်တယ်။ ပိုက်ဆံစေ့ကလေးများကို တစ်ခုချင်းသဘောမျိုး ရည်ညွှန်းချင်တဲ့အခါ **pennies** ကိုသုံးတယ်။ ပြောသူရဲ့အာရုံမှာ တစ်စေ့ချင်း မပေါ်ဘဲ ငွေ ပမာဏအနည်းအများကိုသာ ခြုံငုံပြီး ဆိုလိုချင်တဲ့အခါမှာတော့ pence ရယ်လို့ သုံးတယ်။

The ticket costs four pence.

လက်မှတ်က လေးပဲနီကျတယ်။

If you have four pennies, you can get it from the machine.

ခင်ဗျားမှာ ပဲနီစေ့ လေးစေ့ရှိရင် ထိုဟာ (လက်မှတ်) ကို စက်ထဲမှ ရယူနိုင်တယ်။

**e.** ငါးများနဲ့ တိရစ္ဆာန်များရဲ့ အမည်အချို့ဟာ ဗဟုဝုစ်ကိန်းအဖြစ်သို့ မပြောင်းလဲကြဘူး။

| | | |
|---|---|---|
| sheep | deer | salmon |
| သိုး | သမင် | ပင်လယ်ငါးသလောက် |
| trout | fish | grouse |
| ငါးသလောက်ယောက်ဖ | ငါး | ခါငှက် |

ယင်းတို့ကို one sheep, two sheep, one fish, two fish စသည်ဖြင့် ဧကဝုစ်နဲ့ ဗဟုဝုစ်သဏ္ဌာန် မခွဲခြားဘဲ သုံးနှုန်းတယ်။

အချို့သော အတိုင်းအတာများနဲ့ ဂဏန်းအရေအတွက်များလဲ ဧကဝုစ် ဗဟုဝုစ်သဏ္ဌာန် ထူးခြားခြင်းမရှိဘူး။ (sections 301, 305 ရှု။)

**f.** ဂရိ သို့မဟုတ် လက်တင်မှလာတဲ့ စကားလုံးတို့ဟာ ဧကဝုစ်မှ ဗဟုဝုစ်သို့ ပြောင်းသောအခါ သူတို့ရဲ့ မူလစည်းကမ်းချက်များအတိုင်း ပြောင်းလဲတယ်။

| | |
|---|---|
| agendum | agenda |
| အစည်းအဝေး အစီအစဉ် | အစည်းအဝေး အစီအစဉ်များ |
| memorandum | memoranda |
| ထူးခြားသည့် အဖြစ်အပျက်မှတ်တမ်း | ထူးခြားသည့် အဖြစ်အပျက်မှတ်တမ်းများ |
| erratum | errata |
| အမှားပြင်ဆင်ချက် | အမှားပြင်ဆင်ချက်များ |
| datum | data |
| အချက်အလက် | အချက်အလက်များ |
| radius | radii |
| ချင်းဝက် | ချင်းဝက်များ |
| phenomenon | phenomena |
| ထူးခြားသည့်ပုဂ္ဂိုလ်/အဖြစ်အပျက် | ထူးခြားသည့်ပုဂ္ဂိုလ်အဖြစ်အပျက်များ |
| crisis | crises |
| ပြဿနာအခက်အခဲအကျပ်အတည်း | ပြဿနာအခက်အခဲအကျပ်အတည်းများ |
| terminus | termini |
| မီးရထား/ကား/လေယာဉ်ခရီးလမ်းဆုံး | မီးရထား/ကား/လေယာဉ်ခရီးလမ်းဆုံးများ |

| | | | |
|---|---|---|---|
| basis | bases | oasis | oases |
| အခြေခံ | အခြေခံများ | အိုအေစစ် | အိုအေစစ်များ |
| axis | axes | thesis | theses |
| ဝင်ရိုး | ဝင်ရိုးများ | ကျမ်းစာတမ်း | ကျမ်းစာတမ်းများ |

တစ်ခါတစ်ရံမှာ အများကိန်းပုံစံနှစ်ခု ရှိနေတတ်တယ်။ အဓိပ္ပာယ်ချင်းကလဲ ခြားနားတယ်။

| | |
|---|---|
| index | indexes |
| အညွှန်းဝလိ | အညွှန်းဝလိများ |
| | indices |
| | ထပ်ညွှန်းများ သို့မဟုတ် သင်္ချာဘာသာဆိုင်ရာလက္ခဏာ အမှတ်အသားများ |
| genius | geniuses |
| ထူးထူးချွန်ချွန် ထက်မြက်သည့်ပုဂ္ဂိုလ် | ထူးထူးချွန်ချွန် ထက်မြက်သည့် ပုဂ္ဂိုလ်များ |
| | genii |
| | လူသာမန်မဟုတ်သူ / တန်ခိုးရှင် |

သို့သော်လည်း အတန်အသင့် လွယ်ကူတဲ့ လက်တင် သို့မဟုတ် ဂရိစကားလုံးများကို ယင်းတို့ရဲ့ ဥပဒေအတိုင်း ဧကဝုစ် ဗဟုဝုစ်မပြောင်းဘဲ အင်္ဂလိပ်ဘာသာရဲ့ နည်းစနစ်အတိုင်း s ထည့်ပြီး ပြောင်းလဲသုံးနှုန်းရန် အချို့က ပိုမိုလိုလားနှစ်သက်ကြတယ်။

mgyoe.com

mgyoe.com

| | |
|---|---|
| dogma | dogmas |
| အယူအဆ၊ ယုံကြည်ချက် | အယူအဆများ၊ ယုံကြည်ချက်များ |
| formula | formulas – (ဒါပေမယ့် သိပ္ပံပညာရှင် |
| ပုံသေနည်း | ပုံသေနည်းများ များကတော့ formulae ကိုပဲ သုံးကြတယ်။) |
| gymnasium | gymnasiums |
| ကိုယ်လက်လှုပ်ရှား အားကစားရုံ | ကိုယ်လက်လှုပ်ရှား အားကစားရုံများ |

**g.** compound nouns လုံးတွဲနာမ်များ

နှစ်လုံး သုံးလုံး စသည်ဖြင့် တွဲထားတဲ့ နာမ်များမှာ ယေဘုယျအားဖြင့် နောက်ဆုံးစကားလုံးကို ဗဟုဝုစ်ကိန်း ပြောင်းလေ့ရှိတယ်။

| | |
|---|---|
| armchair | armchairs |
| လက်တန်းပါသည့် ကုလားထိုင် | လက်တန်းပါသည့် ကုလားထိုင်များ |
| bookcase | bookcases |
| စာအုပ်စင် / သေတ္တာ | စာအုပ်စင် / သေတ္တာများ |

**man** သို့မဟုတ် **woman** ကို ရှေ့ဆက်စကားလုံးအဖြစ် အသုံးပြုထားတဲ့ နာမ်များမှာတော့ နှစ်ပိုင်းစလုံးကို ဗဟုဝုစ် ကိန်းပြောင်းတယ်။

| | |
|---|---|
| manservant | menservants |
| ယောက်ျားအစေခံ | ယောက်ျားအစေခံများ |

ဝိဘတ် သို့မဟုတ် ကြိယာဝိသေသနများနဲ့ ဖွဲ့စည်းထားတဲ့ compound nouns လုံးတွဲ နာမ်များကျတော့ ပထမဆုံး စကားလုံးကိုသာ ဗဟုဝုစ်ကိန်း ပြောင်းရတယ်။

| | |
|---|---|
| sister-in-law | sisters-in-law |
| ခယ်မ / မရီး / ယောက်မ | ခယ်မများ / မရီးများ / ယောက်မများ |
| looker-on | lookers-on |
| ကြည့်ရှုသူ | ကြည့်ရှုသူများ |

compound noun တစ်ခုမှာ နောက်ဆုံးစကားလုံးက နာမဝိသေသနဖြစ်နေလို့ရှိရင် ပထမစကားလုံးကိုသာ ဗဟုဝုစ် ကိန်း ပြောင်းလေ့ရှိတယ်။

| | | |
|---|---|---|
| court martial | courts martial | (သို့သော် court- |
| စစ်ခုံရုံး | စစ်ခုံရုံးများ | martials လို့လဲ ကြားဖူးပါတယ်။) |

**ful** နဲ့ဆုံးတဲ့ စကားလုံးတွေကိုတော့ ရေးရိုးရေးစဉ်နည်း အတိုင်း ဗဟုဝုစ်ကိန်းပြောင်းတယ်။

| | |
|---|---|
| handful | handfuls |
| လက်တစ်ဆုပ်စာ | လက်တစ်ဆုပ်စာများ |
| armful | armfuls |
| လက်တစ်ပွေ့စာ | လက်တစ်ပွေ့စာများ |

**9. Cases of Nouns**

နာမ်များကို ပြုလုပ်သူ၊ ခံရသူ၊ ပိုင်ဆိုင်သူ သဏ္ဌာန်များ ခွဲခြားခြင်း

**a. Possessive Case** ပိုင်ဆိုင်မှုသဏ္ဌာန်မှာမှတစ်ပါး အင်္ဂလိပ် နာမ်များမှာ **subject** နဲ့ **object** စလုံး ပေါင်းစပ်ဖွဲ့စည်း ပုံသဏ္ဌာန်ချင်း အတူတူပဲ။

subject လဲ the dog၊ object လဲ the dog

The dog bites him. ခွေးသည် သူ့ကို ကိုက်သည်။

He beats the dog. သူသည် ခွေးကိုရိုက်သည်။

ဒါပေမယ့်လဲ ကျွန်ုပ်တို့ဟာ နာမ်တွေကို **nominative** ပြုလုပ်သူသဏ္ဌာန် **accusative** တိုက်ရိုက်ခံရသူ သဏ္ဌာန် **dative** တစ်ဆင့်ခံရသူ သဏ္ဌာန်ရယ်လို့တော့ ပြောဆိုသုံးနှုန်း လေ့ရှိတယ်။ အခုလို ခွဲခြားပြောနိုင်တာဟာ နာမ်ကိုတစ်လုံး ချင်းအနေနဲ့ကြည့်ပြီး ပြောနိုင်တာ မဟုတ်ပါဘူး။ ဝါကျထဲမှာ နာမ်ရဲ့ ရပ်တည်နေပုံကို ကြည့်ပြီးတော့မှ ပြောကြားနိုင်ခြင်း ဖြစ်တယ်။

နာမ်တစ်ခုဟာ အောက်ပါအချက်များနဲ့ ညီညွတ်နေတဲ့ အခါ **nominative case** ပြုလုပ်သူသဏ္ဌာန်ဖြစ်တယ်။

**I.** ဝါကျတစ်ခုရဲ့ subject (အကြောင်းအရာ သို့မဟုတ် ကတ္တား) ဖြစ်နေတဲ့အခါ...

**Tom** drove the car.

တွမ်သည် ကားကို မောင်းခဲ့သည်။

**II.** Verb to be, Verb to seem စသည်တို့ရဲ့ complement အဓိပ္ပာယ်ပြည့် စကားလုံး / စကားစု ဖြစ်နေတဲ့အခါ...

He is my **father.**

သူသည် ကျွန်ုပ်၏ အဖေဖြစ်သည်။

**b.** နာမ်တစ်ခုဟာ အောက်ပါအချက်များနဲ့ ညီညွတ်နေတဲ့အခါ accusative case ခံရသူသဏ္ဌာန်ဖြစ်တယ်။

**I.** ကြိယာရဲ့ direct object တိုက်ရိုက်ကံ ဖြစ်နေတဲ့အခါ...

We ate the **octopus.**

ကျွန်ုပ်တို့သည် ဘဝဲကို စားခဲ့သည်။

သို့မဟုတ်

**II.** Preposition ဝိဘတ်တစ်ခုရဲ့ နောက်မှာတည်ရှိနေတဲ့အခါ...

We went to the **river.**

ကျွန်ုပ်တို့သည် မြစ်သို့ သွားခဲ့သည်။

**c.** နာမ်တစ်ခုဟာ to + noun သို့မဟုတ် for + noun စသည် ဖြင့် ဝိဘတ် + နာမ် ဖြစ်နေတဲ့အခါ dative case သို့မဟုတ် indirect object တစ်ဆင့်ကံဖြစ်တယ်။ တကယ်ကတော့ ကြိယာတစ်လုံးရဲ့ indirect object ဟာ dative case ပါပဲ။ ပထမဝါကျထဲမှာ Mary က indirect object တစ်ဆင့်ကံ ဖြစ်တယ်။ book က direct object တိုက်ရိုက်ကံဖြစ်တယ်။ (Section 77 ရှု။)

mgyoe.com

mgyoe.com

I gave Mary a book.
ကျွန်ုပ်သည် မေရီအား စာအုပ်တစ်အုပ်ကို ပေးခဲ့သည်။
I bought the child a top.
ကျွန်ုပ်သည် ကလေးအတွက် ဂျင်တစ်လုံး ဝယ်ခဲ့သည်။

**Possessive Case ပိုင်ဆိုင်မှုသဏ္ဍာန်**

10. **Possessive Case** ဖြစ်လာအောင် ပြုလုပ်နည်းများ

1. **'s** ကို ကေဝုစ်ကိန်းနာမ်များနဲ့ **s** နဲ့ အဆုံးမသတ်တဲ့ ဗဟုဝုစ်ကိန်းနာမ်များမှာ ထည့်တယ်။

| | | |
|---|---|---|
| Tom's book | The boy's room | The man's hat |
| တွမ်၏စာအုပ် | လူကလေး၏အခန်း | လူကြီး၏ဦးထုပ် |
| the men's hats | | women's work |
| လူကြီးများ၏ ဦးထုပ်များ | | မိန်းမများ၏ အလုပ် |

St. James's Park
စိန့်ဂျိမ်းစ်၏ ပန်းခြံ

2. **s** မပါဘဲ apostrophe (') ကိုတော့ **s** နဲ့ အဆုံးသတ်တဲ့ ဗဟုဝုစ်ကိန်းနာမ်များမှာ ထည့်တယ်။

| | |
|---|---|
| the girls' school | the dogs' kennels |
| မိန်းကလေးများ၏ ကျောင်း | ခွေးများ၏ လှောင်အိမ်များ |

**s** နဲ့ဆုံးတဲ့ ဂန္ထဝင်အမည်များ (classical names) နဲ့ ယင်းအမည်များလောက် မထင်ရှားတဲ့ အင်္ဂလိပ်အမည် အချို့မှာလဲ apostrophe သာ ထည့်ရတယ်။

| | |
|---|---|
| Archimedes' Law | Hercules' club |
| အာခိမိဒီး၏ နိယာမ | ဟာကြူလီကလပ် |

Keats' poetry
ကိ(တ်စ်) ၏ ကဗျာလင်္ကာ

များသောအားဖြင့် လုံးတွဲနာမ်များ (compound nouns) ကို စကားလုံးတစ်လုံးတည်းအဖြစ်သာ မှတ်ယူတယ်။
My mother-in-law's house.
ကျွန်ုပ်၏ ယောက္ခမ၏အိမ်

ဘွဲ့ထူး၊ ဂုဏ်ထူးများရဲ့ ပိုင်ဆိုင်မှု သဏ္ဍာန်ကိုတော့ အောက်ပါအတိုင်း ရေးသားတယ်။
George the First's reign
ပထမမြောက် ဂျော့ဘုရင်၏ အုပ်ချုပ်မှု

11. **Possessive Case** ခေါ် ပိုင်ဆိုင်မှု သဏ္ဍာန်ကို အသုံးပြုပုံ

a. ပိုင်ရှင်ဟာ လူ သို့မဟုတ် တိရစ္ဆာန် ဆိုလို့ရှိရင် **'s** ထည့်ပြီး **possessive case** အဖြစ် ပိုင်ဆိုင်ကြောင်း ဖော်ပြလေ့ရှိတယ်။ **of** ဝိဘတ်ကို ယေဘုယျအားဖြင့် မသုံးဘူး။
The cat's bowl လို့ ရေးတယ်။
The bowl of the cat လို့ မရေးဘူး။
ကြောင်၏ ခွက်

| | |
|---|---|
| Tom's book | My father's car |
| တွမ်၏ စာအုပ် | ကျွန်ုပ် အဖေ၏ ကား |

ဒါပေမယ့် ပိုင်ဆိုင်သူ နာမ် **(possessor noun)** ရဲ့ နောက်က အထူးပြုတဲ့ စာပုဒ်တစ်ခုကပ်ပြီး လိုက်ပါလာတဲ့ အခါမှာတော့ of ပါတဲ့ ရေးနည်းနဲ့ ပိုင်ဆိုင်ကြောင်း ဖော်ပြတယ်။
The boys rushed this way and that, obeying the directions of a man with a whistle. လေချွန်ခရာနဲ့ လူတစ်ယောက်ရဲ့ ညွှန်ကြားချက်များကိုနာခံရင်း လူကလေးများ ဟိုသည် ပြေးလွှားခဲ့ကြတယ်။
'Novels are a waste of time', was the opinion of my father, who had never read a novel in his life.
'ဝတ္ထုရှည်တွေ ဖတ်တာဟာ အချိန်ဖြုန်းတာပဲ' ဤကား သူ၏ တစ်သက်တာ၌ ဝတ္ထုရှည်တစ်ပုဒ်မှ မဖတ်ခဲ့သော ကျွန်ုပ်ဖခင်၏ အယူအဆပင်တည်း။

b. **Possessive Case** ကို အသုံးပြုတဲ့အခါမှာ အပိုင်ခံရတဲ့ လူ သို့မဟုတ် အရာဝတ္ထုရဲ့ ရှေ့မှာရှိတဲ့ **article (a, an, the)** ပျောက်သွားကြောင်း သတိပြုမှတ်သားပါ။

| | | |
|---|---|---|
| The horns of the bull | = | The bull's horns |
| နွားထီး၏ ဦးချိုများ | = | နွားထီး၏ ဦးချိုများ |

c. ပိုင်ဆိုင်သူဟာ အရာဝတ္ထုတစ်ခုဖြစ်ရင် ပုံမှန်အားဖြင့် of ကို အသုံးပြုတယ်။
The walls of the town.
မြို့၏ တံတိုင်းများ
The legs of the table.
စားပွဲ၏ ခြေထောက်များ

ဒါပေမယ့် လူသိများ ထင်ရှားတဲ့ အသုံးအနှုန်းများမှာတော့ ပထမနာမ်က နာမဝိသေသနတစ်မျိုးအဖြစ်နဲ့ ဒုတိယနာမ်ကို အထူးပြုစေလျက်၊ နာမ်နှစ်ခု ယှဉ်တွဲရေးသားလေ့ရှိတယ်။ ပိုင်ဆိုင်မှုသဏ္ဍာန် (Possessive Case) ကိုဖြစ်စေ၊ of ရေးပြီး ပိုင်ဆိုင်ကြောင်း ပြတဲ့နည်းကိုဖြစ်စေ အသုံးပြုလေ့မရှိဘူး။

တစ်စုံတစ်ခုရဲ့တည်နေရာကို ညွှန်ပြလိုတဲ့အခါမှာ ဒီနည်းမျိုး ပိုမိုအသုံးပြုတတ်တယ်။

| | |
|---|---|
| hall door | dining-room table |
| ခန်းမတံခါး | ထမင်းစားခန်းစားပွဲ |
| street lamp | kitchen sink |
| လမ်းမီး | မီးဖိုခန်းတွင်းရှိ ရေညစ်ထုတ်မြောင်း တပ်ထားသည့် ဆေးကြောရာ ကန်ငယ်/နေရာ |

မြို့အမည်များနဲ့တကွ တစ်ခါတစ်ရံမှာ ခရိုင်အမည်များကိုပါ အလားတူ ရေးသားသုံးနှုန်းလေ့ရှိတယ်။

| | |
|---|---|
| London transport | Liverpool Cathedral |
| လန်ဒန်ပို့ဆောင်ရေး | လီဗာပူ ဘုရားရှိခိုးကျောင်း |

Harris tweed ဟားရစ် သက္ကလတ်

mgyoe.com

mgyoe.com

ထို့အပြင် အချိန်ကာလနဲ့ ပတ်သက်တဲ့ အသုံးအနှုန်းများ ကိုလဲ အထက်ပါ နည်းအတိုင်းပဲရေးတယ်။

summer holidays — winter sports
နွေရာသီ အားလပ်ရက်များ — ဆောင်းရာသီ ကစားခုန်စားပွဲများ
autumn colours
ဆောင်းဦးရာသီ အရောင်အသွေးများ
spring fever — November fogs
နွေရာသီအဖျား — နိုဝင်ဘာ ဆီးနှင်းများ
Sunday dinner — birthday party
တနင်္ဂနွေ ညစာစားပွဲ — မွေးနေ့ပါတီ

အဝတ်အစားများ။ ကရိယာတန်ဆာပလာများ။ ယာဉ်များ စသည်တို့နဲ့ ပတ်သက်တဲ့ အသုံးအနှုန်းများမှာလဲ အထက်ပါ အတိုင်း ရေးသားတယ်။

golf clubs — tennis shoes — football ground
ဂေါက်ကလပ်များ — တင်းနစ်ဖိနပ်များ — ဘောလုံးကွင်း
snow plough — shoe polish
ဆီးနှင်းထယ်သွား / ဂေါ်ပြား — ဖိနပ်တိုက်ဆေး
coffee cup — ကော်ဖီပန်းကန်လုံး

ပြီးတော့ ဝတ္ထုတို အမျိုးအစားများကို ဖော်ပြရာမှာလဲ အထက်ပါနည်းကို သုံးတယ်။

detective stories — crime stories
စုံထောက် ဝတ္ထုတိုများ — ရာဇဝတ်မှုခင်း ဝတ္ထုတိုများ
murder stories — ghost stories
လူသတ်မှု ဝတ္ထုတိုများ — တစ္ဆေ သရဲ ဝတ္ထုတိုများ
fairy stories — adventure stories
နတ်သမီး ပုံပြင်များ — စွန့်စားခန်း ဝတ္ထုတိုများ

**d.** Second, minute, hour, day, night, week, fortnight, month, year စတဲ့ စကားလုံးများ ပါရှိတဲ့ အချိန်ကြာညောင်းမှု အတိုင်းအတာကို ဖော်ပြတဲ့ အသုံးအနှုန်းတွေမှာ (Possessive Case) ပိုင်ဆိုင်မှုသဏ္ဌာန်ကို အသုံးပြုတယ်။

a day's work — today's paper
တစ်နေ့တာအလုပ် — ဒီကနေ့ သတင်းစာ
a week's holiday — two years' pay
တစ်ပတ်ကြာ ရက်အား — ၂ နှစ်အတွက် လစာငွေ

Money, shilling, half-crown, pound စတဲ့ နာမ်တွေရဲ့နောက်မှာ worth တန်ဖိုးဆိုတဲ့ စကားလုံး လိုက်ပါလာတဲ့ အခါ Possessive Case ကို အသုံးပြုတယ်။

a shilling's worth of parsley
တစ်သျှီလင်ဖိုး ဟင်းခတ်ရွက်မွှေး
five pounds' worth of orchids
ငါးပေါင်တန် သစ်ခွပန်းများ

◆ ◆ ◆ ◆ ◆

# Chapter 3

## ADJECTIVES နာမဝိသေသနများ

**12. Kinds – အမျိုးအစားများ**

နာမဝိသေသနများရဲ့ အဓိကအမျိုးအစားများမှာ အောက်ပါတို့ ဖြစ်ကြတယ်။

1. Adjective of Quality – အရည်အချင်းပြ နာမဝိသေသန

| | | |
|---|---|---|
| square | good | golden |
| စတုရန်း | ကောင်းသော | ရွှေရောင်ဖြစ်သော |
| fat | heavy | dry |
| ဝသော | လေးလံသော | ခြောက်သွေ့သော |
| clever | | |
| လိမ္မာသော | | |

2. Demonstrative Adjective – ညွှန်ပြနာမဝိသေသန

| | | | |
|---|---|---|---|
| this | that | these | those |
| ဤဟာ | ထိုဟာ | ဤဟာများ | ထိုဟာများ |

3. Distributive Adjective – ခွဲဝေ နာမဝိသေသန

| | | | |
|---|---|---|---|
| each | every | either | neither |
| အသီးသီး | တိုင်း | နှစ်ခုတည်းမှ တစ်ခု | နှစ်ခုတည်းမှ တစ်ခုမှမဟုတ် |

4. Quantitative Adjective – အရေအတွက် သို့မဟုတ် ပမာဏပြ နာမဝိသေသန

| | | | |
|---|---|---|---|
| some | any | no | few |
| အချို့သော | အချို့သော | မဟုတ်သော | မရှိသလောက် ဖြစ်သော |
| many | much | one | twenty |
| များစွာသော | များစွာသော | တစ်ခုသော | နှစ်ဆယ်သော |

5. Interrogative Adjective – အမေးနာမဝိသေသန

| | | |
|---|---|---|
| which | what | whose |
| ဘယ်ဟာ... | ဘာ... | ဘယ်သူ၏... |

6. Possessive Adjective – ပိုင်ဆိုင်မှုပြ နာမဝိသေသန

| | | | | |
|---|---|---|---|---|
| my | your | his | her | its |
| ကျွန်ုပ်၏ | သင်၏ | သူ၏ | သူမ၏ | ထိုဟာ၏ |
| our | your | their | | |
| ကျွန်ုပ်တို့၏ | သင်တို့၏ | သူတို့၏ | | |

**13. Agreement – ညီညွတ်မှု**

အင်္ဂလိပ်ဘာသာမှာ နာမဝိသေသနများဟာ သဏ္ဌာန် တစ်မျိုးတည်းသာရှိပြီး ယင်းသဏ္ဌာန်ကို ဧကဝုစ်ကိန်း၊ ဗဟုဝုစ်ကိန်း၊ အထီး၊ အမ၊ နာမ်များ အားလုံးမှာသုံးတယ်။

mgyoe.com

a good boy — good boys
ကောင်းသော လူကလေးတစ်ယောက် — ကောင်းသော လူကလေးများ
a good girl — good girls
ကောင်းသော မိန်းကလေးတစ်ယောက် — ကောင်းသော မိန်းကလေးများ

နာမဝိသေသနတွေထဲမှာ တစ်ခုတည်းသော ခြွင်းချက်ကတော့ ညွှန်ပြနာမဝိသေသနများဖြစ်ကြတဲ့ **this** နဲ့ **that** တို့ပါပဲ။ သူတို့မှာကတော့ ဗဟုဝုစ်ကိန်းနာမ်များကို အထူးပြုဖို့အတွက် **these** နဲ့ **those** ဗဟုဝုစ်ကိန်းများ သီးခြားရှိတယ်။

| this cat | these cats | that man | those men |
|---|---|---|---|
| ဤကြောင် | ဤကြောင်များ | ထိုလူ | ထိုလူများ |

**14.** **နာမဝိသေသနများကို နေရာထားပုံနဲ့ and ကို အသုံးပြုပုံ**

အင်္ဂလိပ်ဘာသာမှာ နာမဝိသေသနများဟာ ထုံးစံအတိုင်း သက်ဆိုင်ရာ နာမ်တွေရဲ့ရှေ့မှာ နေရာယူတယ်။

a big town — a blue car
ကြီးသော မြို့တစ်မြို့ — အပြာရောင် ကားတစ်စီး
an interesting book
စိတ်ဝင်စားစရာကောင်းသော စာအုပ်တစ်အုပ်

နာမ်တစ်ခုကို နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုတဲ့ နာမဝိသေသနတွေနဲ့ အထူးပြုဝဲ့အခါမှာ (နောက်ဆုံး နာမဝိသေသနနှစ်လုံးဟာ အရောင်အသွေးကို ဖော်ပြတဲ့ နာမဝိသေသနတွေဖြစ်နေတဲ့အခါမှတ ပါ။) နာမဝိသေသန တစ်ခုနဲ့တစ်ခုအကြားမှာ and နဲ့ ပိုင်းခြားလေ့မရှိဘူး။

a big square box — a tall young man
ကြီးသော လေးထောင့်သေတ္တာတစ်လုံး — အရပ်ရှည်သော လူငယ်တစ်ယောက်
six yellow roses
အဝါရောင် နှင်းဆီပန်းခြောက်ပွင့်
သို့သော်လဲ
a black and white cap
အနက်နဲ့ အဖြူ ဦးထုပ်တစ်လုံး
a red, white and blue flag
အနီ အဖြူ အပြာ အလံတစ်ခု

ဒါပေမယ့် အရည်အချင်းပြ နာမဝိသေသနများကိုတော့ be, seem, appear, look (= ပုံပေါ်သည်၊ ဟန်ရှိသည်) တို့ရဲ့နောက်မှာ ထားသုံးနိုင်တယ်။ ဒီအခါမှာ and ကို နောက်ဆုံး နာမဝိသေသန နှစ်လုံးရဲ့အကြားမှ ထည့်ပေးရတယ်။

The house looked large and inconvenient.
အိမ်သည် ကြီးမား၍ အဆင်ပြေမည့်ပုံ မပေါ်ပေ။
It was cold, wet and windy.
အေးမြစွတ်စို၍ လေထန်ခဲ့သည်။

**Comparison – နှိုင်းယှဉ်ချက်**

**15.** အောက်ပါအတိုင်း နှိုင်းယှဉ်ချက်အဆင့် သုံးဆင့်ရှိတယ်။

**1.** Positive (Adjective 1) နာမဝိသေသန သာမန်အဆင့်

| dark | tall | useful |
|---|---|---|
| နက်မှောင်သော | အရပ်မြင့်သော | အသုံးဝင်သော |

**2.** Comparative (Adjective 2) နာမဝိသေသနနှိုင်းယှဉ်ချက်

| darker | taller | more useful |
|---|---|---|
| ပိုမည်းနက်သော | ပိုအရပ်မြင့်သော | ပိုအသုံးဝင်သော |

**3.** Superlative (Adjective 3) နာမဝိသေသန အမြင့်ဆုံးအဆင့်

| darkest | tallest | most useful |
|---|---|---|
| အမည်းနက်ဆုံး | အရပ်အမြင့်ဆုံး | အသုံးအဝင်ဆုံးသော |

**a.** အသံတစ်သံတည်းရှိတဲ့ နာမဝိသေသနတွေဟာ Comparative နဲ့ Superlative ပြောင်းချင်ရင် er, est ထည့်တယ်။

| bright | brighter | brightest |
|---|---|---|
| တောက်ပသော | ပိုတောက်ပသော | အတောက်ပဆုံး |
| new | newer | newest |
| သစ်သော | ပိုသစ်သော | အသစ်ဆုံးသော |

**b.** အသံသုံးသံနဲ့ သုံးသံအထက် နာမဝိသေသနတွေဟာ Comparative နဲ့ Superlative ပြောင်းချင်ရင် more နဲ့ most ထည့်တယ်။

| interesting | more interesting | most interesting |
|---|---|---|
| စိတ်ဝင်စားစရာကောင်းသော | ပိုစိတ်ဝင်စားစရာကောင်းသော | စိတ်ဝင်စားစရာအကောင်းဆုံးသော |

frightening — more frightening
ကြောက်စရာကောင်းသော — ပိုကြောက်စရာကောင်းသော
most frightening
ကြောက်စရာ အကောင်းဆုံးသော

**c.** အသံနှစ်သံရှိတဲ့ နာမဝိသေသနတွေကတော့ အထက်ပါနည်းနှစ်နည်းအနက် တစ်နည်းနည်းနဲ့ ကျင့်သုံးတယ်။ ယင်းတို့ထဲမှ **ful** သို့မဟုတ် **re** နဲ့ ဆုံးတဲ့ နာမဝိသေသနတွေက ထုံးစံအတိုင်း **more, most** တို့နဲ့ တွဲဖက်လေ့ရှိကြတယ်။

| doubtful | more doubtful | most doubtful |
|---|---|---|
| သံသယဖြစ်စရာကောင်းသော | ပိုသံသယဖြစ်ရာကောင်းသော | သံသယဖြစ်စရာအကောင်းဆုံးသော |
| careful | more careful | most careful |
| ဂရုစိုက်သော | ပိုဂရုစိုက်သော | ဂရုအစိုက်ဆုံးသော |
| obscure | more obscure | most obscure |
| အလွယ်တကူ မမြင်သာသော | ပိုအလွယ်တကူ မမြင်သာသော | အလွယ်တကူ မမြင်သာဆုံးသော |

**er, y** သို့မဟုတ် **ly** နဲ့ ဆုံးတာတွေမှာတော့ **er, est** ထည့်တယ်။

mgyoe.com

mgyoe.com

| | | | |
|---|---|---|---|
| pretty | prettier | prettiest | (y က I ပြောင်း |
| လှပသော | ပိုလှပသော | အလှပဆုံးသော | သွားကြောင်း သတိပြုပါ) |
| holy | holier | holiest | |
| မြင့်မြတ်သော | ပိုမြင့်မြတ်သော | အမြင့်မြတ်ဆုံးသော | |

**d.** ပုံစံမဲ့ နှိုင်းယှဉ်ချက်များ – (irregular comparisons)

| | | | |
|---|---|---|---|
| good | better | best | |
| ကောင်းသော | ပိုကောင်းသော | အကောင်းဆုံးသော | |
| bad | worse | worst | |
| ဆိုးသော | ပိုဆိုးသော | အဆိုးဆုံးသော | |
| little | less | least | |
| နည်းသော | ပိုနည်းသော | အနည်းဆုံးသော | |
| many | more | most | |
| များသော | ပိုများသော | အများဆုံးသော | |
| much | more | most | |
| များသော | ပိုများသော | အများဆုံးသော | |
| far | further | furthest | (of distance and time) |
| ဝေးသော | ပိုဝေးသော | အဝေးဆုံးသော | (အကွာအဝေးကို ရော အချိန်ကာလ ကိုပါသုံးတယ်) |
| | farther | farthest | (of distance only) |
| | ပိုဝေးသော | အဝေးဆုံးသော | (အကွာအဝေးတစ်ခုတည်း ကိုသာသုံးတယ်) |
| old | older | oldest | (of people and things) |
| အိုသော | ပိုအိုသော | အအိုဆုံးသော | (လူရော အရာဝတ္ထုကို ပါသုံးတယ်) |
| | elder | eldest | (of people only) |
| | ပိုအသက်ကြီးသော | အသက်အကြီးဆုံးသော | (လူကိုသာသုံးတယ်) |

**elder** နဲ့ **eldest** တို့ဟာ အသက်အရွယ် အိုမင်းကြောင်း သရုပ်ဖော်လိုခြင်းထက် ပိုပြီးကြီးတဲ့သဘော အလျင်ကျတဲ့ သဘောကိုညွှန်းတယ်။ မိသားစု တစ်စုအတွင်းရှိ အိမ်သူအိမ်သားများကို နှိုင်းယှဉ်ရာမှာ ယင်းတို့ကို အဓိကအသုံးပြုတယ်။

his eldest boy / girl / nephew
သူ၏ အကြီးဆုံးသော သား / သမီး / တူ .

my elder brother / sister
ကျွန်ုပ်၏ အစ်ကို / အစ်မ

elder ကို than ရှေ့မှာထားပြီး သုံးလို့မရပါ။ older ကိုသာသုံးတယ်။
He is older than I am.
သူသည် ကျွန်ုပ်ထက် အသက်ကြီးသည်။

superlatives များရဲ့ရှေ့မှာ the ကိုထားပြီး နာမ်စားအဖြစ် သုံးနိုင်တယ်။
Tom is the cleverest.
တွမ်သည် အလိမ္မာဆုံးဖြစ်သည်။
The eldest was only eight years old.
အကြီးဆုံးသည် အသက် ရှစ်နှစ်မျှသာရှိခဲ့သည်။

comparatives များကိုလည်း ထိုနည်းလည်းကောင်း သုံးနိုင်တယ်။
His two sons look the same age. Which is the elder?
သူ့ရဲ့ သားနှစ်ယောက်က အသက် အတူတူလိုပဲ။ ဘယ်သူ အကြီးလဲ။

ဒါပေမယ့် comparative ကို ဒီလိုသုံးရင် သိပ်ပြီးစာပေဆံတယ်လို့ယူဆကြတယ်။ စည်းကမ်းစနစ်အတိုင်း မဟုတ်တဲ့ နေ့စဉ်သုံး အင်္ဂလိပ်စကား (informal English) မှာကျတော့ superlative ကိုသာ အောက်ပါအတိုင်း သုံးလေ့ရှိတယ်။
Which is the eldest?
ဘယ်သူ အကြီးဆုံးလဲ။

## 16. နှိုင်းယှဉ်ချက် ပုံသေအသုံးအနှုန်းများ (Constructions with comparisons)

**a.** good, tall, clever စတဲ့ positive adjectives များကို as ... as အကြားမှာ ထည့်ပြီး affirmative ဟုတ်ဝါကျအဖြစ် သုံးတယ်။

not as / not so ... as ကို negative မဟုတ်ဝါကျမှာ သုံးတယ်။
A boy of sixteen is often as tall as his father.
အသက် ဆယ့်ခြောက်နှစ်သား လူကလေးတစ်ယောက်ဟာ သူ့အဖေလောက် အရပ်မြင့်တတ်တယ်။

Manslaughter is not so / as bad as murder.
(ကြိုတင်မကြံစည်ဘဲ) လူသတ်ခြင်းသည် ကြိုတင်ကြံစည်ပြီး လူသတ်ခြင်းလောက် မဆိုးပါ။

Your coffee is not so / as good as the coffee my mother makes.
မင်းရဲ့ကော်ဖီက ငါ့အမေဖျော်တဲ့ ကော်ဖီလောက် မကောင်းဘူး။

**b.** better, taller, စတဲ့ comparatives တွေနဲ့တွဲပြီး than ကို အောက်ပါအတိုင်း သုံးနိုင်တယ်။ (Section 15 (2) ရှု။)
A mountain is higher than a hill.
တောင်တစ်တောင်သည် တောင်ကုန်းတစ်ကုန်းထက်မြင့်သည်။

He isn't cleverer than you, but he is more careful and makes fewer mistakes than you do.
သူသည် သင့်ထက် ပိုမတော်ပါ။ သို့သော် သူသည် ပိုမိုဂရုစိုက်ပြီး သင့်ထက် ပို၍ အမှားအယွင်းနည်းသည်။

mgyoe.com

mgyoe.com

**c.** လူ သို့မဟုတ် အရာဝတ္ထု သုံးခု သို့မဟုတ် သုံးခုအထက်ကို superlative အသုံးပြုပြီး အောက်ပါပုံစံ နှိုင်းယှဉ်တယ်။

the ... of ( + object pronoun or noun )

the ... in ( + place )

Tom is the cleverest boy in the class.

တွမ်သည် အတန်းထဲတွင် အတော်ဆုံးသော လူကလေး ဖြစ်သည်။

St. Paul's isn't the highest cathedral in England.

စိန့်ပေါဘုရားရှိခိုးကျောင်းသည် အင်္ဂလန်တွင် အမြင့်ဆုံးသော ဘုရားရှိခိုးကျောင်း မဟုတ်ပါ။

She is the prettiest of them all.

သူမသည် သူတို့ထဲတွင် အလှဆုံးဖြစ်သည်။

**d.** မျဉ်းပြိုင် တိုးတက်မှု (parallel increase) ကို အောက်ပါ အတိုင်း ရေးသားတယ်။

the + comparative .... the + comparative

The bigger the house is, the more money it will cost.

အိမ်ပိုကြီးလေ ငွေပိုကုန်လေ။

The more leisure he has, the happier he is.

အားလပ်ချိန် ပိုရလေ သူ ပိုပျော်လေ။

**e.** တဖြည်းဖြည်းချင်း တိုးတက်မှု – (gradual increase) ကို and နဲ့ ဆက်သွယ်ထားတဲ့ comparatives နှစ်လုံးဖြင့် ဖော်ပြတယ်။

The weather is getting colder and colder.

ရာသီဥတု အခြေအနေဟာ တဖြည်းဖြည်းချင်း အေးသည်ထက် အေးလာတယ်။

He became more and more interested.

သူဟာ ပို... ပိုပြီး စိတ်ဝင်စားလာခဲ့တယ်။

**f.** လုပ်ရပ်များကိုလဲ အလားတူ နှိုင်းယှဉ်တယ်။

Riding a horse is not as easy as riding a bicycle.

မြင်းစီးရတာဟာ စက်ဘီးစီးရတာလောက် မလွယ်ဘူး။

It is nicer to go with someone than to go alone.

တစ်စုံတစ်ယောက်နဲ့ အတူတကွ သွားရတာဟာ တစ်ယောက်တည်း သွားရတာထက် ပိုကောင်းတယ်။

အထက်ပါ ဥပမာအတိုင်း - than ရဲ့ နောက်က infinitive လိုက်တဲ့အခါ to ကို ဖြုတ်ပယ်ထားနိုင်တယ်။

It is nicer to go with someone than go alone.

တစ်စုံတစ်ယောက်နဲ့ အတူတကွ သွားရတာဟာ တစ်ယောက်တည်း သွားရတာထက် ပိုကောင်းတယ်။

It is sometimes quicker to walk than take a bus.

လမ်းလျှောက်သွားရတာဟာ ဘတ်စ်ကားနဲ့ သွားတာထက် တစ်ခါတစ်ရံမှာ ပိုမြန်တယ်။

**g.** အခြားသော နှိုင်းယှဉ်ချက် ဥပမာများ–

You are as obstinate as a mule.

သင်သည် လားတစ်ကောင်လောက် ခေါင်းမာသည်။

This one is the better of the two.

နှစ်ခုအနက် ဤဟာ ပိုကောင်းသည်။

Chinchilla is more expensive than mink.

အမေရိကတောင်ပိုင်း ရှဉ့်မွေးသည် ဖျံမွေးရှည်ထက် ပိုဈေးကြီးသည်။

Helen was the most beautiful woman in Greece.

ဟယ်လင်သည် ဂရိနိုင်ငံ၌ အလှဆုံးအမျိုးသမီး ဖြစ်ခဲ့သည်။

In old stories the youngest of the family is always the hero.

ရှေးဟောင်းပုံပြင်များ၌ မိသားစုထဲမှ အငယ်ဆုံးသောသူသည် အမြဲတစေ လူစွမ်းကောင်းဖြစ်သည်။

**17. than သို့မဟုတ် as နောက်၌ နာမ်စားလိုက်**

**than** သို့မဟုတ် **as** နောက်၌ **third person pronoun** လိုက်ပါတဲ့အခါ ကြိယာကို ဖျောက်မထားဘဲ ထုတ်ဖော်ရေးတယ်။

He has more money than she has.

သူ့တွင် သူမမှာထက် ပိုက်ဆံပိုရှိသည်။

We are taller than they are.

ကျွန်ုပ်တို့သည် သူတို့ထက် အရပ်ပိုမြင့်ကြသည်။

I am not as clever as he is.

ကျွန်ုပ်သည် သူလောက် မတော်ပါ။

than သို့မဟုတ် as နောက်၌ first person သို့မဟုတ် second person pronoun လိုက်ပါလာတဲ့အခါမှာ ထုံးစံအတိုင်း ကြိယာကို ဖော်မရေးဘဲ ဖျောက်ထားနိုင်တယ်။

I am not as old as you.

ကျွန်ုပ်သည် သင့်လောက် အသက်မကြီးပါ။

He has more time than I.

သူ့မှာ ကျွန်ုပ်ထက် အချိန်ပိုရှိသည်။

ကြိယာကို ထုတ်ဖော်မရေးဘဲ ဖျောက်ထားပေမယ့် စည်းကမ်းစနစ်အတိုင်း ရေးသားတဲ့ အင်္ဂလိပ်စာ (formal English) မှာ နာမ်စားဟာ ကြိယာရဲ့ ကတ္တားလို့သာ ယူဆခြင်းခံရတယ်။ nominative case အဖြစ်သာ ရပ်တည်တယ်။

ဒါပေမယ့် စည်းကမ်းစနစ်အတိုင်း မဟုတ်ဘဲ ပြောဆိုရေးသားတဲ့ အင်္ဂလိပ်စကား (informal English) မှာတော့ နာမ်စားကို ခံရသူအဖြစ် အောက်ပါအတိုင်း သုံးနှုန်းကြသည်ကိုလဲ တွေ့နိုင်တယ်။

He has more time than me.

သူ့မှာ ကျွန်ုပ်ထက် အချိန်ပိုရှိသည်။

mgyoe.com

mgyoe.com

They are wiser than us.
သူတို့သည် ကျွန်ုပ်တို့ထက် ဉာဏ်ပညာရှိကြသည်။
(နှိုင်းယှဉ်ချက်များကို ကြိယာဝိသေသနများနဲ့တွဲပြီး ရေးသား သုံးနှုန်းတဲ့ အခါမှာလဲ ဒီစည်းကမ်းချက်အတိုင်းဖြစ်တယ်။ Section 66 ရှု။)

18. နာမ်များအဖြစ် အသုံးပြုထားတဲ့ အရည်အချင်းပြ နာမဝိသေသနများ

good / bad, poor / rich, healthy / sick, young / old, living / dead တို့နဲ့တကွ လူတို့ရဲ့စရိုက် သို့မဟုတ် အခြေအနေကို ဖော်ပြတဲ့ အခြားနာမဝိသေသန အချို့ရဲ့ရှေ့မှာ the ကို ထားရှိသုံးနှုန်းပြီး အတန်းအစား တစ်ရပ်လုံးကို ကိုယ်စားပြုတဲ့ နာမ်ဗဟုဝုစ်ကိန်းအဖြစ် သုံးနိုင်တယ်။

| | | |
|---|---|---|
| the poor | = | poor people |
| ဆင်းရဲသားများ | = | ဆင်းရဲသောလူများ |
| the dead | = | dead people |
| သေသူများ | = | သေသောလူများ |

The poor are usually generous to each other.
ဆင်းရဲသားများသည် အချင်းချင်း ရက်ရောလေ့ရှိကြသည်။

After the battle they buried the dead.
တိုက်ပွဲအပြီး၌ သူတို့သည် အလောင်းများကို မြှုပ်နှံခဲ့ကြသည်။

ဤအသုံးအနှုန်းမျိုးတွေဟာ ဗဟုဝုစ်ကိန်း အဓိပ္ပာယ်ကို ဆောင်တယ်။ ယင်းတို့ရဲ့နောက်မှ ဗဟုဝုစ်ကိန်းကြိယာ လိုက်ရတယ်။

လူတစ်ဦးချင်း တစ်ယောက်ချင်းကို ဖော်ပြလိုရင် ဒီနည်းမျိုး ရေးလို့မရပါ။ နာမ်ကို ထည့်သွင်းရေးသားရတယ်။

The old receive pensions.
သက်ကြီးရွယ်အိုများသည် အငြိမ်းစားလစာ ရရှိကြသည်။
An old man usually receives a pension.
အဘိုးအိုတစ်ယောက်သည် အငြိမ်းစားလစာ ရရှိလေ့ရှိသည်။

the + adjective ကို နာမ်အဖြစ် အသုံးပြုရေးသားခြင်းသည် အမျိုးတူ အုပ်စုတစ်စုလုံးကို ခြုံငုံပြီး ပြောခြင်းဖြစ်ကြောင်း သတိပြုမှတ်သားပါ။ အမျိုးတူ တစ်ရပ်လုံးကို ယေဘုယျသဘော မရည်ညွှန်းလိုဘဲ သီးခြား တစ်စုတစ်ဖွဲ့လောက်ကိုသာ ရည်ညွှန်းပြောကြားလိုရင် သက်ဆိုင်ရာနာမ်ကို ထုတ်ဖော်ရေးသားရန် လိုအပ်တယ်။

The young are usually intolerant. (a general statement)
ငယ်ရွယ်သူများသည် ထုံးစံအတိုင်း သည်းမခံနိုင်ကြပေ။
(အားလုံးကို ယေဘုယျသဘော ဖော်ပြခြင်း)

The young men are fishing. (refers to particular young people)
လူငယ်များသည် ငါးများနေကြသည်။
(သီးခြား သတ်မှတ်ထားတဲ့ လူငယ်တစ်စုကိုသာ ရည်ညွှန်းတယ်)

19. one / ones နာမ်စားများနှင့် တွဲသုံးခြင်း

အရည်အချင်းပြ နာမဝိသေသနများကို one (ဧကဝုစ်ကိန်း) သို့မဟုတ် ones (ဗဟုဝုစ်ကိန်း) တို့ရဲ့ ရှေ့မှာထားပြီး သုံးနိုင်တယ်။ ဒီအခါမှာ သက်ဆိုင်ရာ နာမ်တွေကို ဖော်ပြရန် မလိုဘူး။ ရွေးချယ်တဲ့သဘော သို့မဟုတ် နှိုင်းယှဉ်တဲ့သဘောကို ဖော်ပြလိုတဲ့အခါ ဒီအသုံးအနှုန်းကို အသုံးပြုနိုင်တယ်။

I like those pencils; I'll take a blue one.
ကျွန်ုပ် ထိုခဲတံများကို ကြိုက်သည်။ အပြာရောင်တစ်ခု ယူမည်။

Small bananas are often better than big ones.
သေးငယ်သော ငှက်ပျောသီးများသည် ကြီးသောငှက်ပျောသီးများထက် ကောင်းလေ့ရှိကြသည်။

one အသုံးအနှုန်းကို the + superlative နဲ့ the + comparative တို့ရဲ့ နောက်မှာ ဖျောက်ပြီး သုံးနိုင်တယ်။ Section 15 ရှု။ အရောင်အသွေးကို ဖော်ပြတဲ့ နာမဝိသေသနတွေရဲ့ နောက်၌လည်း one ကို တစ်ခါတစ်ရံ ဖျောက်ထားလေ့ရှိတယ်။

I took the largest (one).
ကျွန်ုပ်သည် အကြီးဆုံးကို ယူခဲ့သည်။

I bought the more expensive (one) of the two.
နှစ်ခုတည်းမှ ပိုဈေးကြီးတာကို ကျွန်ုပ်ဝယ်ခဲ့သည်။

Which do you like? I like the blue (one).
ဘယ်ဟာ သင် ကြိုက်သလဲ။ ကျွန်ုပ် အပြာကို ကြိုက်သည်။
(အခြားသော နာမဝိသေသနများ၏ အကြောင်းကို နာမဝိသေသနများနှင့် နာမ်စားများအကြောင်း ဖော်ပြထားသည့် ရှေ့အခန်းတွင်ရှု။)

○ ○ ○ ○ ○

mgyoe.com

mgyoe.com

# Chapter 4

## DEMONSTRATIVE, DISTRIBUTIVE AND QUANTITATIVE ADJECTIVES AND PRONOUNS

## ညွှန်ပြ၊ ခွဲဝေနှင့် အရေအတွက်ပြ နာမဝိသေသနများနှင့် နာမ်စားများ

### Demonstrative Adjectives and Pronouns
### ညွှန်ပြ နာမဝိသေသနများနှင့် နာမ်စားများ

20. **Form သဏ္ဌာန်**

ညွှန်ပြ နာမဝိသေသနများနဲ့ နာမ်စားများကတော့ အောက်ပါတို့ ဖြစ်ကြတယ်။

this (ကေဝုစ်ကိန်း) these (ဗဟုဝုစ်ကိန်း)
that (ကေဝုစ်ကိန်း) those (ဗဟုဝုစ်ကိန်း)

အထက်မှာ ဖော်ပြပြီးဖြစ်တဲ့အတိုင်း ညွှန်ပြနာမဝိသေသနများဟာ နာမဝိသေသန အားလုံးအနက် ကေဝုစ်ကိန်း ဗဟုဝုစ်ကိန်းရှိတဲ့ တစ်ခုတည်းသော နာမဝိသေသနများ ဖြစ်ကြတယ်။ ယင်းတို့ဟာ ယင်းတို့ အထူးပြုမယ့် နာမ်များနဲ့ ကိန်းချင်း ကိုက်ညီဖို့လိုတယ်။

| | | | |
|---|---|---|---|
| this man | these men | this girl | these girls |
| ဤလူ | ဤလူများ | ဤမိန်းကလေး | ဤမိန်းကလေးများ |
| that cow | those cows | that tree | those trees |
| ထိုနွားမ | ထိုနွားမများ | ထိုသစ်ပင် | ထိုသစ်ပင်များ |

**နာမ်စားများအဖြစ် အသုံးပြုပုံ ပြနည်းများ**

This is my brother; these are my brothers.
ဤဟာသည် ကျွန်ုပ်၏ အစ်ကိုဖြစ်သည်။ ဤဟာများသည် ကျွန်ုပ်၏ အစ်ကိုများ ဖြစ်ကြသည်။
That is my sister; those are my sisters.
ထိုဟာသည် ကျွန်ုပ်၏ အစ်မဖြစ်သည်။ ထိုဟာများသည် ကျွန်ုပ်၏ အစ်မများ ဖြစ်ကြသည်။
What is that? It is a rat.
ထိုဟာဘာလဲ။ ထိုဟာသည် ကြွက်တစ်ကောင်ဖြစ်သည်။
What are those? They are melons.
ထိုဟာများသည် ဘာများဖြစ်ကြသလဲ။ ယင်းတို့သည် ဖရဲသီးများဖြစ်ကြသည်။

21. **နာမ်စားဖြစ်တဲ့ one / ones နဲ့ တွဲသုံးပုံ**

နှိုင်းယှဉ်ပြလိုတဲ့သဘော သို့မဟုတ် ရွေးချယ်လိုတဲ့ သဘောကို တင်ပြလိုရင် ညွှန်ပြနာမဝိသေသနများရဲ့ နောက်မှာ နာမ်စား one/ones ကို ထားသုံးလေ့ရှိတယ်။ ဒါပေမယ့် ညွှန်ပြနာမဝိသေသနရဲ့ နောက်မှာ အခြား နာမဝိသေသန တစ်ခု လိုက်ပါလာတဲ့အခါမှသာ ယင်းတို့ကိုထည့်ရန် လိုအပ်တယ်။ အခြားနာမဝိသေသနတစ်ခု ပါမလာရင်တော့ one / ones ကို ထည့်လိုလျှင် ထည့်နိုင်သလို၊ ဖျောက်လိုလျှင်လဲ ဖျောက်ထားနိုင်တယ်။

That chair is too big; I'll sit in this (one).
ထိုကုလားထိုင် ကြီးလွန်းသည်။ ကျွန်ုပ် ဤဟာပေါ်မှာ ထိုင်မည်။
Don't buy those oranges; buy these (ones).
ထိုလိမ္မော်သီးများကို မဝယ်ပါနှင့်။ ဤဟာများကို ဝယ်ပါ။
I want a cake. I'll buy this chocolate one.
ကျွန်ုပ် ကိတ်မုန့်တစ်လုံး အလိုရှိသည်။ ချောကလက်နံ့ပါသည့် ဤကိတ်မုန့်ကို ဝယ်မည်။
You carry the heavy cases; I'll bring these light ones.
သင်က လေးသည့် သေတ္တာများကို သယ်ပါ။ ကျွန်ုပ် ဤပေါ့သည့် သေတ္တာများကို ယူလာမည်။

(one / ones ဟာ နောက်ဆုံး ဥပမာနှစ်ခုမှာ မထည့်မဖြစ်။ ပထမဥပမာနှစ်ခုမှာတော့ မထည့်မဖြစ် မဟုတ်ကြောင်း သတိပြုပါ။)

### Distributive Adjectives and Pronouns
### ခွဲဝေ နာမဝိသေသနများနှင့် နာမ်စားများ

| | | | |
|---|---|---|---|
| 22. | each | every | everyone |
| | စီ၊ အသီးသီး | တိုင်း | တစ်ယောက်တိုင်း |
| | everybody | everything | |
| | လူတိုင်း | အရာဝတ္ထုတိုင်း | |

a. each က (နာမဝိသေသန + နာမ်စား)၊ every က (နာမဝိသေသန) ဖြစ်တယ်။ နှစ်ခုစလုံး all (အားလုံး) လို့ အဓိပ္ပာယ်ရတယ်။ ခြားနားချက်ကလေး အနည်းငယ်မျှသာ အောက်ပါအတိုင်းရှိတယ်။

each/every က လူများ / အရာဝတ္ထုများ အများအပြားကို တစ်ဦးချင်းတစ်ခုချင်းအနေနဲ့ ဖော်ပြတယ်။ all (အားလုံး) က လူများ / အရာဝတ္ထုများ အများအပြားကို တစ်စုတစ်ဝေးတည်းအနေနဲ့ ဖော်ပြတယ်။ each နဲ့ every ရဲ့ နောက်မှာ ကြိယာ ကေဝုစ်ကိန်းလိုက်တယ်။ သူတို့နှစ်ခုရဲ့ အရေးကြီးတဲ့ ခြားနားချက်တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

1. each ကို နာမဝိသေသန အဖြစ်သာမက နာမ်စားအဖြစ်ပါ သုံးနိုင်တယ်။ every ကိုတော့ နာမဝိသေသန အဖြစ်သာ သုံးနိုင်တယ်။ နာမ်စားအဖြစ် မသုံးနိုင်ဘူး။

mgyoe.com

mgyoe.com

2. each ကို နှစ်ယောက်နှစ်ခု သို့မဟုတ် နှစ်ယောက်နှစ်ခုထက် ပိုတဲ့ လူများ / အရာဝတ္ထုများအတွက် သုံးနိုင်တယ်။ every ကိုတော့ သေးငယ်တဲ့အရေအတွက် (အဓိကအားဖြင့် နှစ်ခု) ကို ဖော်ပြရန်အတွက် သုံးလေ့မရှိဘူး။

Two boys entered. Each (boy) was carrying a suitcase.

လူကလေးနှစ်ယောက် ဝင်လာခဲ့သည်။ အသီးသီး လက်ဆွဲသေတ္တာတစ်လုံး သယ်ဆောင်လာခဲ့သည်။ (ဒီဝါကျမှာ every ကို မသုံးနိုင်ပါ။)

Every (or each) man carried a torch.

လူတိုင်း သို့မဟုတ် အသီးသီး လက်နှိပ်ဓာတ်မီးတစ်ခု ယူဆောင်ခဲ့သည်။

လူနှစ်ယောက်ထက်များတဲ့ သဘောကို ဆောင်တဲ့အတွက် every ဖြစ်စေ each ဖြစ်စေ သုံးနိုင်တယ်။

(reciprocal pronoun ဖြစ်တဲ့ each other အသုံးအနှုန်းရဲ့ အကြောင်းကို section 46 မှာရှု။)

b. နာမ်စားများဖြစ်ကြတဲ့ every one, everybody တို့ကတော့ 'all people' သို့မဟုတ် 'all the people' လို့ အဓိပ္ပာယ်ရပြီး မူလဘူတအားဖြင့် အထက်ဖော်ပြပါ every / each + boy / man အသုံးအနှုန်းများရဲ့အစား သုံးစွဲတယ်။ everyone နဲ့ everybody တို့ရဲ့အကြားမှာ အဓိပ္ပာယ်ခြားနားမှု မရှိပါဘူး။ နှစ်ခုစလုံး ကြိယာ ကေဝုစ်ကိန်းများနဲ့တွဲတယ်။

နာမ်စားဖြစ်တဲ့ everything က 'all things' သို့မဟုတ် 'all the things' လို့ အဓိပ္ပာယ်ရတယ်။ မူလဘူတအားဖြင့် them ရဲ့အစား သုံးတယ်။ ကြိယာ ကေဝုစ်ကိန်းနဲ့တွဲတယ်။

'all people' နဲ့ 'all things' အသုံးအနှုန်းများကို ကြားရတွေ့ရခဲတယ်။ 'all the people / all the things' + အထူးပြုတဲ့ စာပိုဒ်တစ်ခု–ရေးထုံးမျိုးသာ တွေ့ရတတ်တယ်။ (အောက်ပါဥပမာကိုရှု။) ဒါပေမယ့် အသုံးအများဆုံး အတွင်ကျယ်ဆုံးကတော့ everyone / everybody သို့မဟုတ် everything ရေးထုံးသာဖြစ်တယ်။

| | | |
|---|---|---|
| Everyone likes him | = | All the people who know him like him. |
| လူတိုင်း သူ့ကို နှစ်သက်သည်။ | = | သူ့ကို သိသမျှ လူအားလုံးသည် သူ့အား နှစ်သက်ကြသည်။ |
| Everybody clapped | = | All the people in the room clapped. |
| လူတိုင်း လက်ခုပ်တီးခဲ့သည်။ | = | အခန်းထဲ၌ ရှိသောလူအားလုံး လက်ခုပ်တီးခဲ့ကြသည်။ |
| Everything that he said was true | = | All that he said was true. |
| သူပြောခဲ့သည့် အရာတိုင်း မှန်ကန်ခဲ့သည်။ | = | သူပြောခဲ့တာ အားလုံး မှန်ကန်ခဲ့သည်။ |

23. **either နဲ့ neither** (နာမ်စားများနှင့် နာမဝိသေသနများ) **either** က နှစ်ယောက် သို့မဟုတ် နှစ်မျိုးထဲမှ တစ်ခုလို့ အဓိပ္ပာယ်ရတယ်။

| | |
|---|---|
| I will take either. | It doesn't matter which. |
| တစ်ခုခုယူမယ်။ | ဘယ်ဟာဖြစ်ဖြစ် ကိစ္စမရှိဘူး။ |

Do you like either of these? No, I don't like either.

ဒီနှစ်ခုတည်းက တစ်ခုခုကို ခင်ဗျားကြိုက်သလား။ ဟင့်အင်း ... ဘယ်ဟာမှ မကြိုက်ဘူး။

| | | |
|---|---|---|
| neither + affirmative verb | = | either + negative verb |
| I like neither. | = | I don't like either. |

ဒီဝါကျနှစ်ခုစလုံး ကျွန်တော်ဘယ်ဟာမှ မကြိုက်ဘူးလို့ အဓိပ္ပာယ်ရတယ်။

ဒါပေမယ့် ဝါကျတစ်ခုရဲ့ ထိပ်ဆုံးအစမှာဆိုရင် neither ကို ပိုသုံးလေ့ရှိတယ်။ မေးခွန်းတစ်ခုရဲ့ ငြင်းဆိုချက် အဖြေ (negative answer) အဖြစ် neither ကို တစ်လုံးတည်းလဲ သုံးတယ်။

Neither of them was good.

သူတို့အနက် ဘယ်ဟာမှ မကောင်းဘူး။

Which did you buy? Neither.

ခင်ဗျား ဘယ်ဟာ ဝယ်ခဲ့သလဲ။ ဘယ်ဟာမှ မဝယ်ခဲ့ဘူး။

(neither နဲ့ either ရဲ့ အခြား သုံးပုံသုံးနည်းများကို sections 94 နဲ့ 107 C တို့တွင်ရှု။)

## Quantitative Adjectives and Pronouns
## အရေအတွက်ပြ နာမဝိသေသနများနှင့် နာမ်စားများ

24. ယင်းတို့အထဲမှာ ၁၊ ၂၊ ၃ စသည်ဖြင့် သချင်္ာနာမဝိသေသန အရေအတွက်ပြ ဂဏန်းအားလုံး (numerals) ပါဝင်တဲ့အပြင်၊ a, (နာမဝိသေသနသာ) one, some, any, no (နာမဝိသေသနသာ) none (နာမ်စားသာ) much, many, little, few တို့ ပါဝင်ကြတယ်။

**numerals** များရဲ့ အကြောင်းကို sections 297-9 တွင်ရှု။ အရေအတွက်ပြ နာမဝိသေသနများ အတွက်ရော နာမ်စားများအတွက်ပါ သင်္ကေတတစ်ခုတည်းသာ ရှိတဲ့အတွက်ကြောင့် အခက်အခဲ မရှိပါဘူး။

He has six pens; I have six.

သူ့မှာ ခြောက်ခုသော မင်တံများရှိသည်။ ကျွန်ုပ်မှာ ခြောက်ခုရှိသည်။

ဒီဝါကျပိုင်းနှစ်ပိုင်းကို ကြည့်လိုက်ရင် ပထမပိုင်းမှာပါတဲ့ **six** က နာမဝိသေသန၊ ဒုတိယပိုင်းမှာပါတဲ့ **six** က နာမ်စားဖြစ်နေတာ အလွယ်တကူ တွေ့မြင်နိုင်ပါတယ်။ အောက်က ဝါကျပိုင်း နှစ်ပိုင်းမှာလဲ ဒီနည်းအတိုင်းပဲဖြစ်တယ်။

mgyoe.com

mgyoe.com

Tom wrote ten letters; Joan wrote four.
တွမ်သည် ဆယ်ခုသော စာများကို ရေးခဲ့သည်။ ဂျုံးသည် လေးခု ရေးခဲ့သည်။

number ရဲ့နောက်က အောက်ပါအတိုင်း နာမဝိသေသန တစ်လုံးတည်း လိုက်ပါလာတဲ့အခါမှာ one / ones နာမ်စားကို ထည့်ရေးတယ်။

Do you have any apple trees? I have six old ones.
မင်းမှာ ပန်းသီးပင်တွေ ရှိသလား။ ငါ့မှာ ပင်အို ခြောက်ပင် ရှိတယ်။

**25. a နှင့် one**

**a.** နာမဝိသေသန one နဲ့ a / an တို့ဟာ အမြဲတစေ အလဲအလှယ်လုပ်ပြီး သုံးလို့ရတဲ့ အခြေအနေမှာ ရှိနေတာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုရင် a handkerchief ဆိုတာ သီးခြားသတ်မှတ်ထားတဲ့ လက်ကိုင်ပဝါ မဟုတ်ဘူး။ တစ်စုံတစ်ခုသော လက်ကိုင်ပဝါလို့ ဆိုလိုခြင်းသာဖြစ်တယ်။ 'one handkerchief' ကတော့ လက်ကိုင်ပဝါ နှစ်ခု သုံးခု မဟုတ်ဘူး။ တစ်ခုလို့ အရေအတွက်ကို ဖော်ပြခြင်းသာဖြစ်တယ်။

A shotgun is not good. (i.e. it is the wrong sort of thing.)
ကြက်ငှက်ပစ် သေနတ်ပေါ့တစ်လက်ဟာ အရာမရောက်ဘူး။ (ဆိုလိုရင်းကတော့ အသုံးမဝင်ဘူး။ အလုပ်မဖြစ်ဘူး။)

One shotgun is no good. (i.e. I need two or three.)
ကြက်ငှက်ပစ် သေနတ်ပေါ့တစ်လက်ဟာ အရာမရောက်သေးဘူး။ (ဆိုလိုချင်တာက နှစ်လက် သို့မဟုတ် သုံးလက် လိုချင်တယ် ဆိုတဲ့သဘော)

ခြားနားမှုကို နှိုင်းယှဉ်ဖော်ပြရာမှာ လေးနက်စေရန်အတွက် one ကို other, others စသည်တို့နဲ့ တွဲပြီး သုံးနှုန်းပုံကို သတိပြုပါ။

A man showed me the way.
လူတစ်ယောက်သည် ကျွန်ုပ်ကို လမ်းပြခဲ့သည်။

**b.** a / an ကို နာမ်စားအဖြစ် သုံးလို့ မရပါ။ one ကိုတော့ နာမ်စားအဖြစ် သုံးလို့ရတယ်။

One of my friends
ကျွန်ုပ်၏ သူငယ်ချင်းတွေထဲက တစ်ယောက်
Reserve a table, and try to get one near the door.
စားပွဲတစ်လုံး ကြိုတင်မှာကြားထားပါ။ တံခါးပေါက်နားမှာ ရှိတာကို ရအောင်ကြိုးစားပါ။

တစ်စုံတစ်ခုဖြစ်ပွားခဲ့တဲ့ သတ်မှတ်ထားတဲ့ အချိန်တစ်ချိန်ကို ရည်ညွှန်းဖော်ပြရန်အတွက် one ကို day, week, month စသည်တို့ရဲ့ ရှေ့မှာထားသုံးတယ်။

One day a telegram arrived.
တစ်နေ့၌ သံကြိုးစာတစ်စောင် ရောက်လာခဲ့သည်။
One night there was a terrible storm.
တစ်ညသ၌ ကြောက်စရာကောင်းသော မုန်တိုင်းကျရောက်ခဲ့သည်။
သို့သော်လည်း
A rainy day is very common in England.
မိုးရွာသော နေ့တစ်နေ့သည် အင်္ဂလန်ပြည်၌ ဖြစ်ရိုးဖြစ်စဉ် တစ်ရပ်သာဖြစ်သည်။
He spent a night in Paris.
သူသည် ပဲရစ်မြို့၌ တစ်ညတာ ကုန်လွန်ခဲ့သည်။

**26. some, any**

**Some** နဲ့ **any** တို့ကို ရေတွက်လို့ရတဲ့ ဗဟုဝစ်ကိန်းနာမ်တွေ ရှေ့မှာရော ရေတွက်လို့မရတဲ့ နာမ်ရဲ့ ရှေ့မှာပါ သုံးနိုင်တယ်။ ယင်းတို့ဟာ နာမ်စားဖြစ်နိုင်သလို နာမဝိသေသန လည်းဖြစ်နိုင်တယ်။ **some** ကို ဟုတ်ဝါကျများ (affirmative sentences) မှာ သုံးတယ်။

I'll cut you some bread, shall I ?
ငါ မင်းအတွက် ပေါင်မုန့်အချို့ လှီးပေးမယ်။ လှီးပေးရမလား။
No thanks, I've still got some.
နေပါစေ၊ ကျေးဇူးတင်ပါတယ်။ ငါ့မှာ အချို့ရှိပါသေးတယ်။

any သုံးပုံသုံးနည်းများ

**a.** မဟုတ်ဝါကျများ (negative sentences) မှာ သုံးတယ်။
I don't have any butter, and he doesn't have any either.
ကျွန်ုပ်မှာ ထောပတ် အနည်းငယ်မျှမရှိပါ။ သူ့မှာလဲ အနည်းငယ်မျှမရှိပါ။
He doesn't have any friends.
သူ့မှာ သူငယ်ချင်းများ အနည်းငယ်မျှမရှိပါ။

**b.** ရာခိုင်နှုန်းပြည့် နီးပါး မ–မဟုတ် အဓိပ္ပာယ်ရှိတဲ့ hardly, scarcely, barely တို့ရဲ့ နောက်မှာ ထားသုံးတယ်။ (Section 76 ရှု။)
I have hardly any money.
ကျွန်ုပ်မှာ ပိုက်ဆံမရှိသလောက် ဖြစ်တယ်။

**c.** အမေး ဝါကျတွေမှာ သုံးတယ်။
Do you have any money ?
မင်းမှာ ပိုက်ဆံအချို့ရှိသလား။
Did you see any swans?
မင်း ဘဲငန်းကြီးအချို့ကို မြင်ခဲ့သလား။

ဒါပေမယ့် မေးခွန်းဟာ မေးခွန်းအစစ် မဟုတ်ဘဲ ဖိတ်ကြားချက်တစ်ခု သို့မဟုတ် ပန်ကြားချက်တစ်ခု (an invitation or a request) ဖြစ်နေလို့ရှိရင် some ကို သုံးတယ်။

mgyoe.com

mgyoe.com

Will you have some tea?
လက်ဖက်ရည်အချို့လောက် (သို့မဟုတ် – နည်းနည်းလောက်) သောက်ပါဦးလား။
Would you like some wine?
ဝိုင်အရက် နည်းနည်းလောက် သုံးဆောင်လိုပါသလား။
Will you carry some of these bottles for me please?
ကျေးဇူးပြုပြီး ဟောဒီ ပုလင်းတွေကို ကျွန်ုပ်အတွက် သင် သယ်ပေးပါလား။

ထို့အပြင် ဟုတ်ကဲ့အဖြေ (yes answer) ကို မျှော်လင့်ပြီး မေးတဲ့အခါ အမေးဝါကျမှာ some သုံးနိုင်တယ်။

I heard a knock; is there someone at the door?
တံခါးခေါက်သံ တစ်ချက်ကြားရတယ်။ တံခါးပေါက်မှာ တစ်စုံတစ်ယောက် ရောက်နေသလား။
Did he see some tall men with black beards?
(I know that they were there, so feel sure that he saw them).
မုတ်ဆိတ်မည်းမည်းတွေနဲ့ လူရှည်ကြီးအချို့ သူမြင်ခဲ့သလား။ (အဲဒီလူတွေ ရှိနေခဲ့ကြကြောင်း ကျွန်ုပ်သိတယ်။ ထို့ကြောင့် သူက သူတို့ကို တွေ့မြင်ခဲ့တယ်လို့လဲ အသေအချာ ခံယူထားတယ်။)

d. If ရဲ့နောက်မှာ သုံးတဲ့အပြင် မသေချာမရေရာတဲ့ သဘော (ဝါ) သံသယဖြစ်တဲ့ သဘောကို ဖော်ပြလိုတဲ့ အခါမှာလဲ သုံးတယ်။
I don't think that there is any milk in the house.
အိမ်ထဲမှာ နွားနို့အချို့ရှိတယ်လို့ ကျွန်တော် မထင်ခဲ့ဘူး။
If I find any of your books, I'll send them to you.
ခင်ဗျားရဲ့ စာအုပ်အချို့ကို ကျွန်တော် တွေ့လို့ရှိရင် ခင်ဗျားဆီကို ပို့လိုက်မယ်။
If you have any difficulty, ask me for help.
ခင်ဗျားမှာ အခက်အခဲ တစ်စုံတစ်ရာရှိရင် ကျွန်တော့်ဆီ အကူအညီတောင်းပါ။

e. ရှိရှိသမျှတွေထဲက ဘယ်ဟာဖြစ်ဖြစ်ဆိုတဲ့သဘော သို့မဟုတ် တစ်သီးတခြား သတ်မှတ်ချက် မရှိတဲ့သဘောကို အဓိပ္ပာယ်ဆောင်လိုတဲ့အခါမှာ သုံးတယ်။
Any book about riding will tell you how to mount a horse.
မြင်းစီးတဲ့အကြောင်း ရေးထားတဲ့ ဘယ်စာအုပ်ပဲဖြစ်ဖြစ် မြင်းတစ်ကောင်ပေါ်ကို ဘယ်လိုတက်ရမည် ဆိုတာတော့ မင်းကို ပြောပြမှာပဲ။
Anybody will show you the way (i.e. everybody knows the way so that you can ask the first person you see.)
ဘယ်သူပဲဖြစ်ဖြစ် မင်းကို လမ်းပြလိမ့်မယ်။ (ဆိုလိုချင်တာက လူတိုင်း လမ်းသိတယ်။ ဒါကြောင့် မင်းတွေ့တဲ့ ပထမဆုံးလူကို မေးလိုက်ရင် ရနိုင်တယ်လို့ဖြစ်တယ်။)

27. **no နှင့် none**

**no** နဲ့ **none** ကို ဟုတ်ကြောင်း ဖော်ပြတဲ့ ကြိယာများ (affirmative verbs) နဲ့ တွဲပြီး မဟုတ်ဝါကျ (negative sentence) အဖြစ် သုံးနိုင်တယ်။ ဒါကြောင့် အထက်မှာ ဖော်ပြပြီးဖြစ်တဲ့ negative + verb + any အသုံးအနှုန်းရဲ့ အပြောင်းအလဲအဖြစ် ရေးသားနိုင်တယ်။

any က နာမ်စားရော နာမဝိသေသနပါဖြစ်ကြောင်း
no က နာမဝိသေသနသာဖြစ်ကြောင်း
none က အမြဲတမ်း နာမ်စားဖြစ်ကြောင်းတို့ကို မှတ်သားပါ။

I don't have any apples. ကျွန်ုပ်မှာ ပန်းသီးအချို့ မရှိပါ။
He doesn't have any. သူ့မှာလဲ အချို့ မရှိပါ။
He did not eat any nuts. သူသည် အခွံမာသီး အချို့ကို မစားခဲ့ပါ။
He did not eat any. သူသည် အချို့ကို မစားခဲ့ပါ။
I have no apples. ကျွန်ုပ်မှာ ပန်းသီးများ မရှိပါ။
I have none. ကျွန်ုပ်မှာ တစ်စုံတစ်ရာ မရှိပါ။
He ate no nuts. သူသည် အခွံမာသီးများကို မစားခဲ့ပါ။
He ate none. သူသည် တစ်စုံတစ်ရာ မစားခဲ့ပါ။

28. **some, any, no** တို့ပါဝင်တဲ့ နှစ်လုံးတွဲ အသုံးအနှုန်း (compounds) များ ရေးသားရာမှာလဲ အထက်ပါ စည်းကမ်း ဥပဒေအတိုင်းပဲဖြစ်တယ်။

| | | |
|---|---|---|
| someone | somebody | something |
| တစ်စုံတစ်ယောက် | တစ်စုံတစ်ယောက် | တစ်စုံတစ်ခု |
| anyone | anybody | anything |
| တစ်စုံတစ်ယောက် | တစ်စုံတစ်ယောက် | တစ်စုံတစ်ခု |
| no one | nobody | nothing |
| မည်သူတစ်ယောက်မျှ | မည်သူတစ်ယောက်မျှ | ဘာမျှ |

I know something. ကျွန်ုပ် တစ်စုံတစ်ခုကို သိသည်။
Do you know anything? သင် တစ်စုံတစ်ခုကို သိသလား။
You do not know anything. သင် တစ်စုံတစ်ခုကို မသိဘူး။
You know nothing. သင် ဘာမျှမသိဘူး။

29. **many နှင့် much**

**many** ကို ရေတွက်လို့ရတဲ့နာမ် ဗဟုဝုစ်ကိန်းရဲ့ ရှေ့မှာ သုံးတယ်။ **much** ကို ရေတွက်လို့ မရတဲ့ နာမ်ရှေ့မှာထား သုံးတယ်။

mgyoe.com

mgyoe.com

We don't have much money.
ကျွန်ုပ်တို့မှာ များစွာသော ငွေကြေးမရှိပါ။
He didn't make many mistakes.
သူသည် များစွာသော အမှားများကို မပြုလုပ်ခဲ့ပါ။

မှတ်ချက်။ ။ အင်္ဂလိပ်ဘာသာမှာ money ကို ရေတွက်လို့ မရတဲ့နာမ်အဖြစ် မှတ်ယူကြောင်း သတိပြုပါ။ တကယ်တော့ လဲ လူတွေ ရေတွက်နေကြတာဟာ money ငွေကြေးကို မဟုတ်ဘဲ အရွက်များ၊ အချပ်များ၊ အစေ့များကိုသာဖြစ်တယ်။

many နဲ့ much နှစ်ခုစလုံးကို နာမ်စားအဖြစ် သုံးနိုင်တယ်။

You have plenty of petrol but I don't have much.
သင့်မှာ ဓာတ်ဆီအများအပြား ရှိသည်။ သို့သော် ကျွန်ုပ်မှာ များများ မရှိပါ။
Tom gets lots of letters but Ann doesn't get many.
တွမ်သည် စာ အမြောက်အမြား လက်ခံရရှိသည်။ သို့သော် အင်သည် များများမရရှိပါ။

many ကို ဟုတ်ကြောင်း ဖော်ပြတဲ့ ကြိယာတစ်ခု (affirmative verb) ရဲ့ ကံပုဒ်အဖြစ်ဖြစ်စေ၊ ကံပုဒ်ရဲ့အစိတ်အပိုင်းတစ်ရပ်အဖြစ်ဖြစ်စေ သုံးနှုန်းလေ့ မရှိဘူး။ ဒီအခါမျိုးမှာ a lot (of) နဲ့ အစားထိုး သုံးနှုန်းလေ့ရှိတယ်။
She has a lot of hens.
ရေးထုံးက ......
She has many hens.
ရေးထုံးထက် ပိုပြီးတော့ အသုံးအနှုန်းများတယ်။ တွင်ကျယ်တယ်။

ဒါပေမယ့် many ရဲ့ရှေ့မှာ a good / a great ရှိနေရင် a lot of နဲ့ အစားထိုး သုံးနှုန်းဖို့ မလိုဘူး။
She has a good many hens / a great many hens.
သူမမှာ မြောက်မြားစွာသော ကြက်မများရှိသည်။

much ကို affirmative verbs များနဲ့တွဲပြီး ကံပုဒ်ရှေ့မှာထားကာ သုံးနှုန်းလေ့မရှိဘူး။ ဒီလိုသုံးဖို့ လိုအပ်လာတဲ့အခါမှာ a lot of, a great deal (of) တို့နဲ့ အစားထိုးသုံးတယ်။ အောက်ပါ ဝါကျနှစ်ကြောင်းကို နှိုင်းယှဉ်ကြည့်ပါ။
These cars use a great deal of petrol / a lot of petrol.
ဤကားများသည် ဓာတ်ဆီ အများအပြားသုံးသည်။
A lot of time / a great deal of time / much time was wasted.
မြောက်မြားစွာသော အချိန်သည် အလဟဿ ကုန်လွန်ခဲ့သည်။

## 30. little နှင့် few

little ကို ရေတွက်လို့မရတဲ့ နာမ်များရဲ့ရှေ့မှာသုံးတယ်။
little milk
မရှိသလောက် နွားနို့

few ကို ရေတွက်လို့ရတဲ့ နာမ်များရဲ့ ရှေ့မှာသုံးတယ်။
few bottles
မရှိသလောက် ပုလင်းများ
နှစ်ခုစလုံးကို နာမ်စားများအဖြစ် သုံးနိုင်တယ်။
(a little / a few အသုံးအနှုန်းကို Section 2 f မှာရှု)

little / few ဟာ ပါးရှားမှု သို့မဟုတ် ကင်းမဲ့မှုကို ဖော်ပြတယ်။ မရှိ မဟုတ် နီးပါး အဓိပ္ပာယ်သက်ရောက်တယ်။
There is little good agricultural land here.
= there is not much good land.
= there is hardly any good land.
ဒီမှာ စိုက်ပျိုးလို့ရတဲ့ မြေကောင်း မရှိသလောက်ဘဲ။

Few towns have such a splendid market place.
= Hardly any towns have ...
= Not many towns have ...
ဒီလောက်ခမ်းနားတဲ့ ဈေးကွင်းရှိတဲ့မြို့ မရှိသလောက်ဘဲ။

little နဲ့ few ကို အထက်ပါ ပုံစံအတိုင်း သုံးနှုန်းမှုဟာ အင်္ဂလိပ်ဘာသာမှာ စာရေးသားတဲ့အခါနဲ့ စည်းကမ်းတကျ စကားပြောတဲ့အခါမှာသာ အသုံးများတယ်။ စည်းကမ်းတကျ မဟုတ်ဘဲ သာမန် ထမင်းစားရေသောက် ပြောတဲ့အခါမျိုးမှာတော့ hardly any ကို ဖြစ်စေ not many / much ကိုဖြစ်စေ much/many နဲ့မဟုတ် ကြိယာ (negative verb) ကို တွဲ၍ဖြစ်စေ သုံးနှုန်းလေ့ရှိတယ်။
We saw little on account of the fog.
ဆီးနှင်းကြောင့် ကျွန်ုပ်တို့ မမြင်ခဲ့ရသလောက်ဘဲ။
လို့ ပြောမယ့်အစား
We saw hardly anything.
We didn't see much.
လို့ ပိုမိုအသုံးများတယ်။
Few people come this way.
ဒီလမ်းကို လူ မလာသလောက်ဘဲ။
ရဲ့အစား အောက်ပါအတိုင်း ပိုမိုပြောဆိုလေ့ ရှိကြတယ်။
Hardly anyone comes this way.
Not many people come this way.

ဒါပေမယ့် little နဲ့ few ရဲ့ရှေ့မှာ very, too, extremely, comparatively အစရှိတဲ့ စကားလုံးတွေ တည်ရှိနေတဲ့ အခါမှာတော့ ယင်းတို့ကို စည်းကမ်းအတိုင်း မဟုတ်တဲ့ ပြောစကားမှာ သုံးစွဲလေ့ရှိတယ်။ တစ်နည်းတစ်ဖုံ အစားထိုး ပြောဆိုခြင်း မပြုကြဘူး။

I have very little time.
ကျွန်ုပ်မှာ အလွန့်ကို အချိန်မရှိသလောက်ဘဲ။
We have too few holidays.
ကျွန်ုပ်တို့မှာ အားလပ်ရက် လုံးဝ မရှိသလောက်ဘဲ။

* * * * *

mgyoe.com

mgyoe.com

# Chapter 5

## INTERROGATIVE ADJECTIVES, PRONOUNS, AND ADVERBS

## မေးခွန်းမေးသော နာမဝိသေသနများ၊ နာမ်စားများနှင့် ကြိယာဝိသေသနများ

31. **Interrogative adjectives and pronouns**
**မေးခွန်းမေးသော နာမဝိသေသနများနှင့် နာမ်စားများ**
**Form - သဏ္ဌာန်**

a. လူများအတွက် အသုံးပြုခြင်း
Nominative ပြုလုပ်သူသဏ္ဌာန် who (နာမ်စား)
Accusative ခံရသူသဏ္ဌာန် whom, who (နာမ်စား)
Possessive ပိုင်ဆိုင်သူသဏ္ဌာန် whose (နာမ်စားနဲ့ နာမဝိသေသန)

b. အရာဝတ္ထုများအတွက် အသုံးပြုခြင်း
Nom: – ပြုလုပ်သူသဏ္ဌာန် what (နာမ်စားနဲ့ နာမဝိသေသန)
Acc. – ခံရသူသဏ္ဌာန် what (နာမ်စားနဲ့ နာမဝိသေသန)

ရွေးချယ်ချက်ကို ဖော်ပြလိုတဲ့အခါ လူများ သို့မဟုတ် အရာဝတ္ထုများအတွက် အသုံးပြုခြင်း
Nom: – ပြုလုပ်သူသဏ္ဌာန် which (နာမ်စားနဲ့ နာမဝိသေသန)
Acc: – ခံရသူသဏ္ဌာန် which (နာမ်စားနဲ့ နာမဝိသေသန)

**what** နာမဝိသေသန 'ဘာ + နာမ်' ပုံစံ အသုံးအနှုန်းမျိုးကို လူများအတွက်လဲပဲ သုံးနိုင်တယ်။ (Section 33 လဲရှု။)

အထက်ဖော်ပြပါ နာမဝိသေသနများနဲ့ နာမ်စားများမှာ သဏ္ဌာန် တစ်မျိုးတည်းသာရှိပြီး ကေဝုစ်ကိန်းအတွက်ရော ဗဟုဝုစ်ကိန်းအတွက်ပါ သုံးနိုင်တယ်။

**who သုံးပုံသုံးနည်းများ**

Who took my gun? ဘယ်သူ ငါ့သေနတ် ယူသွားခဲ့သလဲ။
Tom took it. တွမ် ယူသွားခဲ့တယ်။
Who are those men? ဟိုလူတွေ ဘယ်သူတွေလဲ။
They are Tom's sons. တွမ်ရဲ့ သားတွေ။

**who / whom သုံးပုံသုံးနည်းများ**

Who (or whom) did you see?
မင်း ဘယ်သူ့ကို မြင်ခဲ့သလဲ။
I saw the queen.
ငါ ဘုရင်မကို မြင်ခဲ့တယ်။
Who (or whom) did he pay?
သူ ဘယ်သူ့ကို ပေးခဲ့သလဲ။
He paid Tom and me.
သူက တွမ်နဲ့ ငါ့ကို ပေးခဲ့တယ်။
Who did they speak to? (i.e. to whom did they speak?)
သူတို့ ဘယ်သူ့ကို ပြောခဲ့သလဲ။
They spoke to Mary.
သူတို့ မေရီကို ပြောခဲ့တယ်။

**Whose သုံးပုံသုံးနည်းများ**

Whose books are these? (adj.)
ဒါတွေဟာ ဘယ်သူရဲ့ စာအုပ်တွေလဲ။ (နာမဝိသေသန)
They are Ann's.
သူတို့တွေဟာ အင်ရဲ့ဟာတွေ။
Whose are these? (Pro.)
ဒါတွေဟာ ဘယ်သူ့ဟာတွေလဲ။ (နာမ်စား)
They are Ann's.
သူတို့တွေဟာ အင်ရဲ့ဟာတွေ။
Whose car is this? (adj.)
ဒါ ဘယ်သူရဲ့ ကားလဲ။ (နာမဝိသေသန)
It is mine.
ဒါ ငါ့ဟာ။

**What သုံးပုံသုံးနည်းများ**

**(Nom.)** What delayed you? (pro.)
ဘာက မင်းတို့ကို ကြန့်ကြာစေခဲ့သလဲ။ (နာမ်စား)
The storm delayed us.
မုန်တိုင်းက ငါတို့ကို ကြန့်ကြာစေခဲ့တယ်။

**(Acc.)** What papers do you read? (adj.)
ဘာသတင်းစာတွေကို မင်း ဖတ်သလဲ။ (နာမဝိသေသန)
I read the Times.
ငါ တိုင်းသတင်းစာကို ဖတ်တယ်။

**(Acc.)** What did they eat? (pro.)
ဘာကို သူတို့ စားခဲ့သလဲ။ (နာမ်စား)
They ate octopus.
သူတို့ ဘဝဲကို စားခဲ့တယ်။

**(Acc.)** What did they eat it with? (pro.)
အဲဒါကို သူတို့ ဘာနဲ့ စားခဲ့သလဲ။ (နာမ်စား)
They ate it with chopsticks.
သူတို့ အဲဒါကို တူနဲ့စားခဲ့တယ်။

**Which သုံးပုံသုံးနည်းများ**

**(Nom)** Which of them is the eldest? (pro.)
သူတို့ထဲက ဘယ်ဟာ အကြီးဆုံးလဲ။ (နာမ်စား)

mgyoe.com

mgyoe.com

Mary is the eldest.
မေရီက အကြီးဆုံး။

(Acc) Which do you like best? (pro.)
ဘယ်သူ့ကို မင်းအကြိုက်ဆုံးလဲ။ (နာမ်စား)
I like Tom best.
ငါ တွမ်ကို အကြိုက်ဆုံး။

(Acc) Which university did he go to, Oxford or Cambridge? (adj.)
ဘယ်တက္ကသိုလ်ကို သူတက်ခဲ့သလဲ၊ အောက်စဖို့လား ကိန်းဘရစ်ချ်လား။ (နာမဝိသေသန)
He went to Oxford.
သူ အောက်စဖို့ တက်ခဲ့တယ်။

**32. The accusative pronouns who and whom**

**who နဲ့ whom ကံအဖြစ်**

**a.** တိုက်ရိုက်ကံများ (direct objects) အဖြစ်သုံးခြင်း

ကံသင်္ကေတ စစ်စစ်ကတော့ whom သာ ဖြစ်တယ်။ ထုံးတမ်းစဉ်လာအတိုင်း ရေးသားသုံးနှုန်းတဲ့ပုံစံ အင်္ဂလိပ်စာ (Formal English) မှာ အရေးရော အပြောမှာပါသုံးတယ်။

စည်းကမ်းစနစ်အတိုင်း မဟုတ်တဲ့ အင်္ဂလိပ်စကားပြောမှာတော့ who ကိုပဲ ကံသင်္ကေတအဖြစ် ပိုမိုအသုံးများတယ်။

Whom did you meet? (formal)
Who did you meet? (informal)
ဘယ်သူ့ကို မင်း တွေ့ခဲ့သလဲ။

ဝါကျနှစ်ခုစလုံး အဓိပ္ပာယ်အတူတူပဲ။ တစ်ခုက စနစ်တကျပြောတာ၊ နောက်တစ်ခုက စနစ်တကျမဟုတ်ဘဲ အရွတ်အဆိုသင့်သလိုပြောတာ၊ အဓိပ္ပာယ် ခြားနားချက် တစ်စုံတစ်ရာ မရှိပါဘူး။ ဒုတိယနည်းကို ပိုပြီးလူသုံးများတယ်။ အလားတူ အောက်ပါအတိုင်း ပြောနိုင်တယ်။

Whom did you help?
Who did you help?
ဘယ်သူ့ကို မင်းကူညီခဲ့သလဲ။

**b.** ဝိဘတ်များ (prepositions) ရဲ့ နောက်မှာ ထားသုံးခြင်း

စည်းကမ်းစနစ်အတိုင်း ရေးတဲ့ (Formal English) မှာ preposition + whom ရယ်လို့ ဝိဘတ်ရဲ့ နောက်က whom ကပ်ပြီး လိုက်တယ်။

With whom did you go?
ဘယ်သူနဲ့ မင်း သွားခဲ့သလဲ။

ဒါပေမယ့် စည်းကမ်းအတိုင်း မဟုတ်တဲ့ အင်္ဂလိပ်စကားမှာ ဝိဘတ်ကို ဝါကျရဲ့အဆုံးမှာ ထားလေ့ရှိတယ်။ ပြီးတော့ **whom** ကလဲ **who** အဖြစ်သို့ ပြောင်းလဲသွားတယ်။

Who did you go with?
ဘယ်သူနဲ့ မင်း သွားခဲ့သလဲ။

**33. What (နာမဝိသေသနနဲ့ နာမ်စား)**

**a.** **what** ဟာ အရာဝတ္ထုများအတွက် အသုံးပြုတဲ့ ခြုံငုံအဓိပ္ပာယ်ဆောင် အမေးစကားလုံးဖြစ်တယ်။ (choice ခေါ် ရွေးချယ်ချက်အဓိပ္ပာယ် မဆောင်ဘူး)

What time is it? အချိန်ဘယ်လောက် ရှိပြီလဲ။
What street is this? ဒီဟာ ဘာလမ်းလဲ။
What did you say? သင် ဘာပြောခဲ့သလဲ။
What does he want? သူ ဘာလိုချင်သလဲ။

what ကို ဝိဘတ်နဲ့တွဲပြီး သုံးတဲ့အခါမှာ ဝိဘတ်ကို အထက်မှာ ဖော်ပြထားတဲ့အတိုင်း ဝါကျရဲ့ နောက်ဆုံးမှာ ထားလေ့ရှိတယ်။

What did you open it with?
ဒါကို မင်း ဘာနဲ့ ဖွင့်ခဲ့သလဲ။
I opened it with my knife.
ဒါကို ငါ ဓါးနဲ့ ဖွင့်ခဲ့တယ်။

**b.** What ... for? = why
What did you do that for? = Why did you do it?
အဲဒါကို မင်း ဘာကြောင့် လုပ်ခဲ့တာလဲ။

**c.** What + be ... like?

ဒါကတော့ ပုံသေအသုံးအနှုန်း တစ်ခုပါပဲ။ လူအတွက်ရော အရာဝတ္ထုအတွက်ပါ သုံးနိုင်တယ်။

What was the weather like?
ရာသီဥတုအခြေအနေက ဘယ်လိုနေခဲ့သလဲ။
It was very wet and cold.
အလွန် စွတ်စို အေးမြနေခဲ့တာပေါ့။

လူအတွက် အသုံးပြုထားတာဆိုလို့ရှိရင် ရုပ်ဆင်းသဏ္ဌာန်ကိုဖြစ်စေ၊ စိတ်နေသဘောထားကိုဖြစ်စေ မေးတဲ့သဘောပါပဲ။

What is he like?
သူက ဘယ်လိုလဲ။
He's a friendly sort of man.
သူက ခင်လွယ် မင်လွယ်တဲ့ လူမျိုးတစ်ယောက်ပါ။
or He's a tall man with a grey beard.
သို့မဟုတ် – သူက မွဲပြာရောင် မုတ်ဆိတ်မွေးနဲ့ အရပ်ရှည်ရှည် လူတစ်ယောက်ပဲ။

What does he / it look like?

အခုလို အသုံးအနှုန်းကတော့ ရုပ်ဆင်းသဏ္ဌာန်နဲ့သာဆိုင်တယ်။ ဒီလိုရေးမယ့်အစား 'What does he/it resemble?' 'သူ ဘာနဲ့တူလဲ' လို့လဲ သုံးနိုင်တယ်။

What does he look like?
သူက ဘယ်လိုပုံမျိုးလဲ၊ ရုပ်ရည်က ဘယ်လိုလဲ။
He is tall and thin.
သူက ပိန်ပိန်ရှည်ရှည်ပဲ။

mgyoe.com

mgyoe.com

He looks like a scarecrow.
သူက စာချောက်ရုပ်နဲ့ တူတယ်။
What does it look like?
အဲဒါက ဘာနဲ့တူလဲ။
It's white and puffy.
အဲဒါကတော့ ဖြူဖြူပွပွပဲဗျ။
It looks like cotton wool.
အဲဒါကတော့ ဂွမ်းပုံနဲ့ တူတယ်။

What ... like? အသုံးအနှုန်းနဲ့ Who is he like? သို့မဟုတ် Who does he look like? အသုံးအနှုန်းတို့ကို မရောထွေးစေနဲ့။ ဒီအသုံးအနှုန်း နှစ်ရပ်စလုံးဟာ 'What does he resemble?' 'သူက ဘယ်လိုပုံလဲ' လို့ မေးလိုတဲ့ သဘောဖြစ်တယ်။

ပထမဟာက ရုပ်ဆင်းသဏ္ဌာန် သို့မဟုတ် စိတ်နေသဘောထားကို ရည်ညွှန်းတယ်။ ဒုတိယဟာက ရုပ်ဆင်းသဏ္ဌာန် တစ်ခုတည်းကိုသာ ရည်ညွှန်းတယ်။

d. What is he? = What is his profession?
သူက ဘာလဲ = သူ့ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်က ဘာလဲ။

What was his father?
သူ့အဖေက ဘာဖြစ်ခဲ့သလဲ။
He was a tailor.
အပ်ချုပ်သည်တစ်ယောက် ဖြစ်ခဲ့တယ်။

what (နာမဝိသေသန) ကို လူများရဲ့အစား သုံးနိုင်တယ်။ ဒါပေမယ့် အသုံးမများဘူး။
What men are you talking about?
မင်း ပြောပြနေတာ ဘာကောင်တွေရဲ့ အကြောင်းလဲ။
'ဘယ်လိုလူတွေ' လို့ ပြောချင်တဲ့သဘော။

e. what (နာမဝိသေသန) ဟာ အရွယ်ပမာဏနဲ့ ပတ်သက်ပြီး မေးခွန်းမေးရာမှာ အင်မတန် အသုံးများတယ်။

What height is your room?
မင်းရဲ့အခန်းက ဘယ်လောက်မြင့်သလဲ။

ဒီလို အသုံးအနှုန်းမျိုးမှာ verb to be ကို အမြဲတမ်း အသုံးပြုရကြောင်း သတိပြုပါ။

(ဒီလို မေးခွန်းမျိုးတွေကို How + adj) ပုံသေရေးထုံးနဲ့လဲ မေးနိုင်တယ်။ How high is your room? Section 36 ကိုရှု။)

34. **which ကို who, what တို့နဲ့ နှိုင်းယှဉ်ခြင်း**

**who** ဟာ လူများအတွက် အသုံးပြုတဲ့ ခြုံငုံအဓိပ္ပာယ်ဆောင် အမေးနာမ်စားတစ်ခုဖြစ်တယ်။

**what** ကတော့ အဓိကအားဖြင့် အရာဝတ္ထုများအတွက် အသုံးပြုတဲ့ ခြုံငုံအဓိပ္ပာယ်ဆောင် အမေးနာမ်စားရော နာမဝိသေသနပါဖြစ်တယ်။

**which** (နာမ်စားနဲ့ နာမဝိသေသန) ကတော့ ရွေးချယ်ချက် (choice) ကို ဖော်ပြလိုတဲ့အခါမှာ **who** နဲ့ **what** ရဲ့အစားသုံးတယ်။

Mr A: Who do you want to speak to? (general inquiry)
ဘယ်သူနဲ့ ပြောချင်လို့လဲ။ (ခြုံငုံအမေး)
Mr B: I want to speak to Mr Smith.
မစ္စတာ စမစ်နဲ့ ပြောချင်လို့ပါ။
Mr A: We have two Smiths here; which do you want?
ဒီမှာ စမစ် နှစ်ယောက်ရှိတယ်။ ဘယ်သင်းနဲ့ ပြောချင်တာလဲ။
or - Which Smith do you mean?
သို့မဟုတ် – ဘယ်စမစ်ကို ဆိုလိုတာလဲ။
or - Which of them do you want? We have two here.
သို့မဟုတ် – သူတို့ထဲက ဘယ်သင်းကို ခင်ဗျား အလိုရှိတာလဲ။ ဒီမှာ နှစ်ယောက်ရှိတယ်။

What will you have to drink? (general inquiry)
မင်း ဘာသောက်ချင်သလဲ။ (ခြုံငုံအမေး)
There're whisky, gin and sherry; which will you have?
ဝီစကီ၊ ဂျင်နဲ့ ရှယ်ရီရှိတယ်။ (အဲဒါတွေထဲက) ဘယ်ဟာ သောက်ချင်သလဲ။ (ရွေးချယ်ချက်အမေး)

ဒီဝါကျမှာကျတော့ ခြုံငုံအမေး မဟုတ်တော့ဘူး။ ယစ်ရွှေရည်အမျိုးအစား သုံးခုရှိတဲ့အနက် တစ်ခုခုကို စိတ်ကြိုက်ရွေးခိုင်းတဲ့ ရွေးချယ်ချက် (choice) သဘော ပါလာတယ်။ ဒါကြောင့် **which** ကို သုံးတယ်။

35. မေးခွန်းဟာ **Subject** နဲ့ ပတ်သက်နေရင် (တစ်နည်းပြောရရင် Question word အမေးစကားလုံး ကိုယ်တိုင်ကကို Subject ဖြစ်နေရင်) Do, Does, Did စတဲ့ စကားလုံးတို့ မထည့်ရဘဲ Affirmative Verb ဟုတ်ကြောင်း ဖော်ပြတဲ့ ကြိယာကို Question Word နောက်က တိုက်ရိုက် ကပ်ထည့်ပေးရတယ်။

Who saw me?
ဘယ်သူက ငါ့ကို မြင်ခဲ့သလဲ။
**The policeman** saw you.
ရဲသားက မင်းကို မြင်ခဲ့တယ်။
What woke you up?
ဘာက မင်းကို နှိုးခဲ့သလဲ။
**The thunder** woke me.
မိုးခြိမ်းသံက ငါ့ကို နှိုးခဲ့တယ်။

mgyoe.com

.mgyoe.com

Which of them won?
သူတို့ထဲက ဘယ်သူ နိုင်ခဲ့သလဲ။
Tom won.
တွမ် နိုင်ခဲ့တယ်။

အပြေမှာ အထက်ပါအတိုင်း subject ကို မျှော်လင့်ပြီး မေးတဲ့ မေးခွန်းမဟုတ်ဘဲ object ကိုဖြစ်စေ၊ အခြားတစ်ခုခု ကိုဖြစ်စေ မေးတဲ့မေးခွန်းဖြစ်ရင်တော့ အောက်ပါအတိုင်း do, does, did စတဲ့ အမေးကြိယာများ ထည့်ပေးရတယ်။

Who **did** he see?
ဘယ်သူ့ကို သူ မြင်ခဲ့သလဲ။
He saw you.
မင်းကို သူ မြင်ခဲ့တယ်။
What **did** he win?
ဘာကို သူ ရခဲ့သလဲ။
He won a silver cup.
ငွေဖလားတစ်လုံးကို သူ ရခဲ့တယ်။
Who **did** he go with?
ဘယ်သူနဲ့ သူ သွားခဲ့သလဲ။
He went with his wife.
သူ့ဇနီးနဲ့ သူ သွားခဲ့တယ်။

**36. Interrogative adverbs**

မေးခွန်းမေးတဲ့ ကြိယာဝိသေသနများ

သူတို့တွေကတော့ why, when, where, how တို့ဖြစ်ကြတယ်။

Why? က 'for what reason?' (ဘာအကြောင်းကြောင့်လဲ) လို့ အဓိပ္ပာယ်ရတယ်။
ဒီမေးခွန်းမျိုးကို များသောအားဖြင့် because နဲ့ဖြေတယ်။
Why was he late?
ဘာကြောင့် သူ နောက်ကျခဲ့သလဲ။
He was late because he missed the bus.
သူ နောက်ကျခဲ့တယ်။ ဘာ့ကြောင့်လဲဆိုရင် ဘတ်စ်ကား မမီခဲ့တဲ့ အတွက်ကြောင့်ဖြစ်တယ်။
When? က 'at what time?' (ဘယ်အချိန်မှာလဲ) လို့ အဓိပ္ပာယ်ရတယ်။
When do you get up?
ဘယ်အချိန် မင်း အိပ်ရာထသလဲ။
I get up at 7 a.m.
နံနက် ၇ နာရီမှာ ငါ အိပ်ရာထတယ်။
Where? က 'in what place' (ဘယ်နေရာမှာလဲ) လို့ အဓိပ္ပာယ်ရတယ်။
Where do you live?
ဘယ်မှာ မင်းနေသလဲ။
I live in London.
လန်ဒန်မှာ ငါ နေတယ်။
how? က 'in what way?' (ဘယ်လို (ဝါ) ဘယ်နည်း ဘယ်ပုံလဲ) လို့ အဓိပ္ပာယ်ရတယ်။
How did you come?
ဘယ်လို မင်း လာခဲ့သလဲ။
I came by plane.
လေယာဉ်ပျံနဲ့ ငါ လာခဲ့တယ်။
How do you start the engine?
စက်ကို မင်း ဘယ်လို ဖွင့်ရသလဲ။
You press this button.
ဒီခလုတ်ကလေးကို နှိပ်လိုက်ရတယ်။

**How ရဲ့ အခြားသော သုံးပုံသုံးနည်းများ**

**a.** နာမဝိသေသနများနဲ့ တွဲသုံးတယ်။ ဒီအခါမှ What + Noun အသုံးအနှုန်းရဲ့ မှုကွဲရေးနည်းတစ်မျိုး ဖြစ်လာတယ်။ (section 33 ရှု။)
How tall are you?
မင်း ဘယ်လောက် အရပ်မြင့်လဲ။
I am six feet tall.
ငါ ခြောက်ပေ မြင့်တယ်။
How high is Mount Everest?
ဝေရက်တောင် ဘယ်လောက်မြင့်လဲ။
It is over five miles high.
ငါးမိုင်ကျော် မြင့်တယ်။
How wide is the river?
မြစ် ဘယ်လောက် ကျယ်သလဲ။
It is fifty yards wide.
ကိုက်ငါးဆယ် ကျယ်တယ်။
How long does it take to fly from London to Paris?
လန်ဒန်က ပဲရစ်ကို ပျံသန်းရတာ ဘယ်လောက်ကြာသလဲ။

**b.** much, many တို့နဲ့ တွဲသုံးတယ်။
How much do you want?
မင်း ဘယ်လောက်များများ လိုချင်သလဲ။
How many pictures did you buy?
အရုပ်ကား ဘယ်လောက်များများ မင်း ဝယ်ခဲ့သလဲ။

**c.** Adverbs ကြိယာဝိသေသနများနဲ့ တွဲသုံးတယ်။
How fast does he drive?
ဘယ်လောက်မြန်မြန် သူ မောင်းသလဲ။
He drives at fifty miles an hour.
သူ တစ်နာရီ မိုင်ငါးဆယ် မောင်းတယ်။
How often do you go abroad?
ပြည်ပကို ဘယ်လောက်ကြာတစ်ခါ မင်းသွားသလဲ။

mgyoe.com

mgyoe.com

I go every year.
ငါ နှစ်တိုင်း သွားတယ်။
How quickly can you say 'Tottenham Court Road'?
'တော်တင်ဟမ်ကုတ်ရို့ဒ်' လို့ ဘယ်လောက်မြန်မြန် မင်း ရွတ်နိုင်သလဲ။
I can say it in a quarter of a second.
ငါ စက္ကန့်တစ်စိတ်အတွင်းမှာ ရွတ်နိုင်တယ်။

'How is she?' ဆိုတာ နေထိုင်ကောင်းရဲ့လားလို့ ကျန်းမာရေးရဲ့ပတ်သက်ပြီး မေးခြင်းဖြစ်ကြောင်း သတိပြုပါ။ ဒီမေးခွန်းရဲ့ ဖြစ်ဖွယ်ရှိတဲ့ အဖြေကတော့ 'She is very well' သူမ ကျန်းကျန်းမာမာရှိနေပါတယ် စသည်ဖြင့် ဖြေနိုင်တယ်။

ဒါပေမယ့် 'What is she like?' (သူမရဲ့ ရုပ်ရည်က ဘယ်လိုလဲ) ဆိုတာကတော့ အသွင်သဏ္ဍာန်ကိုမေးတာ။ ဆီလျော်တဲ့ အဖြေကို ပေးရမယ်ဆိုရင်တော့ 'She is tall and dark with green eyes.' သူမက အရပ်ရှည်ရှည် အသားညိုညို မျက်စိတွေကစိမ်းစိမ်း စသည်ဖြင့် ဖြေနိုင်တယ်။

✱ ✱ ✱ ✱ ✱

# Chapter 6

## POSSESSIVE ADJECTIVES, PERSONAL AND OTHER PRONOUNS

## ပိုင်ဆိုင်မှုပြ နာမဝိသေသနများ၊ ပုဂ္ဂလနာမ်စားများနှင့် အခြားနာမ်စားများ

### Possessive Adjectives and Pronouns
### ပိုင်ဆိုင်မှုပြ နာမဝိသေသနများနှင့် နာမ်စားများ

**37. Form သဏ္ဍာန်**

| Possessive adjectives | Possessive pronouns |
|---|---|
| my ကျွန်ုပ်၏ | mine ကျွန်ုပ်၏ဟာ |
| your သင်၏ | yours သင်၏ဟာ |
| his သူ၏ her သူမ၏ | his သူ၏ဟာ hers သူမ၏ဟာ |
| its ထိုဟာ၏ | |
| our ကျွန်ုပ်တို့၏ | ours ကျွန်ုပ်တို့၏ဟာ |
| your သင်တို့၏ | yours သင်တို့၏ဟာ |
| their သူတို့၏ | theirs သူတို့၏ဟာ |

apostrophes (') မပါရှိကြောင်း သတိပြု မှတ်သားပါ။ စာသင်သားများအနေနဲ့ ပိုင်ဆိုင်မှုပြ နာမဝိသေသန its မှာ apostrophe လွဲမှားပြီး ထည့်လေ့ရှိကြတယ်။ it's (apostrophe နဲ့) = it is ဖြစ်ကြောင်း မမေ့လေနဲ့။ (section 109 ရှု။)

second person ကေဝုစ်ကိန်း ရှေးခေတ် အသုံးအနှုန်းကို သမ္မာကျမ်းစာထဲမှာနဲ့ ကဗျာလင်္ကာတွေထဲမှာသာ တွေ့နိုင်တော့တယ်။ ယခုခေတ် အင်္ဂလိပ်စာမှာ အသုံးမပြုတော့ဘူး။
thy (your) သင်၏ thine (yours) သင်၏ဟာ

**38. Agreement of possessive adjectives**
**ပိုင်ဆိုင်မှုပြ နာမဝိသေသနများ၏ ညီညွတ်မှု**

အင်္ဂလိပ်ဘာသာမှာ ပိုင်ဆိုင်မှုပြ နာမဝိသေသနတွေဟာ ပိုင်ဆိုင်သူကို ရည်ညွှန်းတယ်။ အပိုင်ခံကို မရည်ညွှန်းဘူး။
Everything that a man or boy possesses is his thing.
လူကြီးတစ်ယောက် သို့မဟုတ် လူကလေးတစ်ယောက် ပိုင်ဆိုင်တဲ့ အရာဝတ္ထုဟာ သူ့ရဲ့ပစ္စည်းဖြစ်တယ်။
Everything that a woman or girl possesses is her thing.
မိန်းမကြီးတစ်ယောက် သို့မဟုတ် မိန်းကလေးတစ်ယောက် ပိုင်ဆိုင်တဲ့ အရာဝတ္ထုဟာ သူမရဲ့ပစ္စည်းဖြစ်တယ်။
Tom's father is his father.
တွမ်ရဲ့ အဖေဟာ သူ့အဖေဖြစ်တယ်။
Mary's father is her father.
မေရီရဲ့ အဖေဟာ သူမအဖေဖြစ်တယ်။
A boy loves his mother.
လူကလေးတစ်ယောက်ဟာ သူ့အမေကို ချစ်တယ်။
A girl loves her mother.
မိန်းကလေးတစ်ယောက်ဟာ သူမရဲ့အမေကို ချစ်တယ်။

အရာဝတ္ထု သို့မဟုတ် တိရစ္ဆာန်တစ်ကောင်က ပိုင်ဆိုင်တဲ့ ပစ္စည်းကတော့ ယင်းရဲ့ (Its) ပစ္စည်းဖြစ်တယ်။

A tree drops its leaves in autumn.
သစ်ပင်တစ်ပင်ဟာ ဆောင်းဦးရာသီမှာ ယင်းရဲ့ အရွက်တွေကို ခြွေတယ်။
A dog wags its tail when it is happy.
ခွေးတစ်ကောင်ဟာ ပျော်ရွှင်တဲ့အခါမှာ ယင်းရဲ့အမြီးကို နန့်တယ်။

လူဖြစ်ဖြစ်၊ အခြားတစ်စုံတစ်ခုဖြစ်ဖြစ် ပိုင်ဆိုင်သူတစ်ယောက်ထက် ပိုလို့ရှိရင် their ကိုသုံးတယ်။

The boys are playing with their football.
လူကလေးများဟာ သူတို့ရဲ့ ဘောလုံးနဲ့ ကစားနေကြတယ်။
The girls are with their mothers.
မိန်းကလေးများဟာ သူတို့ရဲ့ မိခင်များနဲ့ အတူရှိကြတယ်။
Trees drop their leaves in autumn.
သစ်ပင်များဟာ သူတို့ရဲ့ သစ်ရွက်များကို ဆောင်းဦးရာသီမှာ ခြွေတယ်။

mgyoe.com

mgyoe.com

အပိုင်ခံရတဲ့အရာဟာ ကေဝုစ်ကိန်းဖြစ်စေ၊ ဗဟုဝုစ်ကိန်း ဖြစ်စေ ပိုင်ဆိုင်မှုပြ နာမဝိသေသနကတော့ ဒီအတိုင်းသာ ဖြစ်ကြောင်း သတိပြုပါ။ ပုံစံအပြောင်းအလဲမရှိဘူး။

my book ကျွန်ုပ်၏စာအုပ် my books ကျွန်ုပ်၏စာအုပ်များ
his aunt သူ၏အဒေါ် his aunts သူ၏အဒေါ်များ

**39.** **Possessive pronouns** များရဲ့ စည်းကမ်းဥပဒေများကလဲ **Possessive adjectives** များအတိုင်းပဲဖြစ်တယ်။

**a.** This is my pen or This is mine.
ဤဟာသည် ကျွန်ုပ်၏မင်တံဖြစ်တယ် / ဤဟာသည် ကျွန်ုပ်၏ဟာ ဖြစ်တယ်။
This is their house or This is theirs.
ဤဟာသည် သူတို့ရဲ့အိမ်ဖြစ်တယ် / ဤဟာသည် သူတို့၏ဟာ ဖြစ်တယ်။
It is our room or It is ours.
ထိုဟာသည် ကျွန်ုပ်တို့၏အခန်းဖြစ်တယ်။ / ထိုဟာသည် ကျွန်ုပ်တို့ရဲ့ဟာ ဖြစ်တယ်။
I have my pen; have you got yours?
ငါ့မှာ ငါ့မင်တံရှိတယ်။ မင်းမှာ မင်းရဲ့ဟာ ရှိသလား။
Are those your books? No. They are hers.
ထိုဟာများသည် မင်းရဲ့စာအုပ်များ ဖြစ်ကြသလား။ မဟုတ်ဘူး။ သူမရဲ့ ဟာတွေ။

**b.** အလားတူ **of mine, of yours** စတဲ့ အသုံးအနှုန်းများရဲ့ အဓိပ္ပာယ်ကတော့ '... ဟာတွေထဲက တစ်ခု' လို့ အဓိပ္ပာယ်ရတယ်။

of mine = one of my
a friend of mine = one of my friends
ငါ့သူငယ်ချင်းတွေထဲက တစ်ယောက်
a sister of hers = one of her sisters
သူမရဲ့ အစ်မတွေထဲက တစ်ယောက်

**Personal Pronouns** ပုဂ္ဂလနာမ်စားများ

**40.** **Form** သဏ္ဍာန်

| Nominative (Subject) | Accusative and Dative (Object) |
|---|---|
| I ငါသည် | me ငါ့ကို / အား |
| you သင်သည် | you သင့်ကို / အား |
| he / she / it သူ၊ သူမ ထိုဟာသည် | him / her / it သူ / သူမ / ထိုဟာကို / အား |
| we ငါတို့သည် | us ငါတို့ကို / အား |
| you သင်တို့သည် | you သင်တို့ကို / အား |
| they သူတို့သည် / ထိုဟာတို့သည် | them သူတို့ကို / အား ထိုဟာတို့ကို / အား |

**second person** ကေဝုစ်ကိန်းရဲ့ ရှေးခေတ်သုံး သဏ္ဍာန်ကတော့ အောက်ပါအတိုင်းဖြစ်တယ်။

thou (nom) thee (acc. and dat.)
သင်သည် သင့်ကို / အား

**41.** **Use of the nominative, accusative, and dative forms**
ကတ္တားသဏ္ဍာန်၊ တိုက်ရိုက်ကံသဏ္ဍာန်၊ တစ်ဆင့်ကံသဏ္ဍာန် သုံးပုံသုံးနည်းများ

**a.** **Nominative pronouns** များကိုသုံးပုံ

**I.** ကြိယာရဲ့ ကတ္တားများအဖြစ်သုံးတယ်။
He knows. We were there.
သူသည် သိသည်။ ကျွန်ုပ်တို့သည် ဟိုမှာရှိခဲ့ကြသည်။
How many houses does he have? I see it.
သူ့မှာ အိမ်မည်မျှ ရှိသလဲ။ ကျွန်ုပ်သည် ထိုဟာကို မြင်သည်။

**II.** Verb to be (ဖြစ်ကြောင်း ရှိကြောင်းပြကြိယာ) ရဲ့ complements (ဖြည့်စွက်ချက်များ) အဖြစ်သုံးတယ်။
It is I. Was it they?
ငါပါကွ သူတို့လား။
ဒါပေမယ့် စည်းကမ်းစနစ်အတိုင်း မဟုတ်တဲ့ စကားပြော (informal conversation) မှာတော့ verb to be ရဲ့ နောက်မှာ ကံသဏ္ဍာန်ကို သုံးလေ့ရှိတယ်။
It is me. Was it them?
ငါပါကွ သူတို့လား။
နာမ်စားရဲ့နောက်က clause တစ်ပိုဒ်တစ်ခု ပါရှိနေပြီဆိုရင်တော့ ကတ္တားသဏ္ဍာန်ကိုသာ သုံးသင့်တယ်။
Surely the husband has the right to make the decisions since it is he who pays the bills.
ခင်ပွန်းသည်မှာသာ ဆုံးဖြတ်ချက်များ ချပိုင်ခွင့် အသေအချာ ရှိသင့်တယ်။ ဘာကြောင့်လဲဆိုရင် ကြွေးစာရင်းတွေကို ပေးဆပ်ရတာကသူကိုး။

**b.** **Accusative form** (တိုက်ရိုက်ကံသဏ္ဍာန်) သုံးပုံ

**I.** ကြိယာတစ်ခုရဲ့ တိုက်ရိုက်ကံအဖြစ်သုံးတယ်။
I saw her. Tom likes them.
ငါ သူမကို မြင်ခဲ့တယ်။ သူတို့ကို တွမ် သဘောကျတယ်။

**II.** Prepositions (ဝိဘတ်များ) ရဲ့နောက်မှာ သုံးတယ်။
With him to her for us by them
သူနှင့်အတူ သူမသို့ ကျွန်ုပ်တို့အတွက် သူတို့အားဖြင့်

**c.** **Dative form** (တစ်ဆင့်ကံသဏ္ဍာန်) ကိုတော့ Indirect object (တစ်ဆင့်ကံ) အဖြစ်သုံးတယ်။

mgyoe.com

mgyoe.com

to + noun / pronoun သို့မဟုတ် for + noun / pronoun ရေးပုံရေးနည်းရဲ့အစား သုံးနှုန်းခြင်းပဲဖြစ်တယ်။
I gave him a book. (= I gave a book to him.)
ငါ သူ့ကို စာအုပ်တစ်အုပ် ပေးခဲ့တယ်။

**42. Accusative pronoun နဲ့ dative pronoun တို့ရဲ့ တည်နေရာများ**

Indirect object က ရှေ့က၊ direct object က နောက်က နေရာယူတယ်။ သို့မဟုတ် dative ကို ရှေ့မှာထား၊ accusative ကို နောက်မှာထားလို့လဲ ဆိုနိုင်တယ်။
I told him a story. (ဒီဝါကျမှာ him က dative)
ငါ သူ့ကို ပုံတစ်ပုံ ပြောပြခဲ့တယ်။
I bought them a ball. (them က dative)
ငါ သူတို့ကို ဘောလုံးတစ်လုံး ဝယ်ပေးခဲ့တယ်။

dative pronoun ရဲ့အစား to သို့မဟုတ် for ကို နာမ် / နာမ်စားတစ်ခုနဲ့ တွဲပြီးတော့လဲသုံးနိုင်တယ်။ ဒီလို သုံးနှုန်းတဲ့အခါမှာ to သို့မဟုတ် for ကို direct object ရဲ့နောက်မှာ ထားရတယ်။
I told a story **to her.**
ငါ ပုံတစ်ပုံကို သူမအား ပြောပြခဲ့တယ်။
I bought a ball **for them.**
ငါ ဘောလုံးတစ်လုံးကို သူတို့အတွက် ဝယ်ခဲ့တယ်။

direct object က နာမ်စားတစ်ခု ဖြစ်နေတဲ့အခါမှာဆိုရင် to သို့မဟုတ် for ပါရှိတဲ့ ရေးနည်းကို အထူးသဖြင့် သုံးနှုန်းလေ့ရှိတယ်။
I introduced her **to them.**
ငါ သူမကို သူတို့နဲ့ မိတ်ဆက်ပေးခဲ့တယ်။
I gave it **to him.**
ငါ ထိုဟာကို သူ့အား ပေးခဲ့တယ်။
I gave him it ဆိုတဲ့ ရေးထုံးမျိုးတော့ မရှိဘူး။ (section 77 ရှု။)

**43. နာမ်စားအဖြစ်သုံးတဲ့ it**

**it** ဟာ **third person** ကေဝုစ်ကိန်း သက်မဲ့နာမ်စားဖြစ်တယ်။ အရာဝတ္ထုများ သက်မဲ့ပစ္စည်းများအတွက်သုံးတယ်။ တိရစ္ဆာန်များအတွက်လဲ သုံးလေ့ရှိတယ်။

ပြုလုပ်သူအတွက်ရော ခံရသူအတွက်ပါ သဏ္ဍာန်တစ်ခုတည်းကိုသာ သုံးတယ်။ ပိုင်ဆိုင်မှုသဏ္ဍာန်ကတော့ its ထိုဟာ၏ဖြစ်တယ်။ (section 38 ရှု။)

ထိုဟာ၏လို့ အဓိပ္ပာယ်ရတဲ့ its နဲ့ ထိုဟာ ဖြစ်သည် / ရှိသည်လို့ အဓိပ္ပာယ်ရတဲ့ it's (it is) တို့ကို မရောထွေးပါစေနဲ့။ ခြားခြားနားနားဖြစ်အောင် လေ့လာမှတ်သားထားပါ။ it's က it is ရဲ့ အတိုကောက်ပဲ။ it ရဲ့ ဗဟုဝုစ်ကိန်းကတော့ (လူများအတွက်သုံးတဲ့ ပုံစံအတိုင်း) they / them ဖြစ်တယ်။

**it** မှာ **its** (ထိုဟာ၏လို့သာရှိတယ်။ **I** မှာ **my, mine** (ငါ၏ဟာ) စသဖြင့်ရှိသလို **it** မှာ 'ထိုဟာ၏ဟာ' လို့ မရှိ။

သုံးပုံသုံးနည်း နမူနာများ

Look at that bird.
ထိုငှက်ကို ကြည့်လိုက်စမ်း။
It always comes to this window.
ဒီပြတင်းပေါက်ကို အမြဲတမ်းလာတယ်။
Do you give it anything to eat?
မင်း သူ့ကို စားစရာတစ်စုံတစ်ခု ပေးသလား။
Yes, I always feed it.
အေး– ငါ သူ့ကို အမြဲကျွေးတယ်။
What does this cloth cost?
ဒီပိတ်စ ဘယ်လောက်ကျသလဲ။
It costs five shillings a yard.
တစ်ကိုက်ကို ငါးသျှိလင်ကျတယ်။
The mouse has gone back to its hole.
ကြွက်ဟာ ယင်းရဲ့တွင်းကို ပြန်သွားပြီ။

**44. It ရဲ့ အခြားသော အသုံးအနှုန်းများ**

**a.** it ကို အချိန် (time)၊ အကွာအဝေး (distance)၊ ရာသီဥတု အခြေအနေ (weather)၊ အပူအအေးအခြေအနေ (temperature) စသည်တို့ကို ဖော်ပြရာမှာသုံးတယ်။

It is hot / cold / quiet / noisy in this room.
ဒီအခန်းထဲမှာ ပူ / အေး / ငြိမ်သက် / ဆူညံတယ်။
What time is it? It is six o'clock.
အချိန်ဘယ်လောက်ရှိပြီလဲ။ ခြောက်နာရီရှိပြီ။
How far is it to York? It is sixty miles.
ယောက်မြို့ကို ဘယ်လောက်ဝေးသလဲ။ မိုင် ခြောက်ဆယ် ဝေးတယ်။
It is raining / snowing / freezing.
မိုးရွာ / နှင်းကျ / ရေခဲနေတယ်။
It is a fine day. What day is it?
သာယာတဲ့ နေ့တစ်နေ့ဖြစ်တယ်။ ဘာနေ့လဲ။
It is Monday. တနင်္လာနေ့ပဲ။
What is the date? It is the third of March.
ဒီနေ့ ဘယ်နှစ်ရက်လဲ။ မတ်လ သုံးရက်ဖြစ်တယ်။

**b.** အောက်ပါပုံစံမျိုး ရေးသားသုံးနှုန်းရာမှာသုံးတယ်။
It is better to be early. It is easy to criticize.
စောရင် ပိုကောင်းတယ်။ ဝေဖန်ရတာ လွယ်တယ်။

ဒီလိုရေးထုံးမျိုးမှာ တကယ်တော့ **infinitive** ဟာ ဝါကျရဲ့ **subject** ပဲ။ အောက်ပါအတိုင်း ပြောင်းလဲရေးနိုင်တယ်။

mgyoe.com

To be early is better. To criticize is easy.
ဒါပေမယ့် **it** နဲ့ ရေးတဲ့နည်းသာ အသုံးများတယ်။

**c.** ဝါကျတစ်ခုရဲ့ အစမှာရှိနေတဲ့ **that clause** ရဲ့အစား **it** ကို သုံးနိုင်တယ်။ အဲဒီလို သုံးရတာဟာ အောက်ပါအတိုင်း ရေးရတာထက် ပိုမိုအရွတ်အဆို လွယ်ကူပြီး လူသုံးများတယ်။
That he has not returned yet is strange.
သူ အခုထက်ထိ ပြန်မလာသေးတာ ဆန်းတယ်။
That he will leave the village is hoped.
သူ ရွာက ထွက်ခွာသွားလိမ့်မယ်လို့ မျှော်လင့်ရတယ်။
**It** ကို ကြိယာရဲ့ရှေ့ဝါကျရဲ့ အစမှာ ထားရှိကာ **that clause** ကို ဝါကျရဲ့ နောက်ပိုင်းမှာထားပြီး အောက်ပါအတိုင်းရေးတဲ့ နည်းက ပိုကောင်းတယ်။ ဆိုလိုချက်ကတော့ အထက်ပါ ဝါကျနှစ်ကြောင်းနဲ့ ထူးမခြားနားပါပဲ။
It is strange that he has not returned yet.
It is hoped that he will leave the village.

**d.** it ဟာ impersonal verbs (it ကို subject အဖြစ် ထားသုံးသည့် seem, appear စတဲ့ကြိယာများ) ရဲ့ ကတ္တားများအဖြစ်လဲပဲ အမှုတော်ထမ်းတယ်။
It seems. It appears .
ပုံပေါ်တယ်...... ဟန်ရှိတယ် စသည်ဖြင့် သုံးနိုင်တယ်။

**45. One ကို မသိနာမ်စား (indefinite pronoun) အဖြစ်သုံးခြင်း**

**One** ကို မသိနာမ်စားအဖြစ်နဲ့ အသုံးနည်းတယ်။ သုံးလေ့သုံးထ သိပ်မရှိကြဘူး။ ဘာကြောင့်လဲဆိုရင် အင်္ဂလိပ်ဘာသာမှာ **you** ကို မသိနာမ်စားအဖြစ် (သင်ဆိုတဲ့ အဓိပ္ပါယ်နဲ့ မဟုတ်ဘဲ) တွင်တွင်ကျယ်ကျယ် သုံးလေ့ရှိတယ်။
One must be careful when driving a car.
တစ်စုံတစ်ယောက်ဟာ ကားမောင်းနေတဲ့အခါမှာ သတိထားမှ ကိုဖြစ်မယ်။

အခုလို ရေးတာထက် အောက်ပါအတိုင်း ရေးတာက အများကြီး ပိုကောင်းတယ်။

You must be careful when driving a car.
(သင်ဟာ) ကားမောင်းနေတဲ့အခါမှာ သတိထားမှကိုဖြစ်မယ်။
အထူးမှတ်သားစရာကောင်းတဲ့ အချက်ကတော့ **you** လို့ ရေးထားပေမယ့် 'သင်ရယ်လို့' အဓိပ္ပါယ်နဲ့ ရည်ညွှန်းလိုခြင်း မဟုတ်ဘူး။ **One** ရဲ့ အစားသုံးပြီး ဖြစ်ရိုးစဉ်အဖြစ် ယေဘုယျသဘော ပြောလိုရင်းသာဖြစ်တယ်။

One's ဆိုတဲ့ possessive adjective ကတော့ အသုံးအနှုန်းများတယ် ။
It is easy to lose one's way in Venice.
ဗင်းနစ်မြို့ထဲမှာ မိမိရဲ့သွားရာလမ်း လွဲမှားပျောက်ဆုံးဖို့ အလွယ်ကလေးပဲ (ဝါ) မျက်စိလည် လမ်းမှားဖို့ အလွယ်ကလေးပဲ။

It is a pity to spend all one's life in the same place.
တစ်နေရာတည်းမှာ တစ်သက်တာ ကုန်လွန်ရတာ စိတ်ပျက်စရာ ကောင်းလှတယ်။

## Reflexive and Emphasizing Pronouns

### လုပ်ရပ် နောက်ပြန်လှည့် နာမ်စားများနှင့် အလေးအနက်ပြု နာမ်စားများ

| | | | |
|---|---|---|---|
| myself | yourself | himself | herself |
| ငါ့ကိုယ်ငါ | မင်းကိုယ်မင်း | သူ့ကိုယ်သူ | သူမကိုယ်သူမ |
| ငါကိုယ်တိုင် | မင်းကိုယ်တိုင် | သူကိုယ်တိုင် | သူမကိုယ်တိုင် |

| | | |
|---|---|---|
| itself | ourselves | yourselves |
| ထိုဟာကိုယ်ထိုဟာ | ငါတို့ကိုယ်ငါတို့ | မင်းတို့ကိုယ်မင်းတို့ |
| ထိုဟာကိုယ်တိုင် | ငါတို့ကိုယ်တိုင် | မင်းတို့ကိုယ်တိုင် |

themselves သူတို့ကိုယ်သူတို့၊ သူတို့ကိုယ်တိုင်

second person ကေဝုစ်ကိန်း yourself နဲ့ second person ဗဟုဝုစ်ကိန်း yourselves တို့ကို ကွဲကွဲပြားပြား ဖြစ်အောင်မှတ်သားပါ။
indefinite reflexive / emphasizing pronoun -(မသိနာမ်ကို ညွှန်းတဲ့ လုပ်ရပ် နောက်ပြန်လှည့်နာမ်စား / အလေးအနက်ပြုနာမ်စား) ကတော့ oneself ဖြစ်တယ်။

**46. Reflexive pronouns များအဖြစ်သုံးပုံ**

**myself, yourself** အစရှိသည်တို့ကို ကြိယာရဲ့ကံ အဖြစ် အသုံးပြုတယ်။ ဒီအခါမှာ ပြုလုပ်ချက်ဟာ ပြုလုပ်သူ အပေါ်မှာသာ ပြန်လည် သက်ရောက်လာတဲ့ သဘောကို ပြတယ်။

တစ်နည်းအားဖြင့် ပြောရရင် **subject** နဲ့ **object** တို့ဟာ တစ်ယောက်တည်းပဲ ဖြစ်တယ်။ ကိုယ့်ရှူးကိုယ်ပတ် ပြန်ခံရတဲ့သဘောပါပဲ။
I cut myself. ငါ့ကိုယ်ငါ လှီးဖြတ်မိတယ်။ (ဓားရှတယ်)။
He shaved himself. သူ့ကိုယ်သူ မုတ်ဆိတ်ရိတ်ခဲ့တယ်။
It is not always easy to amuse oneself on holiday.
အားလပ်ရက်မှာ ကိုယ့်ကိုကိုယ် ပျော်ရွှင်အောင် နှစ်သိမ့်ရတာ တယ်ပြီး မလွယ်လှဘူး။
Tom and Ann blamed themselves for the accident.
တွမ်နဲ့ အင်တို့ဟာ မတော်တဆ ထိခိုက်မှုအတွက် သူတို့ကိုယ် သူတို့ အပြစ်တင်ခဲ့ကြတယ်။

**reflexive pronouns** ကို **reciprocal pronoun** ဖြစ်တဲ့ (တစ်ယောက်ကို တစ်ယောက် / တစ်ယောက်တစ်ပြန် လို့ အဓိပ္ပာယ်ရတဲ့ နာမ်စား) **each other** နဲ့ အစားထိုး လိုက်တဲ့အခါမှာ အဓိပ္ပာယ် ပြောင်းလဲသွားပုံကို သတိပြုပါ။

mgyoe.com

mgyoe.com

Tom and Ann blamed each other.
Tom blamed Ann and Ann blamed Tom.
တွမ်နဲ့ အင် တစ်ယောက်ကိုတစ်ယောက် အပြစ်တင်ခဲ့ကြတယ်။
တွမ်က အင်ကို အပြစ်တင်ခဲ့ပြီး အင်က တွမ်ကို အပြစ်တင်ခဲ့တယ်။
**myself, yourself** အစရှိသည်တို့ကို ဝိဘတ်တစ်ခုရဲ့ နောက်မှာလဲ ထားသုံးနိုင်တယ်။
He spoke to himself .
သူဟာ သူ့ကိုယ်သူ ပြောကြားခဲ့တယ်။
They looked at themselves in the looking glass.
သူတို့ဟာ မှန်ထဲမှာ သူတို့ကိုယ်သူတို့ ကြည့်ခဲ့ကြတယ်။
ဒီဝါကျနဲ့ they looked at each other သူတို့ဟာ တစ်ယောက်ကိုတစ်ယောက် ကြည့်ခဲ့ကြတယ်ဆိုတဲ့ ဝါကျကို နှိုင်းယှဉ်ကြည့်ပါ။
He sat by himself (i.e.alone).
သူဟာ သူ့ဘာသာ ထိုင်နေခဲ့တယ်။ (တစ်ယောက်တည်း)
I did it by myself (i.e. alone without help).
ငါဟာ ထိုဟာကို ငါ့ဘာသာလုပ်ခဲ့တယ်။ (တစ်ယောက်တည်း။ အကူအညီမပါဘဲ)

**47. Emphasizing pronouns** များအဖြစ် အသုံးပြုပုံ

myself အစရှိသည်တို့ကို နာမ် သို့မဟုတ် နာမ်စားတစ်ခုကို အလေးအနက်ပြုရာမှာလည်း သုံးနိုင်တယ်။
The king himself gave her the medal .
ဘုရင်မင်းမြတ်ကိုယ်တိုင် သူမကို ဆုတံဆိပ် ချီးမြှင့်ခဲ့တယ်။

**himself** က **king** ကို အလေးအနက်ပြု (ဝါ) အထူးပြုနေကြောင်း လေ့လာမှတ်သားပါ။

ဒီပုံဒီနည်း အသုံးပြုတဲ့အခါမှာ နာမ်စားဟာ မရှိမဖြစ်မဟုတ်ဘူး။ အဓိပ္ပာယ် လေးနက်ချင်လို့သာ ထည့်တာ။ သူ့ကို ဖြုတ်ပယ်ပစ်လိုက်မယ် ဆိုရင်လည်း ဝါကျပျက်မသွားဘူး။ ဆိုလိုရင်းအဓိပ္ပာယ်လည်း မပျက်ဘူး။

Ann herself opened the door.
အင်ကိုယ်တိုင် တံခါးဖွင့်ခဲ့တယ်။
Tom himself went.
တွမ်ကိုယ်တိုင် သွားခဲ့တယ်။

**subject** ရဲ့နောက်မှာထားပြီး အထူးပြုလို့ရသလို တကယ်လို့ **object** ပါတဲ့ဝါကျဆိုရင် **object** ရဲ့ နောက်မှာလည်း ထားနိုင်တယ်။ ဒါပေမယ့် အထူးပြုတာကတော့ **subject** ကို ပဲဖြစ်တယ်။

Ann opened the door herself.
အင်ကိုယ်တိုင် တံခါးဖွင့်ခဲ့တယ်။

ထို့အတူ အောက်ပါအတိုင်း **intransitive verb** (ကံမပါတဲ့ ကြိယာ) ရဲ့ နောက်မှာလည်း ထားနိုင်တယ်။

Tom went himself.
တွမ်ကိုယ်တိုင် သွားခဲ့တယ်။
intransitive verb ရဲ့နောက်မှာ preposition + noun လိုက်ပါလာရင် emphasizing pronoun ကို အဲဒီ noun ရဲ့နောက်မှာလည်း ထားနိုင်တယ်။
Tom went to London himself.

သို့မဟုတ်

Tom himself went to London.

အဓိပ္ပာယ်ကတော့ တွမ်ကိုယ်တိုင် လန်ဒန်သို့ သွားခဲ့ပါသတဲ့။ နှစ်ကြောင်းစလုံး အတူတူပဲ။

အခြားနာမ်တစ်ခုကို အလေးအနက် ပြုလိုတဲ့အခါ ယင်းနာမ်ရဲ့နောက်မှာ ကပ်ပြီးထားရတယ်။

I saw Tom himself.
တွမ်ကိုယ်တိုင်ကို ငါ တွေ့ခဲ့တယ်။
I spoke to the President himself.
သမ္မတကိုယ်တိုင်ကို ငါ စကားပြောခဲ့တယ်။
She liked the diamond itself but not the setting.
စိန်ချည်းသက်သက်ကိုတော့ သူမ သဘောအကျခဲ့သာ။ ဒါပေမယ့် လုပ်ထားပုံကို မကြိုက်ဘူး။

**48. so** နှင့် **not**

so ကို think, believe, hope, expect, suppose, am afraid (= regret ဝမ်းနည်းပါတယ်။ ) ဆိုတဲ့ ကြိယာတွေရဲ့နောက်မှာ ထားသုံးတယ်။ ဒီအခါမှာ so က ရှေ့မှာရှိနေတဲ့ စာပိုဒ်တစ်ခုလုံးကို ကိုယ်စားပြုတယ်။ ပထမဖော်ပြခဲ့တဲ့ မှတ်ချက် သို့မဟုတ် မေးခွန်းကို အပ်ကြောင်းမထပ်ချင်တဲ့အတွက် အတိုနည်းသဘောမျိုး သုံးခြင်းပဲဖြစ်တယ်။

Will Mr Pitt be there?
မစ္စတာပစ် ဟိုမှာ ရှိလိမ့်မလား။

Yes: I think so (i.e. I think he will be there).
ဟုတ်ကဲ့ အဲလိုပဲထင်တယ်။ (ဆိုလိုချင်တာက – သူအဲဒီမှာ ရှိလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။)

Is he going to pay you for this ?
သူက မင်းကို ဒါအတွက် ပေးမယ်လား။

I hope so (i.e. I hope he is going to pay me).
အဲလို မျှော်လင့်ရတာပဲ (ဆိုလိုချင်တာက–သူက ငါ့ကို ပေးလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။)

Do you think that he'll be very angry ?
သူ အလွန် စိတ်ဆိုးလိမ့်မယ်လို့ မင်းထင်သလား။

No, I don't suppose so (i.e. I don't suppose that he'll be very angry).
ဟင့်အင်း အဲလို ငါမထင်ဘူး။ ( ဆိုလိုချင်တာက – သူ စိတ်ဆိုးလိမ့်မယ်လို့ ငါမထင်ဘူး။)

mgyoe.com

mgyoe.com

**a. Negative clause** မဟုတ် စကားစုတစ်ခုကို ...... ဟုတ်ကြောင်း ဖော်ပြတဲ့ ကြိယာသဏ္ဌာန် (affirmative form of verbs) ရဲ့နောက်မှာ **not** ကို ထည့်ပေးခြင်းအားဖြင့် ရေးသားနိုင်တယ်။

Is he going to tell the police?
သူက ရဲကို တိုင်လိမ့်မလား။
I hope not ( I hope he won't )
မထင်ပါဘူး။ (သူတိုင်မှာ မဟုတ်ဖူးလို့ ငါမျှော်လင့်တယ်။)
Can you play bridge ?
မင်း ဘရစ်ချ် ဖဲကစားတတ်သလား။
I'm afraid not (I'm afraid I can't).
ဝမ်းနည်းပါတယ်ဗျာ။ မကစားတတ်ဘူး။
Will she get here before dark?
မမှောင်ခင် သူမ ဒီကို ရောက်မလား။
I expect not. မထင်ဘူး။

**b. hope** နဲ့ **be afraid** မှတစ်ပါး ဒီကြိယာတွေရဲ့ မ-မဟုတ် ပုံစံရဲ့နောက်မှာ **so** ကို ထားရှိခြင်းအားဖြင့် ရေးသားဖော်ပြနိုင်တယ်။

Do you think he'll be angry?
သူ စိတ်ဆိုးလိမ့်မယ်လို့ မင်းထင်သလား။
I don't suppose so.
အဲလိုဖြစ်လိမ့်မယ်လို့ ငါ မထင်ဘူး။

negative verb + so ရေးနည်းက ပိုပြီး အသုံးများတွင်ကျယ်တယ်။ ဒါပေမယ့် be afraid သို့မဟုတ် hope တို့နဲ့ တွဲပြီး သုံးလို့တော့ မရဘူး။ ဘာကြောင့်လဲဆိုရင် ဒီဟာ နှစ်ခုကို ဒီအဓိပ္ပာယ်မျိုးနဲ့ မဟုတ်ဝါကျ ရေးရိုးစဉ်လာ မရှိလို့။

❋ ❋ ❋ ❋ ❋

# Chapter 7

## RELATIVE PRONOUNS

## သွယ်ဆက်နာမ်စားများ

relative pronouns များကို relative clauses (or adjective clauses) များ ရေးသားရာမှာ အသုံးပြုတယ်။ relative clauses နှစ်မျိုးနှစ်စား ရှိတယ်။ ယင်းတို့ကတော့ Defining နဲ့ Non-defining တို့ ဖြစ်ကြတယ်။

### 49. Defining Relative Clauses
**အမှန်တကယ် အထူးပြုသည့် သွယ်ဆက်စကားစုများ**

ဒီစကားစုတွေဟာ ရှေ့မှာရှိတဲ့နာမ်ကို အမှန်တကယ် အထူးပြုတယ်။ တစ်နည်းပြောရရင် အဲဒီနာမ်ဟာ တခြားမျိုးတူနာမ်တွေနဲ့ ဘယ်လိုတွေ ကွာခြားတယ် ဘယ်လိုတွေ ထူးခြားတဲ့ သဘော ရှိနေတယ်ဆိုတာကို အမှန်တကယ် အဓိပ္ပာယ်ဖွင့်ဆိုတယ်။ အလေးအနက်ပြုတယ်။ ရှေ့မှာရှိနေတဲ့ နာမ်ရဲ့ အကြောင်းကို ရှင်းရှင်းလင်းလင်း နားလည် သိမြင်ဖို့အတွက် ဒီလို clause အမျိုးအစားဟာ မရှိရင်ကိုမဖြစ်ဘူး။ မရှိမဖြစ်လို့ ထည့်ရခြင်းသာဖြစ်တယ်။ အပိုထည့်တာ မဟုတ်ဘူး။ ဒီလိုကောင်းကောင်း သဘောပေါက်ထားဖို့လိုတယ်။

The man who told me this refused to give me his name.
ငါ့ကို ဒီဟာပြောပြခဲ့တဲ့လူက သူ့အမည်ပေးဖို့ ငြင်းခဲ့တယ်။

who told me this က relative clause (adjective clause) ပေါ့။ တကယ်လို့ ဒီစာပိုဒ်သာ မပါဘူးဆိုရင် သို့မဟုတ် သူ့ကို ဖြုတ်ပယ်လိုက်မယ်ဆိုရင် နာမည်ပေးဖို့ ငြင်းတဲ့လူဟာ ဘယ်သူလဲဆိုတာ ပေါ်လွင်ထင်ရှားမှု ရှိမှာ မဟုတ်တော့ဘူး။ အခုလို မထည့်မဖြစ် အနေနဲ့ ထည့်ရတဲ့ defining relative clause နဲ့ ယင်းရဲ့ ရှေ့မှာရှိတဲ့ နာမ်ရဲ့ အကြားမှာ ကော်မာ (,) မထည့်ရကြောင်း မိမိရရ သတိပြုမှတ်သားပါ။

The noise **that he made** woke everybody up.
သူပြုလုပ်ခဲ့တဲ့ ဆူညံသံက လူတိုင်းကို နိုးစေခဲ့တယ်။

### Relative Pronouns used in Defining Relative Clauses
**အမှန်တကယ် အထူးပြုသည့် စာပိုဒ်များ၌ အသုံးပြုသော သွယ်ဆက် နာမ်စားများ**

### 50. Form - သဏ္ဌာန်

ဒီ **relative pronouns** တွေဟာ လူကို ကိုယ်စားပြုရည်ညွှန်းတဲ့ အခါမှာနဲ့ သက်မဲ့ပစ္စည်းကို ကိုယ်စားပြု ရည်ညွှန်းတဲ့အခါမှာ အနည်းငယ် ပုံသဏ္ဌာန်ကွဲလွဲတယ်။ ပြီးတော့ ပြုလုပ်သူ၊ ခံရသူ၊ ပိုင်ဆိုင်သူအဖြစ် ကိုယ်စားပြု ရပ်တည်ကြတဲ့အခါမှာလဲ တစ်မျိုးနဲ့တစ်မျိုး ပုံသဏ္ဌာန် ကွဲလွဲတယ်။ ကေဝုစ်ကိန်း၊ ဗဟုဝုစ်ကိန်း၊ ယောကျ်ား မိန်းမတို့ကို ကိုယ်စားပြုတဲ့အခါမှာတော့ ပုံသဏ္ဌာန် ကွဲပြားမှုမရှိဘူး။ **who** ဝတဲ့ နာမ်စား တစ်လုံးတည်းကပဲ အနည်းကိန်း၊ အများကိန်း၊ ယောကျ်ား မိန်းမ အားလုံးကို ကိုယ်စားပြုနိုင်တယ်။

ပုံသဏ္ဌာန်တွေကတော့ အောက်ပါအတိုင်းဖြစ်တယ်။

| | | |
|---|---|---|
| **For persons:** | **Nominative :** | who, that |
| လူအများအတွက် | ပြုလုပ်သူ | ယင်းသည် |
| Accusative : | whom, who, that | |
| ခံရသူ | ယင်းကို/အား | |
| Possessive : | whose | |
| ပိုင်ဆိုင်သူ | ယင်း၏ | |
| **For things :** | **Nominative :** which, that | |
| အရာဝတ္ထုများအတွက် | ပြုလုပ်သူ | ယင်းသည် |

mgyoe.com

mgyoe.com

Accusative: which, that
ခံရသူ ယင်းကို/အား
Possessive: whose, of which
ပိုင်ဆိုင်သူ ယင်း၏

တစ်ချို့နေရာများမှာကျတော့ **that** ကိုသာ သုံးမှရတာမျိုးလဲ တွေ့ရတတ်တယ်။ (အောက်တွင် ဆက်လက်လေ့လာပါ။)

**51.** လူများအတွက် အသုံးပြုခြင်း

**a. Nominative: who** သို့မဟုတ် **that**

**who** ကို များသောအားဖြင့် အသုံးပြုတယ်။

The man **who** robbed you is called Tom.
မင်းကို လုခဲ့တဲ့လူဟာ တွမ်လို့ခေါ်တယ်။

The girls **who** serve in the shop are the owner's daughters.
ဆိုင်မှာ တာဝန်ထမ်းဆောင်တဲ့ မိန်းကလေးတွေဟာ ဆိုင်ရှင်ရဲ့သမီးများ ဖြစ်ကြတယ်။

The policeman **who** reported the accident has red hair.
မတော်တဆ ထိခိုက်မှုကို သတင်းပေးပို့ခဲ့တဲ့ ရဲသားမှာ အနီရောင် ဆံပင်များရှိတယ်။

Nominative အဖြစ်နဲ့ဆိုရင် that ကို who ထက် ပိုမိုအသုံးနည်းတယ်။ ဒါပေမယ့် superlative တွေရဲ့နောက်မှာနဲ့ all, nobody, no one, somebody, someone, anybody အစရှိတဲ့ စကားလုံးတွေရဲ့ နောက်မှာဆိုရင်တော့ who သို့မဟုတ် that နှစ်ခုလုံးကို သုံးနိုင်တယ်။

All who / that heard him were delighted with him.
ကြားခဲ့ရသူအားလုံးဟာ သူ့ကို နှစ်သက် သဘောကျခဲ့ကြတာပဲ။

He was the best King who / that ever sat on the throne.
နန်းစံခဲ့သမျှတွေထဲမှာ သူဟာ အတော်ဆုံး ရှင်ဘုရင် ဖြစ်ခဲ့တယ်။ (section 52 b နဲ့ နှိုင်းယှဉ်ကြည့်ပါ။)

**b.** ခံရသူအဖြစ် အသုံးပြုခြင်း
**whom, who, that**

ခံရသူပုံသဏ္ဍာန် တကယ်တန်း အတိအကျ အစစ်အမှန်ကတော့ **whom** သာ ဖြစ်ပါတယ်။ ဒါပေမယ့် **whom** ကို သုံးရတာဟာ သိပ်ပြီးတော့ စည်းကမ်းစနစ်အတိုင်း ကျလွန်းတယ်။ သမားရိုးကျ ဖြစ်လွန်းတယ်လို့ ထင်မှတ်ကြတယ်။ ဒါကြောင့်မို့လို့ စည်းကမ်းအတိုင်း မဟုတ်တဲ့ အင်္ဂလိပ်စကားပြောမှာ **whom** ကို အသုံးနည်းတယ်။ **whom** ရဲ့အစား **who** သို့မဟုတ် **that** ကို သုံးလေ့ရှိကြတယ်။ သူတို့နှစ်လုံးမှာလဲ **that** က ပိုအသုံးများတယ်။ လူကြိုက်အများဆုံး အသုံးအများဆုံး နည်းကတော့ – တကယ်လို့ relative **pronoun** ဟာ ခံရသူသဏ္ဍာန် ဖြစ်နေပလားဆိုရင် နာမ်စားကို လုံးလုံးမထည့် ဘဲ (ဝါ) ဖျောက်ပြီးတော့ သုံးနှုန်းတဲ့နည်းပါပဲ။ အခုအခါမှာ ဒီနည်းဟာ အတွင်ကျယ်ဆုံး ဖြစ်နေပြီ။

အောက်ပါတို့ကို တစ်ဆင့်ပြီးတစ်ဆင့် လေ့လာကြည့်ပါ။

The man whom I saw was called Smith.
(သမားရိုးကျနည်း)
= The man who I saw is called Smith.
= The man that I saw … …
(တိုးတက် ခေတ်မီလာတဲ့နည်းများ)
= The man I saw … …
(relative pronoun ကို ဖျောက်ရေးတဲ့ လူသုံးအများဆုံးနည်း)
ဝါကျလေးကြောင်းလုံး အဓိပ္ပာယ်ကတော့ အတူတူပါပဲ။
ငါမြင်ခဲ့တဲ့လူဟာ စမစ်လို့ ခေါ်ပါသတဲ့။

The girls **whom** he praised were delighted.
= The girls **who** he praised … …
= The girls **that** he praised … …
= The girls he praised … …
သူ ချီးမွမ်းခဲ့သည့် မိန်းကလေးများသည် ကျေနပ်သဘောကျခဲ့ကြသည်။ (ချီးမွမ်းခံရတဲ့အတွက်…)

**c. Whom** သို့မဟုတ် **that** ကို **preposition** တစ်ခုနဲ့ တွဲသုံးခြင်း

သမားရိုးကျနည်း (ဝါ) စည်းကမ်းစနစ်အတိုင်း ရေးသားတဲ့နည်းကတော့ **preposition** ကို **relative pronoun** ရဲ့ ရှေ့မှာထားတဲ့ နည်းပဲဖြစ်တယ်။ ဒီအခါမှာ ခံရသူပုံသဏ္ဍာန် မှန်ဖြစ်တဲ့ **whom** ကို သုံးရမှာကေန်ပဲ။ ဝါကျဟာ အောက်ပါအတိုင်း ဖြစ်လာတယ်။

The man **to whom** I spoke
ငါ စကားပြောခဲ့တဲ့လူ

ဒီရေးနည်းဟာ မှန်တာကတော့ အလွန်မှန်ပဲ။ ဒါပေမယ့် အစဉ်အလာအတိုင်း ဖြစ်လွန်းအားကြီးတဲ့အတွက် လူသုံးနည်းတယ်။

နေ့စဉ်နဲ့အမျှ မိရိုးဖလာအတိုင်းမဟုတ်ဘဲ အာတွေ့သလို ပြောဆိုရေးသားကြရာမှာ **preposition** ကို စာကြောင်းရဲ့ နောက်ဆုံးမှာ ထားလေ့ရှိကြတယ်။ ပြီးတော့ **whom** ကိုလဲ **that** နဲ့ အစားထိုးပစ်လေ့ရှိတယ်။ ဒါထက်ပိုပြီး အသုံးများတဲ့နည်းကတော့ **relative pronoun** ကို ဖျောက်ပယ်ပြီး ရေးတဲ့နည်းပဲ။

The man **from whom** I bought it told me to oil it.
The man **who (m)** I bought it **from** told me to oil it.
The man that I bought it **from** told me to oil it.
The man I bought it **from** told me to oil it.
သူ့ထံက ထိုဟာကို ကျွန်တော် ဝယ်ခဲ့တဲ့လူက ဒါကို ဆီထည့်ပေးဖို့ ပြောခဲ့တယ်။

mgyoe.com

mgyoe.com

**d.** ပိုင်ဆိုင်မှုသဏ္ဍာန်

တစ်ခုတည်းသော ပိုင်ဆိုင်မှု သဏ္ဍာန်ကတော့ whose ဖြစ်တယ်။

People whose rents have been raised can appeal.

(အိမ်) လခတိုးမြှင့် တောင်းခံခြင်းခံရတဲ့ လူတွေဟာ အယူခံဝင်နိုင်တယ်။

**52.** အရာဝတ္ထုများအတွက် အသုံးပြုတဲ့ **relative pronouns** များ

**a. Nominative** ကတော့ **which** သို့မဟုတ် **that** ဖြစ်တယ်။ **which** ကတော့ ပိုပြီးတော့ သမားရိုးကျဆန်တယ်။

This is the picture which / that caused such sensation.

ဒီလောက်တောင် စိတ်ခံစား လှုပ်ရှားမှုကို ဖြစ်စေခဲ့တဲ့ ပန်းချီကားကတော့ ဒီဟာပဲ။

The stairs which / that lead to the cellar are rather slippery.

မြေအောက်ခန်းထဲကိုဆင်းတဲ့ လှေကားဟာ အတော်ကလေးကို ချော်တယ်။

(အောက်ပါ **b** ကိုလဲရှု။)

**b. Accusative** သို့မဟုတ် ခံရသူသဏ္ဍာန်ကတော့ **which** သို့မဟုတ် **that** ဖြစ်တယ်။ **relative pronoun** ဖျောက်ပြီးတော့လဲသုံးတယ်။

The car which / that I hired broke down after five miles.

The car I hired broke down after five miles.

ငါ ငှားခဲ့တဲ့ကားဟာ ငါးမိုင်သွားပြီးနောက် စက်ချို့ယွင်းခဲ့တယ်။

**which** ကို (၁) **all, much, little, everything, none, no** (၂) **no** နဲ့ ရှေ့ဆက်ထားတဲ့ စကားလုံးများ (၃) **superlatives** များရဲ့နောက်မှာ သုံးလေ့မရှိဘူး။ အဲဒီအခါမျိုးမှာ **which** ရဲ့အစား **that** ကို သုံးတယ်။ သို့မဟုတ် ခံရသူသဏ္ဍာန်ဖြစ်တဲ့အခါ **relative pronoun** ကို ဖျောက်ပြီးတော့ရင်လဲသုံးတယ်။

All the apples that fall are eaten by the pigs.

ကြွေကျတဲ့ အားလုံးသော ပန်းသီးများဟာ ဝက်များရဲ့ အစားခံရတယ်။

This is the best hotel (that) I know.

ဒါဟာ ငါသိသမျှ အကောင်းဆုံး ဟိုတယ်ပဲ။

**c.** ခံရသူသဏ္ဍာန်ကို **preposition** နဲ့ တွဲသုံးခြင်း

အစဉ်အလာအတိုင်း ရေးနည်းကတော့ preposition + which ပါပဲ။ ဒါပေမယ့် preposition ကို စာပိုဒ်ရဲ့ နောက်ဆုံးမှာ ထားသုံးတဲ့နည်းကို ပိုလူကြိုက်များတယ်။ ဒီနည်းမျိုးရေးတဲ့အခါမှာ **which** နဲ့ **that** ကြိုက်ရာတစ်ခုကိုဖြစ်စေ၊ တစ်ခုမှ မထည့်ဘဲ ဖျောက်ရေးတဲ့ နည်းကိုဖြစ်စေ သုံးနိုင်တယ်။

The ladder **on which** I was standing began to slip.

The ladder **which / that** I was standing on began to slip.

The ladder I was standing on began to slip.

(ယင်းအပေါ်မှာ) ငါ မတ်တတ်ရပ်နေခဲ့တဲ့ ထောင်လှေကားစတင်လျှောကျခဲ့တယ်။

**d.** ပိုင်ဆိုင်မှုသဏ္ဍာန်ဖြစ်တဲ့ **whose + clause** ရေးထုံးကို သုံးနိုင်တယ်။ ဒါပေမယ့် ဒီလို ရေးတာရဲ့အစား **with + phrase** ရေးနည်းကို ပိုသုံးတယ်။

Living in a house **whose walls were made of glass** would be horrible.

(ယင်းရဲ့) နံရံတွေကို မှန်နဲ့လုပ်ထားတဲ့ အိမ်တစ်လုံးထဲမှာ နေရတာဟာ လန့်စရာပဲ။

Living in a house **with glass walls** would be horrible.

မှန်နံရံတွေနဲ့ အိမ်တစ်လုံးထဲမှာ နေရတာဟာ လန့်စရာပဲ။

**53.** **what** ကို **relative pronoun** အဖြစ်သုံးခြင်း

What = the thing / the things that - စသည်ဖြင့် ဝါကျလိုက်လို့ အဓိပ္ပာယ်ရတယ်။

**The things that** we saw astonished us.

ငါတို့ မြင်ခဲ့ရတဲ့ အရာဝတ္ထုတွေဟာ ငါတို့ကို အံ့သြစေခဲ့တယ်။

**What** we saw astonished us.

ငါတို့ မြင်ခဲ့ရတာတွေက ငါတို့ကို အံ့သြစေခဲ့တယ်။

When she sees **the damage that** you have done she will be furious.

မင်း ပြုလုပ်လိုက်တဲ့ အပျက်အစီးကို မြင်ရတဲ့အခါ သူမ ဒေါသတကြီးဖြစ်လိမ့်မယ်။

= When she sees **what** you have done, she will be furious.

မင်းပြုလုပ်လိုက်တာကို သူမ မြင်ရတဲ့အခါ သူမ ဒေါသတကြီးဖြစ်လိမ့်မယ်။

**What** ကို **connective relative** (စကားဆက်နာမ်စားအဖြစ်သုံးခြင်း (ဝါ) **noun + what** ပုံစံဖြင့်သုံးခြင်း) အဖြစ် သုံးနှုန်း၍ မရပါ။ **section 60** ရှု။

He said that he had no money. This was perfectly true.

သူ့မှာ ပိုက်ဆံမရှိပါလို့ သူက ပြောခဲ့တယ်။ ဒီအချက်ဟာ အကြွင်းမဲ့ မှန်ကန်ခဲ့တယ်။

mgyoe.com

mgyoe.com

= He said that he had no money, which was perfectly true.
သူ့မှာ ပိုက်ဆံမရှိပါလို့ သူက ပြောခဲ့ရာ ယင်းအချက်မှာ အကြွင်းမဲ့ မှန်ကန်ခဲ့တယ်။

ဒီဝါကျမှာ **which** အစား **what** ကို သုံးလို့မရပါ။

**54. infinitive တစ်ခုဟာ relative clause တစ်ခုကို အစားထိုးနိုင်လေ့ရှိတယ်။**

(မှတ်ချက်။ ။ **infinitive** ဆိုတာကို အကြမ်းဖျင်း အဓိပ္ပာယ်ဖွင့်ရရင်တော့ **to + verb one zero** ပါပဲ။ စာသင်သားများအတွက် လွယ်ကူအောင် ဒီအဆင့်မှာ ဒီလောက် မှတ်သားထားရင် ပြီးပါတယ်။)

a. **first/second** စသည်တို့ရဲ့ နောက်မှာဖြစ်စေ၊ **last/only** တို့ရဲ့နောက်မှာဖြစ်စေ၊ တစ်ခါတစ်ရံမှာ **superlatives** များရဲ့ နောက်မှာဖြစ်စေ သုံးနိုင်တယ်။

The last man to leave the ship
= The last man who left / leaves
အဓိပ္ပာယ်ကတော့ သင်္ဘောကို နောက်ဆုံး စွန့်ခွာတဲ့လူလို့ အတူတူပါပဲ။

The only one to understand
= The only one who understood / understands
ဒီနှစ်ကြောင်းလုံးမှာလဲ နားလည်သဘောပေါက်တဲ့ တစ်ဦးတည်းသောသူလို့ အဓိပ္ပာယ်ရတယ်။

infinitive ဟာ verb + nominative relative pronoun ရဲ့ အစား သုံးထားခြင်းဖြစ်ကြောင်း သတိပြုပါ။

verb + accusative pronoun ရဲ့ အစားတော့ infinitive ကို သုံးလို့မရဘူး။ ဥပမာအားဖြင့် The first man **that we saw** – ဆိုတဲ့ စာစုကို ကြည့်ကြမယ်။ that we saw ရဲ့အစား the first man to see လို့ infinitive နဲ့ အစားထိုးရင် မရနိုင်ဘူး။ ဒါပေမယ့် The first man that was seen လို့ that + passive verb ဆိုရင်တော့ passive infinitive နဲ့ အစားထိုးနိုင်တယ်။ ဒီအခါမှာ The first man to be seen – လို့ ဖြစ်လာလိမ့်မယ်။

b. ကိစ္စတစ်ရပ် သို့မဟုတ် ခွင့်ပြုချက်တစ်ရပ်ကို ဖော်ပြလိုတဲ့ အခါမှာလဲ အစားထိုးနိုင်တယ်။

He has a lot of books to read.
= A lot of books that he can read / must read
သူ့မှာ ဖတ်စရာ စာအုပ်တွေ အများကြီးရှိတယ်။

She had something to do.
= Something that she could do / had to do
သူမမှာ လုပ်စရာ တစ်စုံတစ်ခု ရှိခဲ့တယ်။

A garden to play in
= A garden thay can play in
ကစားဖို့အတွက် ဥယျာဉ်တစ်ခု

ဒီနေရာမှာတော့ infinitive က verb + **accusative** relative pronoun ကို ကိုယ်စားပြုကြောင်း သတိပြုပါ။ infinitive သုံးနည်းနှစ်မျိုးဟာ တစ်ခုနဲ့တစ်ခု ရှုပ်ထွေးနိုင်တယ်လို့ ထင်ချင်စရာတော့ ကောင်းတယ်။ ဒါပေမယ့် လက်တွေ့မှာတော့ ရှုပ်ထွေးမှုပေါ်ဖို့ ခဲယဉ်းပါတယ်။ ဘာကြောင့်လဲဆိုရင် ဝါကျတစ်ခုလုံးကို ခြုံငုံကြည့်လိုက်ခြင်းအားဖြင့် အဓိပ္ပာယ် ပေါ်လွင်နေလို့ပါပဲ။

The first man to see ဆိုတဲ့ စာပိုဒ်ဟာ သဒ္ဒါဖွဲ့စည်းမှုအရ ဆိုရင် The first man that we must see (man ကို accusative ခံရသူအဖြစ် ကောက်ယူခြင်း) လို့လဲဖြစ်နိုင်သလို The first man who saw (man ကို nominative ပြုလုပ်သူအဖြစ် ကောက်ယူခြင်း) လို့လဲ ဖြစ်နိုင်တယ်။ ဒါပေမယ့် စာပိုဒ်အဖြစ်သာ မထားဘဲ၊ ဝါကျ အပြည့်အစုံအဖြစ် ဖွဲ့စည်းလိုက်တဲ့အခါမှာတော့ အဲဒီ man ဟာ ခံရသူလား၊ ပြုလုပ်သူလားဆိုတာ ရှင်းလင်းပေါ်လွင်လာတယ်။

The first man to see is Tom.
= The first man that we must see is Tom.
ငါတို့ ပထမဆုံး တွေ့မြင်ရမယ့် လူကတော့ တွမ်ဖြစ်တယ်။
The first man to see me was Tom.
= The first man who saw me was Tom.
ငါ့ကို ပထမဆုံး တွေ့မြင်တဲ့ လူကတော့ တွမ်ဖြစ်ခဲ့တယ်။

**55. It is / was + noun / pronoun + relative clause**
It was Tom who paid.
(ပိုက်ဆံ) ပေးခဲ့တာက တွမ်ပဲ။

**Tom paid** (တွမ်ပေးခဲ့တယ်) လို့ ရိုးရိုးနည်းနဲ့ ရေးမယ့်အစား ဒီလိုပုံစံမျိုး ရေးသားနိုင်တယ်။ ပြုမူချက်တစ်ခုရဲ့ အကြောင်းကို အလေးအနက် တင်ပြလိုတဲ့အခါမှာ အခုလို သုံးနှုန်းလေ့ရှိတယ်။ အထူးသဖြင့်ကတော့ အမေးတစ်ခုကို ဖြေတဲ့အခါမှာဖြစ်စေ၊ တစ်ယောက်ယောက်ရဲ့ ပြောကြားချက် လွဲမှားတဲ့အတွက် မိမိက အယူအဆကွဲတစ်ရပ်ကို ထုတ်ဖော်လိုတဲ့အခါမှာဖြစ်စေ သုံးနှုန်းလေ့ရှိတယ်။

**Peter:** One of the players is being carried off the field.
ပီတာက 'ကစားသမားတစ်ယောက်ကို ကွင်းထဲက သယ်ထုတ်သွားရတယ်ကွ'

**James:** I think it is the referee who is being carried off.
ဂျိမ်းက 'သယ်ထုတ်အသွားခံရတာက ဒိုင်လူကြီးလို့ ငါထင်ပါတယ်ကွာ'

mgyoe.com

mgyoe.com

အလားတူ It is always Ann who makes the tea (လက်ဖက်ရည်ဖျော်တာက အမြဲတမ်း အင်ပါကွ) လို့ ဆိုလိုက်တဲ့အခါမှာလဲ လက်ဖက်ရည် ဖျော်နိုင်တဲ့ တခြားမိန်းကလေးတွေ ရှိတော့ရှိတယ်။ ဒါပေမယ့် သူတို့တွေက မဖျော်ကြဘူး။ အဖျင်းမတွေလို့ ရည်ညွှန်းလိုခြင်းဖြစ်တယ်။ ဒီနည်းအတိုင်း It was the second bomb that did the damage. (အပျက်အစီးကို ဖြစ်စေခဲ့တာက ဒုတိယဗုံး…) လို့ ဆိုလိုက်တဲ့အခါမှာလဲ ပထမဗုံးဟာ မပေါက်ကွဲခဲ့ဘူး။ တစ်စုံတစ်ရာကို မပျက်ဆီးနိုင်ခဲ့ဘူးလို့ ရည်ညွှန်းလိုခြင်းဖြစ်တယ်။

## Non-defining Relative Clauses

### အမှန်တကယ် အထူးမပြုသည့် သို့မဟုတ် အပိုထည့်သည့် သွယ်ဆက်စကားစုများ

**56.** တစ်ချို့နာမ်တွေက သူတို့ဘာသာ သိသာထင်ရှားပြီးသားဖြစ်တယ်။ တိကျပြီးသားဖြစ်တယ်။ **non- defining relative clause** တွေကို အဲဒီလိုနာမ်တွေရဲ့ နောက်မှာထားပြီး ရေးသား အသုံးပြုတယ်။ ဒီ **clause** တွေက ရှေ့မှာရှိတဲ့ နာမ်တွေကို အမှန်တကယ် အထူးပြုခြင်း အဓိပ္ပာယ် ဖွင့်ဆိုခြင်းတို့ကို မပြုလုပ်ကြဘူး။ ဖော်ပြလိုတဲ့ အချက်အလက်များကိုဖြစ်စေ၊ အကြောင်းအရာများကိုဖြစ်စေ သာမန်အားဖြင့်သာ ဖြည့်စွက် တင်ပြခြင်းပြုတယ်။ ဒီစာပိုဒ်တွေဟာ ဝါကျရဲ့ မရှိမဖြစ် အပိုင်းတစ်ပိုင်း မဟုတ်ဘူး။ သူတို့ကို ဖြုတ်ပယ်ပစ်လိုက်ပေမယ့် ဆိုလိုရင်းအဓိပ္ပာယ် ရှုပ်ထွေးမသွားဘူး။ ဒါဟာ **defining relative clause** တွေနဲ့ မတူတဲ့ အချက်ပဲ။ နောက်ထပ် မတူတဲ့ အချက်တစ်ခုက သူတို့တွေမှာကျတော့ ကော်မာတွေကို ထည့်သွင်းအသုံးပြုရတယ်။ ဒီအရေးအသားမျိုးဟာ အထိုက်အလျောက် ထုံးတမ်းစဉ်လာ ဆန်တယ်။ ဒါကြောင့်မို့လို့ စကားပြောရာမှာထက် စာရေးသားရာမှာ ပိုမိုအသုံးပြုတယ်။

## Relative Pronouns used in Non-defining Relative or Adjective Clauses

### အမှန်တကယ် အထူးမပြုသည့် (ဝါ) အပိုထည့်သည့် စာပိုဒ်များ၌ အသုံးပြုသော သွယ်ဆက်နာမ်စားများ

**57. Form - သဏ္ဌာန်**

ဒီနာမ်စားတွေမှာ ကေဝုစ်ကိန်း၊ ဗဟုဝုစ်ကိန်း။ ယောက်ျား မိန်းမ ခွဲခြားခြင်းမရှိဘူး။

| Nominative | Accusative | Possessive |
|---|---|---|
| ပြုလုပ်သူ | ခံရသူ | ပိုင်ဆိုင်သူ |

**a.** for persons: လူများအတွက်

| who | whom, who | whose |
|---|---|---|
| ယင်းသည် | ယင်းကို / အား | ယင်း၏ |

**b.** for things: အရာဝတ္ထုများအတွက်

| which | which | of which |
|---|---|---|
| ယင်းသည် | ယင်းကို / အား | ယင်း၏ |

**58.** လူများအတွက် အသုံးပြုပုံ

**a. Nominative** (ပြုလုပ်သူ) ဖြစ်တဲ့ **who**

**who** တစ်ခုတည်းကိုသာ အသုံးပြုနိုင်ကြောင်းကိုလည်းကောင်း၊ ကော်မာများ ထည့်ပေးရကြောင်းကိုလည်းကောင်း၊ အသေအချာ သတိပြု မှတ်သားပါ။

My gardener, who is very pessimistic, says that there will be no apples this year.

ကျွန်တော့ ဉယျာဉ်မှူးဟာ အင်မတန် အဆိုးဘက်က မြင်တတ်သူတစ်ယောက်ဖြစ်တယ်။ ဒီနှစ် ပန်းသီးတွေ ဖြစ်ထွန်းမှာ မဟုတ်ဘူးလို့ သူကပြောတယ်။

Tom, who is incurably romantic, has just got engaged for the fourth time.

တွမ်ဟာ ဆေးကုလို့ မရလောက်အောင် ချစ်ရေး ကြိုက်ရေးမှာ အာရုံစိုက်တယ်။ လေးကြိမ်မြောက် သူ စေ့စပ်ကြောင်း လမ်းလိုက်ပြန်ပြီ။

**b. Accusative (object)** အဖြစ် **whom, who** ကိုသုံးခြင်း

ဒီရေးနည်းမှာကျတော့ ခံရသူအဖြစ် ရပ်တည်တဲ့ **relative pronoun** တွေကို အမြဲထုတ်ဖော် ရေးရတယ်။ **defining** မှာတုန်းကလို ဖျောက်လို့ မရဘူး။ ခံရသူ ပုံစံမှန်ကတော့ **whom** ဖြစ်တယ်။ ဒါပေမယ့် စကားပြောမှာတော့ **who** ကိုလဲ ခံရသူအဖြစ် သုံးလေ့ရှိတယ်။

His employer, whom he heartily dislikes, says that he is not suited to the work.

သူဟာ အလုပ်နဲ့ မထိုက်တန်ဘူးလို့ သူ့ရဲ့ အလုပ်ရှင်က ပြောတယ်။ အဲဒီအလုပ်ရှင်ကို သူက သည်းလှိုက် အူလှိုက်မုန်းတယ်။

**non - defining** မှာ ဘယ်လို အဓိပ္ပာယ်ကောက် ပြန်ဆိုရကြောင်း ဂရုတစိုက် မှတ်သားပါ။ သူက သည်းလှိုက်အူလှိုက်မုန်းတဲ့ အလုပ်ရှင် … လို့ မပြန်ဆိုသင့်ဘူး။ အဲဒီလိုပြန်လိုက်လို့ရှိရင် **defining** နဲ့ အတူတူဖြစ်သွားမယ်။

She introduced me to her husband, whom I hadn't seen before.

သူမက ငါ့ကို သူမရဲ့ ခင်ပွန်းနဲ့ မိတ်ဆက်ပေးခဲ့တယ်။ အဲဒီလူကို ငါ အလျင်က မမြင်ဖူးခဲ့ဘူး။

mgyoe.com

mgyoe.com

ဒီဝါကျမှာလဲ အလျင်က မမြင်ဖူးခဲ့တဲ့ သူမရဲ့ ခင်ပွန်း ... လို့ အဓိပ္ပာယ် မကောက်ယူရကြောင်း အလေးအနက် သတိပြုပါ။ မမြင်ဖူးခဲ့တဲ့ ခင်ပွန်းလို့ ဆိုလိုက်တာနဲ့ တစ်ချက်တည်းမြင်ဖူးတဲ့ ခင်ပွန်းတွေ ရှိသေးတယ်လို့ ဆိုလိုရာရောက်တယ်။ အဲဒီ အမျိုးသမီးမှာ လင်တွေ အများကြီးရှိသယောင် သွားပုပ်လေလွင့်စွပ်စွဲရာ ရောက်သွားပါလေရော။

c. **Whom ကို preposition နဲ့ တွဲသုံးပုံ**

မူလဘူတအားဖြင့်တော့ **preposition** ကို **whom** ရဲ့ ရှေ့မှာ ထားရတာ အမှန်ပဲ။ ဒါပေမယ့် စကားပြောမှာကျတော့ **who (m)** ကို အသုံးပြုနိုင်တယ်။ ပြီးတော့ **preposition** ကိုလဲ **defining relative clauses** တွေမှာ တုန်းကလို **clause** ရဲ့အဆုံးကို ရွှေ့ထားလေ့ရှိတယ်။

Mary, with whom I drove home, has a Rolls Royce.
Mary, who I drove home with, has a Rolls Royce.
မေရီမှာ ရိုးလ်ရွိုက်စ်တစ်စီးရှိ၍ သူနဲ့အတူ ငါ ကားမောင်းပြီး အိမ်ပြန်လာခဲ့တယ်။
အောက်ပါတို့ကိုလဲ မှတ်သားပါဦး။
Mary, with whom I drove home yesterday
ကို ပြောင်းလိုက်ရင် ဟောဒီလို ဖြစ်လာတယ်။
Mary, who I drove home with yesterday
(အချိန်ပြ ကြိယာဝိသေသနဖြစ်တဲ့ **yesterday** က တပိုဒ်ရဲ့ အဆုံးမှာပဲ တည်ရှိတယ်)။

d. **ပိုင်ဆိုင်မှုကိုပြတဲ့ whose ကိုသုံးပုံ**

Chopin, whose works are world - famous, composed some of his music here.
ရှိုပင်ရဲ့ တေးဂီတများဟာ ကမ္ဘာကျော်တယ်။ သူဟာ သူရဲ့ တေးဂီတတွေထဲက အချို့ကို ဒီမှာ ဖွဲ့ဆိုဖန်တီးခဲ့တယ်။

Rousseau, whose paintings are extraordinarily interesting, was by profession a customs officer.
ရူးဆိုးရဲ့ ပန်းချီကားတွေဟာ ပြိုင်စံရှားလောက်အောင် စိတ်ဝင်စားစရာကောင်းတယ်။ သူဟာ အသက်မွေးဝမ်းကျောင်းအလုပ်အားဖြင့်တော့ အကောက်ခွန်အရာရှိတစ်ယောက် ဖြစ်ခဲ့တယ်။

59. **အရာဝတ္ထုများအတွက် အသုံးပြုပုံ**

a. **Which ကို nominative (ပြုလုပ်သူ) အဖြစ် သုံးပုံ**

His old car, **which** breaks down every few miles, is dearer to him than his wife.
သူ့ရဲ့ ကားစုတ်ကြီးဟာ မိုင်ကလေး မဆိုစလောက် သွားပြီးတိုင်း ပျက်တယ်။ ဒါပေမယ့် သူက အဲဒီကားကြီးကို သူ့မယားထက် ပိုခင်တွယ်တယ်။

His new house, **which** is absolutely enormous, has no running water.
သူ့အိမ်သစ်ကြီးက ကြီးလိုက်တာတော့ လွန်ပါရော။ ရေပိုက်သွယ်ဆက်ထားခြင်းတော့ မရှိဘူး။

b. **which ကို accusative (object) ခံရသူအဖြစ်သုံးပုံ**

The oak tree near the house, **which** I intended to cut down anyway, was struck by lightning last night.
အိမ်နားမှာရှိတဲ့ ဝက်သစ်ချပင်ကို တစ်နည်းနည်းနဲ့ ခုတ်ဖို့ ငါကြံရွယ်ခဲ့တယ်။ ညကတော့ အဲဒီအပင်ဟာ မိုးကြိုးပစ်ခံခဲ့ရတယ်။

**'Julius Caesar', which** you are going to see tomorrow, was written by Shakespeare.
"ဂျူးလီယက်ဆီဇာ" ကို မင်း နက်ဖြန် သွားကြည့်မယ်ပေါ့။ အဲဒီပြဇာတ်ကို ရှိတ်စပီးယား ရေးခဲ့တာပဲ။

အထက်ပါ အရေးအသားမျိုးတွေမှာ **which** ကိုသာ အမြဲတစေသုံးတယ်။ အစားထိုးသုံးစရာ တခြားစကားလုံး မရှိဘူး။ ဖျောက်ပြီး ရေးလို့လဲမရဘူး။

c. **which ကို preposition နှင့် တွဲသုံး**

Preposition ကို which ရဲ့ရှေ့မှာဖြစ်စေ၊ clause ရဲ့ အဆုံးမှာဖြစ်စေထားနိုင်တယ်။ (ဒါပေမယ့် section 58 c ကိုလဲရှု)

This sherry, for which I paid 5/- dollars, is awful.
ဒီရှယ်ရီ (ဝိုင်အရက်တစ်မျိုး) ကတော့ အံ့ရောဟေ့။ ငါ ငွေ ၅ ဒေါ်လာ ပေးခဲ့ရတာ။

d. **Which ကို verb + preposition / adverb နဲ့ တွဲသုံးပုံ**

Look forward to, run out of, look after, put up with, give up အစရှိတဲ့ အသုံးအနှုန်းများနဲ့ တွဲသုံးတယ်။ အထူးမှတ်သားဖို့က ဒီလို အသုံးအနှုန်းတွေကို ရေးသားတဲ့ အခါမှာ သူ့အတွဲတွေကို ဖြုတ်ပစ်လို့ မရဘူး။ ပင်ကိုရှိရင်း စကားလုံး အစီအစဉ်အတိုင်း ထားရတယ်။

This machine, **which** I have **looked after** for thirty years, is as good as new.
ဒီစက်ကို ငါကိုင်တွယ် ထိန်းသိမ်းလာခဲ့တာ အနှစ်သုံးဆယ်ကြာပြီ။ အခုထက်ထိ အသစ်အတိုင်း ကောင်းနေတုန်းပဲ။

Your inefficiency, **which** I have **put up with** since you came to this office, is beginning to be unbearable.
မင်း ဒီရုံးရောက်တဲ့ အချိန်ကစပြီး မင်းရဲ့လုပ်ငန်း မကျွမ်းကျင်မှုကို ငါ အစဉ်တစိုက် သည်းခံလာတယ်။ အခုတော့ သည်းမခံနိုင်အောင် ဖြစ်လာပြီ။

e. **ပိုင်ဆိုင်မှုကိုပြတဲ့ whose သို့မဟုတ် of which တို့ကိုသုံးပုံ**

**whose** ကို အရာဝတ္ထုများအတွက်ထက် တိရစ္ဆာန်များအတွက် ပိုသုံးတယ်။ **of which** ကို အရာဝတ္ထုများအတွက် သုံးတယ်။

mgyoe.com

mgyoe.com

My bitch, **whose** *temper* is very uncertain, often bites the judges at important dog shows.
ငါ့ခွေးမရဲ့ စိတ်ဓာတ်အခြေအနေက အလွန့်ကို မရေမရာကွ။ အရေးပါ အရာရောက်တဲ့ ခွေးပြပွဲတွေမှာ ဒိုင်လူကြီးတွေကို ကိုက်ချင်ကိုက်တာ။

His thesis, **of which the last** hundred pages are absolutely nonsense, will probably win him a lot of notoriety.
သူ့ကျမ်းစာရဲ့ နောက်ဆုံး စာမျက်နှာတစ်ရာဟာ တကယ့်ကို မဟုတ်မဟတ်တွေဘဲ။ ဒီအတွက်ကြောင့် သူဟာ (အဆိုးဘက်) နာမည်ကြီးမှုကို ရကောင်းရလိမ့်မယ်။

ဒါပေမယ့်လည်း အထက်ဖော်ပြပါ အရေးအသားမျိုးတွေကို ဖြစ်နိုင်သလောက် ရှောင်ရှားတတ်ကြတယ်။ အဲဒီလိုတွေ သုံးနှုန်းမယ့်အစား အောက်ပါနည်းမျိုးကို ပိုမို ပြောဆိုလေ့ရှိတယ်။

My bitch has a very uncertain temper and often bites the judges.
His thesis will probably win him a lot of notoriety because the last hundred pages are nonsense.

Non - defining relative clauses များ အသုံးပြုမှုကို အင်္ဂလိပ်စကားပြောမှာ ရှောင်ရှားလေ့ရှိကြတယ်။ ယင်းတို့ကို သုံးမယ့်အစား simple sentences (လွယ်ကူတဲ့ ဝါကျများ (ဝါ) ဝါကျတိုများ) တွေကို သုံးလေ့ရှိကြတယ်။ သို့မဟုတ် and, but, because အစရှိတဲ့ ဆီလျော်ရာ စကားဆက်များကို အသုံးပြုတယ်။

That well, **which** they began digging on Monday, is now thirty feet deep.
လို့ ပြောမယ့်အစား အောက်ပါအတိုင်း ပိုမိုပြောဆိုလေ့ရှိကြတယ်။

They began digging that well on Monday. It is thirty feet deep now.
အဲဒီ ရေတွင်းကို သူတို့ တနင်္လာနေ့က စတူးခဲ့ကြတယ်။ အခု ပေသုံးဆယ် နက်သွားပြီ။

## 60. Who နဲ့ which တို့ကို connective relatives ဆက်သွယ်ရေး စကားလုံးများအဖြစ်သုံးပုံ

I met Mary. She gave me this.
အခုလို ဝါကျတိုတိုနှစ်ခုကို ဆက်ချင်ရင် အောက်ပါအတိုင်း ဆက်နိုင်တယ်။
I met Mary and she gave me this.
သို့မဟုတ်
I met Marry, **who** gave me this.
အလားတူ အောက်ပါအတိုင်း ရေးသားနိုင်တယ်။

I bought this map. It helped me a lot.
= I bought this map, **which** helped me a lot.
ငါ ဒီမြေပုံကို ဝယ်ခဲ့တယ်။ ယင်းက ငါ့ကို အများကြီး အကူအညီပေးခဲ့တယ်။

**which** ဟာ စာပိုဒ်တစ်ခုလုံးကိုလဲ ကိုယ်စားပြုရည်ညွှန်းနိုင်တယ်။

He said that he had never seen her before, **which** was not true.
သူမကို ယခင်က မမြင်ဖူးခဲ့ဘူးလို့ သူက ပြောခဲ့တယ်။ အဲဒါ (အဲဒီစကား) မမှန်ဘူး။

Rats ran about the attic all night, **which** kept her awake.
ကြွက်တွေဟာ အိမ်ထိပ်ဖျား အခန်းကျဉ်းကလေးထဲမှာ တစ်ညလုံး ပြေးခဲ့ကြတယ်။ အဲဒီအချက်က သူမကို အိပ်မရအောင် ဖြစ်စေခဲ့တယ်။

We had to sleep in our wet clothes, **which** was most uncomfortable.
ငါတို့ဟာ ငါတို့ရဲ့ ရေစို အဝတ်အစားတွေနဲ့ပဲ အိပ်ခဲ့ကြရတယ်။ ဒီလိုလုပ်ရတာဟာ သက်သောင့်သက်သာ မရှိဆုံးဘဲ။

**connective relatives** များမှာ ကော်မာများ ပါရှိကြောင်း သတိပြုပါ။

**what** နဲ့ **that** ကို **connective relatives** များအဖြစ် သုံးလို့မရပါ။

မှတ်ချက် ။ ။ အချုပ်အားဖြင့် မှတ်မိနေဖို့ကတော့ relative pronouns နဲ့ဆက်တဲ့ စကားစု ၃ မျိုးရှိတယ်။ (၁) defining ဖြစ်တယ်။ ဒီစာပိုဒ်က မပါမဖြစ်။ ရှေ့မှာရှိတဲ့ နာမ်ကို အမှန်တကယ် အထူးပြုတယ်။ ကော်မာမထည့်ရ။ (၂) non-defining ဖြစ်တယ်။ ရှေ့မှာရှိတဲ့ နာမ်ကို စကားစုက တကယ်တန်း အထူးမပြုဘူး။ ဝါကျနှစ်ကြောင်း ခွဲမရေးချင်လို့ ပေါင်းရေးတဲ့သဘော (ဝါ) အပိုထည့်တဲ့သဘော။ ဒီစာပိုဒ်မပါလဲဖြစ်တယ်။ ကော်မာ ထည့်ပေးရတယ်။ (၃) connective ဖြစ်တယ်။ non - defining နဲ့ ခပ်ဆင်ဆင်ပါပဲ။ ကော်မာ ထည့်ပေးရတယ်။ ၁ နဲ့ ၂ တို့ထက် ထူးခြားတဲ့ အချက်ကတော့ ကပ်နေတဲ့ 'နာမ်ကိုသာမကဘဲ ရှေ့မှာရှိနေတဲ့ ဝါကျတစ်ခုလုံးကို ကိုယ်စားပြုနိုင်တယ်။ section 60 ကို ပြန်ဖတ်ပါ။ ဒါမျိုးကျတော့ relative pronoun ဆိုတာ ရှေ့မှာ ရှိနေတဲ့နာမ်ကို ကိုယ်စားပြုတယ်ဆိုတဲ့ သာမန်အသိနဲ့ မရတော့ဘူး။

## 61. Relative Adverbs

relative adverbs များဖြစ်ကြတဲ့ when, where, why တို့ကို preposition + relative pronoun which ရေးထုံးရဲ့အစား အသုံးပြုတယ်။

mgyoe.com

.mgyoe.com

**when** ကို အချိန်ပြအဖြစ် အသုံးပြုတဲ့ **in/on which** ရဲ့အစားသုံးတယ်။

**where** ကို နေရာပြအဖြစ် အသုံးပြုတဲ့ **in which** သို့မဟုတ် at which ရဲ့အစားသုံးတယ်။

**why** ကို အကြောင်းပြအဖြစ် အသုံးပြုတဲ့ **for which** ရဲ့အစားသုံးတယ်။

The year **in which** he died = The year **when** he died

သူသေခဲ့တဲ့နှစ်

The day **on which** she arrived = The day **when** she arrived

သူမ ဆိုက်ရောက်ခဲ့တဲ့နေ့

The house **in which** he lived = The house **where** he lived

သူနေခဲ့တဲ့ အိမ်

အလားတူ အောက်ပါအတိုင်းလဲ သုံးနိုင်တယ်။

Finland, where he spends his holidays, has lots of lakes.

သူဟာ သူ့ရဲ့ အားလပ်ရက်တွေကို ဖင်လန်ပြည်မှာ ကုန်လွန်စေတယ်။ အဲဒီမှာ ရေကန်တွေ အမြောက်အမြားရှိတယ်။

The reason why he came is not very convincing.

ဘာကြောင့် သူလာခဲ့သလဲဆိုတဲ့ အချက်ဟာ အကြီးအကျယ် သဘောမပေါက်နိုင်စရာ ဖြစ်နေတယ်။

62. **Relative clauses (adjective clauses) တွေမှာ ကော်မာတွေ (commas) အရေးကြီးပုံ**

defining relative clause မှာ ကော်မာများ မပါရကြောင်းနဲ့ non-defining relative clause မှာ ကော်မာများ ပါရှိရကြောင်း ဘယ်တော့မှ မမေ့လေနဲ့။ ကော်မာတွေထည့်ခြင်း မထည့်ခြင်းကြောင့် အဓိပ္ပာယ်ဟာ အတိုင်းမသိ ထူးခြားသွားကြောင်း သတိပြုပါ။

The travellers who knew about the floods took another road.

ရေကြီးနေကြောင်း သိရှိခဲ့တဲ့ ခရီးသည်တွေဟာ တခြားလမ်းက သွားခဲ့ကြတယ်။

The travellers, who knew about the floods, took another road.

ခရီးသည်တွေဟာ ရေကြီးနေတဲ့အကြောင်း သိခဲ့ကြတယ်။ သူတို့ တခြားလမ်းက သွားခဲ့ကြတယ်။

ပထမ ဝါကျမှာက defining relative clause ကို သုံးထားတယ်။ အဲဒီစာပိုဒ်က travellers ဆိုတဲ့နာမ်ကို အမှန်တကယ် အထူးပြုတယ်။ အဓိပ္ပာယ် ကျယ်ပြန့်ခြင်း မရှိအောင် ချုပ်ကိုင်ထားတယ်။ ကန့်သတ်ထားတယ်။ ဒါကြောင့်မို့လို့ only the travellers who knew about the floods took another road. ရေကြီးနေတဲ့အကြောင်းသိတဲ့ ခရီးသည်များသာ တခြားလမ်းက သွားခဲ့ကြတယ်လို့ အဓိပ္ပာယ်ထွက်တယ်။ ဒီလိုဆိုလိုက်တာနဲ့ တစ်ချက်တည်း တခြားခရီးသည် အများအပြားရှိသေးကြောင်း သူတို့တွေဟာ ရေကြီးနေတဲ့အကြောင်း မသိကြကြောင်း။ ဒါကြောင့် သူတို့တွေကတော့ ရေကြီးနေတဲ့ လမ်းအတိုင်း သွားခဲ့ကြကြောင်းလို့ ဆိုလိုရာရောက်တယ်။

ဒုတိယ ဝါကျမှာတော့ **non - defining clause** ကို တွေ့နိုင်တယ်။ ဒီစာပိုဒ်ကတော့ သူ့ရှေ့မှာ ရှိတဲ့နာမ်ကို အမှန်တကယ် အထူးမပြုဘူး။ အဓိပ္ပာယ် ကန့်သတ်ခြင်း၊ ချုပ်ကိုင်ခြင်းလဲမရှိဘူး။ တင်ပြလိုတဲ့ အချက်တစ်ရပ်ကို သာမန်အားဖြင့်တင်ပြတဲ့ သဘောသာဖြစ်တယ်။ တစ်နည်းပြောရရင် ဒီစာပိုဒ်ဟာ ရှေ့မှာရှိတဲ့နာမ်ကို အမှန်တကယ် အထူးပြုတဲ့ သဘောမျိုးမဟုတ်ဘဲ (ပြောပြစရာ အချက်တစ်ချက်ကို ဝါကျတစ်ခု သီးသန့်မရေးလိုတဲ့အတွက်) အပိုထည့်တဲ့ စာပိုဒ်မျှသာဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒီစာပိုဒ်ကတော့ အဲဒီကိုလာသမျှ ခရီးသည်တွေအားလုံး ရေကြီးနေကြောင်း သိကြတယ်။ တခြားလမ်းက သူတို့အားလုံး သွားခဲ့ကြတယ်လို့ ဆိုလိုရာရောက်တယ်။

□ □ □ □ □

# Chapter 8

## ADVERBS

## ကြိယာဝိသေသနများ

63. **Kinds – အမျိုးအစားများ**

ကြိယာဝိသေသန (၇) မျိုးရှိတယ်။

1. adverbs of manner (လုပ်နည်းလုပ်ဟန်ပြ ကြိယာဝိသေသနများ)
   e.g. quickly, bravely, happily, hard, fast, well
2. adverbs of place (နေရာပြ ကြိယာဝိသေသနများ)
   e.g. here, there, everywhere, up, down, near, by (section 90 ရှု။)
3. adverbs of time (အချိန်ပြ ကြိယာဝိသေသနများ)
   e.g. now, soon, yet, still, then, today
4. adverbs of frequency
   (အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနများ)
   e.g. twice, often, never, always, occasionally

mgyoe.com

mgyoe.com

5. adverbs of degree
(အဆင့်အတန်းပြ ကြိယာဝိသေသနများ)
e.g. very, fairly, rather, quite, too, hardly

6. interrogative adverbs (မေးခွန်းကြိယာဝိသေသနများ)
e.g. when? where? why? (section 36 ရှု။)

7. relative adverbs (သွယ်ဆက်ကြိယာဝိသေသနများ)
e.g. when, where, why (section 61 ရှု။)

64. နာမဝိသေသနများကို ကြိယာဝိသေသနများ ဖြစ်လာအောင် ပြုလုပ်ပုံ

a. နာမဝိသေသနများမှာ ly ထည့်ခြင်းအားဖြင့် လုပ်နည်းလုပ်ဟန်ပြ ကြိယာဝိသေသနအများစုနဲ့ အဆင့်အတန်းပြ ကြိယာဝိသေသနအချို့တို့ကို ရရှိနိုင်တယ်။

| | |
|---|---|
| slow, slowly | grave, gravely |
| နှေးသော၊ နှေးစွာ | လေးနက်သော၊ လေးနက်စွာ |
| immediate, | immediately |
| အဆောတလျင် | ဆောလျင်စွာ |

စာလုံးပေါင်းပုံပေါင်းနည်း

I. နောက်ဆုံး y က i အဖြစ်သို့ ပြောင်းလဲတယ်။

| | |
|---|---|
| gay | gaily |
| ပျော်ရွှင်သော | ပျော်ရွှင်စွာ |

II. နောက်ဆုံးမှာရှိတဲ့ e ကို ဒီအတိုင်းပဲထားတယ်။

| | | | |
|---|---|---|---|
| extreme, | extremely | sincere, | sincerely |
| ထူးခြားသော | ထူးခြားစွာ | ရိုးသား | ရိုးသား |
| | | မှန်ကန်သော | မှန်ကန်စွာ |

**Exception** (ခြွင်းချက်)

true, due, whole တို့ကတော့ truly, duly, wholly လို့ ဖြစ်လာကြတယ်။

able/ible နဲ့ ဆုံးတဲ့ နာမဝိသေသနများကတော့ အဆုံးစာလုံးဖြစ်တဲ့ e ကိုဖြုတ်ပြီး y ထည့်တယ်။

| | | | |
|---|---|---|---|
| sensible, | sensibly | capable, | capably |
| အသိဉာဏ်ရှိသော | အသိဉာဏ်ရှိစွာ | စွမ်းဆောင်နိုင်သော | စွမ်းဆောင်နိုင်စွာ |

III. နောက်ဆုံးနှစ်လုံးမှာ vowel + l နဲ့ ဆုံးတဲ့ နာဝိသေသနများကိုတော့ ထုံးစံအတိုင်း -ly ထည့်ရတယ်။

| | | | |
|---|---|---|---|
| final, | finally | beautiful, | beautifully |
| နောက်ဆုံးသော | နောက်ဆုံးပိတ် | လှပသော | လှပစွာ |

b. **Exception** (ခြွင်းချက်)

I. **good** ကောင်းသောရဲ့ ကြိယာဝိသေသနက **well** ကောင်းစွာဖြစ်တယ်။

II. **leisurely** အေးအေးဆေးဆေး နားနားနေနေရှိသော၊ **kindly** ကြင်နာစွာသော တို့မှတစ်ပါး **friendly** မိတ်ဆွေဖြစ်သော၊ ခင်မင်သော၊ **lovely** ချစ်စရာကောင်းသော၊ **lonely** အပေါင်းအဖော်ကင်းမဲ့သော၊ **likely** ဖြစ်ကောင်းဖြစ်နိုင်သော၊ **lowly** နိမ့်ကျသော အစရှိတဲ့ **ly** နဲ့ဆုံးတဲ့ နာမဝိသေသနများမှာ ကြိယာဝိသေသန သဏ္ဌာန်မရှိဘူး။ ဒီဟာကွက်ကို ဖြည့်ရန်အတွက် အဓိပ္ပာယ်ဆင်တူတဲ့ ကြိယာဝိသေသနတစ်ခုကိုဖြစ်စေ **adverb phrase** (ကြိယာဝိသေသနစကားစု) ကိုဖြစ်စေ အစားထိုး အသုံးပြုနိုင်တယ်။

| | |
|---|---|
| likely (adj) | probably (adv) |
| ဖြစ်ကောင်းဖြစ်နိုင်သော | ဖြစ်ကောင်းဖြစ်နိုင်စွာ |
| friendly (adj) | in a friendly way |
| မိတ်ဆွေဖြစ်သော၊ | (adverb phrase) |
| ခင်မင်သော | ခင်မင်သော နည်းလမ်းနှင့် (ဝါ) ခင်မင်စွာ |

III. high, low, deep, near, far, fast, hard, early, late, much, little, leisurely, kindly တို့ကိုတော့ နာမဝိသေသနအဖြစ်တစ်နည်း၊ ကြိယာဝိသေသနအဖြစ်တစ်ဖုံ အသုံးပြုနိုင်တယ်။

a high mountain (adj)
မြင့်သော တောင်တစ်တောင်
The bird flew high. (adv)
ငှက်သည် မြင့်စွာ ပျံခဲ့သည်။
a fast train. (adj)
အမြန်ရထား တစ်စင်း
The train went fast. (adv)
မီးရထားသည် မြန်စွာသွားခဲ့သည်။
the near bank (adj)
(ပြောသူနဲ့ ပို) နီးတဲ့ကမ်းပါး (ဝါ) ဒီဘက်ကမ်းပါး
Don't come near, this may explode. (adv)
အနားမလာနဲ့၊ ဒါ ပေါက်ကွဲနိုင်တယ်။
The work is hard. (adj)
အလုပ်သည် ခက်သည်။
They worked hard. (adv)
သူတို့သည် ပြင်းထန်စွာ အလုပ်လုပ်ခဲ့ကြသည်။

IV. **highly, lowly, deeply, nearly, hardly, lately** ဆိုတဲ့ ကြိယာဝိသေသန သဏ္ဌာန်တွေလဲ ရှိတော့ရှိပါတယ်။ ဒါပေမယ့် သူတို့ရဲ့ သက်ဆိုင်ရာ နာမဝိသေသနတွေထက် အဓိပ္ပာယ် ပိုမို ကျဉ်းမြောင်းတယ်။

mgyoe.com

mgyoe.com

**highly** ကို အောက်ပါအတိုင်း မြင့်မှုရဲ့ သင်္ကေတနိမိတ် ကင်းဆိတ်တဲ့ အဓိပ္ပာယ်နဲ့သာ သုံးလေ့ရှိတယ်။ (ဒီနေရာမှ **highly** မြင့်မားစွာဆိုပေမယ့် တကယ် "အရပ်" မြင့်မားမှု ကို ဆိုလိုခြင်းမဟုတ်။)

He was highly placed = he had an important office.

သူဟာ ရာထူးဌာနန္တရ ကြီးမြင့်သူဖြစ်တယ်။

They spoke very highly of him = they praised him, recommended him.

သူတို့ဟာ သူ့ကို ချီးမွမ်းခဲ့ကြတယ်။ ထောက်ခံပြောဆို ခဲ့ကြတယ်။

**lowly** ကတော့ နာမဝိသေသန တစ်ခုဖြစ်ပြီး နိမ့်ကျ သောလို့ အဓိပ္ပာယ်ရတယ်။

nearly = လုနီးပါး

lately = မကြာမီက (hardly အတွက် section 76 ရှု။)

**deeply** ကိုတော့ စိတ်လှုပ်ရှားမှုနဲ့ ပတ်သက်ပြီးတော့ သာ အဓိကအားဖြင့်သုံးတယ်။

He was deeply hurt = his feelings were very much hurt.

သူဟာ အကြီးအကျယ် စိတ်ထိခိုက်ခြင်း ဖြစ်ခဲ့တယ်။

V. **warmly, hotly, coolly, coldly, presently, shortly, scarcely** နဲ့ **barely** တို့ဟာလဲ သူတို့ရဲ့ သက်ဆိုင်ရာ နာမဝိသေသန သင်္ကေတန်များနဲ့ အဓိပ္ပာယ် ခြားနားကြတယ်။

**warmly, hotly, coolly** နဲ့ **coldly** တို့ကို စိတ်ခံစား လှုပ်ရှားမှုများနဲ့ ပတ်သက်ပြီးတော့သာ အဓိကအားဖြင့် သုံး တယ်။

He denied the accusation hotly (indignantly).

သူဟာ စွပ်စွဲချက်ကို မကျေနပ်ခြင်းကြီးစွာ ငြင်းဆိုခဲ့တယ်။

They behaved very coolly in a dangerous situation (calmly, courageously).

သူတို့ဟာ ဘေးအန္တရာယ် များပြားတဲ့ အခြေအနေမှာ ကျ ရောက်နေကြပေမယ့် အေးဆေးတည်ငြိမ်စွာ / သတ္တိရှိစွာ ပြုမူ ခဲ့ကြတယ်။

She welcomed me warmly (in a friendly way).

သူမက ငါ့ကို နွေးထွေးစွာ / ခင်မင်ရင်းနှီးစွာ / လှိုက်လှဲစွာ ကြိုဆိုခဲ့တယ်။

We received them coldly (in an unfriendly way).

ငါတို့က သူတို့ကို မရင်းနှီး၊ မခင်မင်စွာ / အေးတိအေးစက် လက်ခံခဲ့တယ်။

| presently | shortly |
|---|---|
| = soon | = briefly or soon |
| မကြာမီ | အကျဉ်းချုပ်၍၊ မကြာမီ |

(scarcely နဲ့ barely တို့အတွက် section 76 ရှု။)

## The Comparison of Adverbs
## ကြိယာဝိသေသနများကို နှိုင်းယှဉ်ပုံ

65. **Comparative** နဲ့ **Superlative** သင်္ကေတန်များ

a. အသံနစ်သံနဲ့ အထက်ကြိယာဝိသေသနများကို **comparative** နှိုင်းယှဉ်ချက် လုပ်ချင်ရင် **more** ကိုလည်းကောင်း၊ **superlative** လုပ်ချင်ရင် **most** ကိုလည်းကောင်း ကြိယာ ဝိသေသနရဲ့ရှေ့မှာ ထည့်တယ်။

| **positive** | **comparative** | **superlative** |
|---|---|---|
| quickly | more quickly | most quickly |
| လျင်မြန်စွာ | ပိုလျင်မြန်စွာ | အလျင်မြန်ဆုံး |
| fortunately | more fortunately | most fortunately |
| ကံကောင်းစွာ | ပိုကံကောင်းစွာ | ကံအကောင်းဆုံး |

ဒါပေမယ့် အသံတစ်သံတည်းရှိတဲ့ ကြိယာဝိသေသန များနဲ့တကွ **early** ကိုတော့ **er, est** ထည့်တယ်။

| | | |
|---|---|---|
| hard | harder | hardest |
| ပြင်းထန်စွာ | ပိုပြင်းထန်စွာ | အပြင်းထန်ဆုံး |
| high | higher | highest |
| မြင့်စွာ | ပိုမြင့်စွာ | အမြင့်ဆုံး |

b. ပုံစံမဲ့ သို့မဟုတ် ပုံစံအတိုင်း မဟုတ်သော နှိုင်းယှဉ်ချက်များ **(irregular comparisons)**

| | | | |
|---|---|---|---|
| well | better | best | |
| ကောင်းစွာ | ပိုကောင်းစွာ | အကောင်းဆုံး | |
| badly | worse | worst | |
| ဆိုးစွာ | ပိုဆိုးစွာ | အဆိုးဆုံး | |
| late | later | last | |
| နောက်ကျစွာ | ပိုနောက်ကျစွာ | နောက်အကျဆုံး | |
| much | more | most | |
| များစွာ | ပိုများစွာ | အများဆုံး | |
| far | farther | farthest | (ခရီးအကွာအဝေး |
| ဝေးစွာ | ပိုဝေးစွာ | အဝေးဆုံး | ကိုသာ) |
| | further | furthest | (ခရီးကွာဝေးမှု၊ |
| | ပိုဝေးစွာ | အဝေးဆုံး | အချိန်ကွာဝေးမှု) |

66. နှိုင်းယှဉ်ချက်များနဲ့ ဝါကျတည်ဆောက်ပုံ

a. **positive form** ကြိယာဝိသေသန ပထမသင်္ကေတန်ကို ဟုတ် ဝါကျမှာဆိုရင် **as ... as** ကို သုံးတယ်။

အောက်ပါ ဝါကျနှစ်ကြောင်းကို လေ့လာပါ။ မဟုတ်ဝါကျ သင်္ကေတန်နဲ့ဆိုရင် **as / so ... as** ကို သုံးတယ်။

He worked as slowly as he dared.

သူဟာ နေးရဲသလောက် နေးနေးလေး အလုပ်လုပ်ခဲ့တယ်။

mgyoe.com

He doesn't snore as / so loudly as you do.
သူဟာ မင်း ဟောက်သလောက် ကျယ်လောင်စွာ မဟောက်ဘူး။

**slowly, loudly** တို့က **adverb positive form** ဖြစ်တယ်။ ပထမဝါကျက ဟုတ်ဝါကျဖြစ်တာမို့ **as ... as** ကိုသာ သုံးရတယ်။ ဒုတိယဝါကျက မဟုတ်ဝါကျဖြစ်လို့ **as ... as** ကိုဖြစ်စေ၊ **so ... as** ကိုဖြစ်စေ သုံးနိုင်တယ်။

**b.** နှိုင်းယှဉ်ချက်သဏ္ဌာန်ကို **than** နဲ့ တွဲသုံးတယ်။

**I.** They arrived earlier than she did / than her. (section 17 ရှု။)
သူတို့ဟာ သူမထက် ပိုစောစွာ ဆိုက်ရောက်ခဲ့ကြတယ်။

**II.** He eats more than I do / than me.
သူဟာ ငါ့ထက် ပိုစားတယ်။

**III.** She danced more gracefully than the other girls.
သူမဟာ တခြား မိန်းကလေးတွေထက် ကျက်သရေရှိစွာ ကခဲ့တယ်။

**IV.** He went further than the other explorers.
သူဟာ တခြားနယ်မြေသစ် ရှာဖွေသူတွေထက် ပိုဝေးစွာ သွားခဲ့တယ်။

**c.** **superlative** နဲ့တွဲပြီး **of + noun** အသုံးအနှုန်း
He went the furthest of the explorers.
သူဟာ နယ်မြေသစ် ရှာဖွေသူတွေထဲမှာ အဝေးဆုံး သွားခဲ့တယ်။

ဒါပေမယ့် ဒီအသုံးအနှုန်းမျိုးကို သိပ်မသုံးကြပါဘူး။ ဒီလို ပြောလိုတဲ့အခါတိုင်း အထက် **(b IV)** မှာ ပြထားသလို **comparative** နဲ့သာ ဖော်ပြလေ့ရှိတယ်။

**a superlative adverb + of all** ပုံသေရေးနည်းကိုတော့ အင်မတန် အသုံးများတယ်။
He ran fastest of all.
သူသည် အားလုံးထဲမှာ အလျင်မြန်ဆုံး ပြေးခဲ့သည်။

ဒါပေမယ့် ဒီနေရာမှာ **of all** အသုံးအနှုန်းဟာ **subject** ရဲ့ အခြားလုပ်ရပ်တွေကိုလဲ အောက်ပါအတိုင်း ရည်ညွှန်းလေ့ရှိပြန်တယ်။
He likes swimming best of all.
= He likes swimming better than he likes anything else.
သူဟာ အားလုံးထဲမှာ ရေကူးရတာကို အကြိုက်ဆုံးပဲ။
(ရေကူးခြင်းသာမက မြင်းစီးခြင်း၊ တင်းနစ်ကစားခြင်း စတဲ့ အခြားလုပ်ရပ်တွေလဲ ရှိသေးတဲ့သဘော)
She works best of all when she is alone.
= She works better than at other times.
သူမဟာ တစ်ယောက်တည်း ရှိနေတဲ့အခါမှာ အကောင်းဆုံး လုပ်တယ်။

**of all** ကို ဖြုတ်ပယ်၍ရေးပုံ
He likes swimming best.
သူ ရေကူးခြင်းကို အကြိုက်ဆုံး။

**d.** most + adverb / adjective ပုံစံသုံးတဲ့အခါမှာ most = very အဓိပ္ပာယ်ရတယ်။
She behaved **most** generously.
သူမသည် အလွန်ရက်ရောစွာ ပြုမူခဲ့သည်။
They were **most** apologetic.
သူတို့သည် အလွန် ဝန်ချတောင်းပန်ခဲ့ကြသည်။

## The Position of Adverbs
## ကြိယာဝိသေသနများကို နေရာထားပုံ

**67. Adverbs of manner (kindly, badly, well, etc.)**
**လုပ်နည်းလုပ်ဟန်ပြ ကြိယာဝိသေသနများ**

သူတို့က **'How?'** ဘယ်လိုဆိုတဲ့ မေးခွန်းကိုဖြေတယ်။ တကယ်လို့ **object** ရှိတဲ့ဝါကျဆိုရင် ထုံးတမ်းစဉ်လာအားဖြင့် သူတို့ကို **direct object** ရဲ့ နောက်မှာထားတယ်။ **direct object** မပါရင်တော့ ကြိယာရဲ့နောက်မှာထားတယ်။

He spoke English **well**.
သူသည် အင်္ဂလိပ်စကားကို ကောင်းစွာ ပြောခဲ့သည်။
They walk **quickly**.
သူတို့သည် လျင်မြန်စွာ လမ်းလျှောက်ကြသည်။

လုပ်နည်းလုပ်ဟန်ပြ ကြိယာဝိသေသနတွေကို ကြိယာနဲ့ ယင်းရဲ့ **direct object** အကြားမှာ ဘယ်တော့မှမထားရဘူး။

**68. Adverbs of place (here, there, etc.)**
**နေရာပြ ကြိယာဝိသေသနများ**

သူတို့လဲ လုပ်နည်းလုပ်ဟန်ပြ ကြိယာဝိသေသနတွေလိုပါပဲ။ **direct object** ပါရှိတဲ့ ဝါကျဆိုရင် **direct object** ရဲ့နောက်မှာ ထားရတယ်။ **direct object** မပါတဲ့ ဝါကျဆိုရင်တော့ ကြိယာရဲ့ နောက်မှာထားတယ်။

She painted that picture **here**.
သူမသည် ထိုအရုပ်ကားကို ဒီမှာ ဆေးခြယ်ခဲ့သည်။
I looked **everywhere**.
ကျွန်ုပ်သည် နေရာတိုင်း၌ ကြည့်ခဲ့သည်။

ဝါကျမှာ လုပ်နည်းလုပ်ဟန်ပြ ကြိယာဝိသေသနတစ်ခု လဲပါရှိနေရင် နေရာပြ ကြိယာဝိသေသနကို လုပ်နည်းလုပ်ဟန်ပြရဲ့ နောက်မှာ ထားရတယ်။
He played well **there**.
သူသည် ဟိုမှာ ကောင်းစွာ ကစားခဲ့သည်။

mayoe.com

mgyoe.com

**somewhere, anywhere** တို့ကို **some** နဲ့ **any** ကို သုံးတဲ့နည်းအတိုင်း သုံးတယ်။ (section 26 ရှု။)

I saw your hat **somewhere.**

ငါ မင်းရဲ့ဦးထုပ်ကို တစ်နေရာရာမှာ တွေ့ခဲ့တယ်။

Did you see my hat **anywhere?**

မင်း ငါရဲ့ဦးထုပ်ကို တစ်နေရာရာမှာ တွေ့ခဲ့သလား။

**nowhere** ကို အဓိကအားဖြင့် အဖြေတိုများမှာသုံးတယ်။

Where are you going?

မင်း ဘယ်သွားမလို့လဲ။

Nowhere (i.e. I'm not going anywhere).

ဘယ်မှ မသွားပါဘူး။

**69. Adverbs of time (then, yet, still, now, soon, etc.)**
**အချိန်ပြ ကြိယာဝိသေသနများ**

**a.** အချိန်ပြ ကြိယာဝိသေသနတွေနဲ့ **once, twice** စတဲ့ အကြိမ်အရေတွက်ပြ ကြိယာဝိသေသနများကို အစဉ်အလာအားဖြင့်တော့ ဝါကျတစ်ခုရဲ့ အစမှာဖြစ်စေ၊ အဆုံးမှာဖြစ်စေထားတယ်။ ဒီနှစ်နေရာအနက်မှာမှ အဆုံးမှာထားတဲ့နည်းကို ပိုမို အသုံးများတယ်။

He is coming **tomorrow.**

သူ နက်ဖြန် လာလိမ့်မယ်။

I have been there **three times.**

ငါ အဲဒီကို သုံးကြိမ် ရောက်ဖူးတယ်။

He is working **now.**

အခု သူ အလုပ်လုပ်နေတယ်။

**Then** we went home.

ထို့နောက် ငါတို့ အိမ်ပြန်ခဲ့ကြတယ်။

**b.** အချိန်ပြ ကြိယာဝိသေသနအဖြစ် အသုံးပြုတဲ့ **yet** နဲ့ **still** မှာ နေရာထားမှုနဲ့ ပတ်သက်ပြီး ထူးခြားချက်ကလေးတွေ အနည်းငယ်ရှိတယ်။ **yet** ကို ဝါကျရဲ့အဆုံးမှာ ထားသင့်တယ်။ **still** ကိုတော့ ကြိယာရဲ့ ရှေ့မှာထားတယ်။ **verb to be** ဆိုရင်တော့ **still** ကို နောက်မှာ ထားလေ့ရှိတယ်။

He hasn't finished **yet.**

သူအခုထက်တိုင်အောင် မပြီးသေးဘူး။

He hasn't yet finished . လို့လဲ သုံးမယ်ဆိုရင်တော့ သုံးနိုင်ပါတယ်။ ဒါပေမယ့် အသုံးနည်းတယ်။

She **still** dislikes him.

သူမက သူ့ကို အခုထက်တိုင်အောင် မုန်းတယ်။

She is **still** in her bath.

သူမ ခုထက်တိုင်အောင် ရေချိုးတုန်း။

အောက်ပါ အဓိပ္ပာယ် ခြားနားချက်ကို မှတ်သားပါ။ **yet** က ပြောကြားနေတဲ့အချိန်အထိ **(up to the time of speaking)** လို့ အဓိပ္ပာယ်ရတယ်။ **negative** သို့မဟုတ် **interrogative** များမှာ အဓိကအားဖြင့် သုံးတယ်။ မူလသဘောအရ **affirmative** မှာ သုံးလေ့မရှိဘူး။

He left home at six and hasn't returned **yet.**

သူဟာ အိမ်က ခြောက်နာရီမှာ ထွက်သွားခဲ့ပြီး အခုထက်ထိ ပြန်မလာသေးဘူး။

The shop isn't open **yet.** We'll come back at nine.

ဆိုင် အခုထက်ထိ မဖွင့်သေးဘူး။ ငါတို့ ကိုးနာရီမှာ ပြန်လာကြမယ်။

Aren't you ready **yet?**

အခုထက်ထိ အသင့်မဖြစ်သေးဘူးလားဟ။

**negative interrogative** နဲ့ တွဲသုံးတဲ့အခါမှာ **yet** က အံ့ဩမှု သို့မဟုတ် သည်းမခံနိုင်ဖြစ်မှုကို ဖော်ပြတယ်။

**still** ကတော့ လုပ်ရပ်တစ်ခုဟာ ပြောနေတဲ့အချိန်အထိ ဆက်လက်နေကြောင်းကို အလေးအနက် ဖော်ပြတယ်။

He is **still** in bed.

သူဟာ အခုထက်ထိ အိပ်ရာထဲမှာပဲ ရှိသေးတယ်။ (နေမကောင်းလို့)

**still** ပေါ်မှာ အသံကို အလေးအနက်ထားပြီး ပြောရင် အံ့ဩမှု သို့မဟုတ် စိတ်အလိုမကျဖြစ်မှုကို ဖော်ပြတယ်။ **still** ကို အဓိကအားဖြင့်တော့ **affirmative** မှာသုံးတယ်။ ဒါပေမယ့်လဲ မ–မဟုတ် လုပ်ရပ်တစ်ခု **(a negative action)** ဟာ ဆုံးခန်းမတိုင်သေးဘဲ ဆက်လက်လျက်ပင်ရှိသေးကြောင်း အလေးအနက် ပြုလိုတဲ့အခါမှာ **still** ကို **negative** မှာလဲ သုံးတယ်။ ဒီလို အသုံးအနှုန်းမျိုးမှာ တစ်ခါတစ်ရံတော့ **yet** ကို အစားထိုးနိုင်တဲ့ သဘောမျိုးလဲရှိတယ်။

He still doesn't understand.

သူ အခုထက်ထိ နားမလည်သေးဘူး။

"နားမလည်မှု" ဟာ အခုထက်ထိ ဆုံးခန်းမတိုင်သေးကြောင်း၊ တစ်နည်းပြောရရင် ဆက်လက်လျက်ပင် ရှိသေးကြောင်း ဖော်ပြတယ်။

He doesn't understand yet.

သူ အခုထက်ထိ နားလည်ခြင်း မရှိသေးဘူး။

"သဘောပေါက် နားလည်မှု" ဟာ အခုထက်ထိ အစမပြုသေးကြောင်း ဖော်ပြတယ်။

ဒါပေမယ့် ခြုံပြီးပြောရရင်တော့ still ကို affirmative အဖြစ်သုံးတာပဲ ပိုမို အန္တရာယ်ကင်းပါတယ်။

**yet** နဲ့ **still** နှစ်ခုလုံးကို စကားဆက်များ အဖြစ်နဲ့လဲပဲ သုံးနိုင်တယ်။

You knew that the bridge was dangerous. **Yet** you didn't repair it.

တံတား အန္တရာယ်ရှိနေခဲ့တာ မင်း သိခဲ့တယ်။ ဒါပေမယ့် တံတားကို မင်း မပြင်ခဲ့ဘူး။

mgyoe.com

mgyoe.com

I know that you aren't a doctor. Still (i.e. nevertheless) you could have bandaged his cuts.
မင်း ဆရာဝန်တစ်ယောက် မဟုတ်တာကိုတော့ ငါသိပါတယ်။ ဒါပေမယ့် သူ့ရဲ့ ထိရှမှုတွေကိုလောက်တော့ မင်း ပတ်တီးစီး ပေးနိုင်ကောင်းပါရဲ့။

70. **Adverbs of frequency (sometimes, seldom, rarely, always, ever, etc.)**
**အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနများ**

နေရာထားမှုနဲ့ ပတ်သက်လာရင် ဒီကြိယာဝိသေသနတွေဟာ တခြားကြိယာဝိသေသနတွေထက် ပိုပြီးတော့ ခက်ခဲရှုပ်ထွေးတယ်။

a. verb to be simple tenses တွေရဲ့ နောက်မှာ ထားတယ်။
He is **always** in time for meals.
သူဟာ အစားအစာ စားရာမှာ အမြဲတမ်း အချိန်မှန်တယ်။
(မှတ်ချက်။ ။ simple tenses ဆိုတာ ရိုးရိုးကာလများပါပဲ။ continuous tenses နဲ့ perfect tenses တွေ မဟုတ်တာကို ခေါ်တာ။)

b. ဒါပေမယ့် အခြားကြိယာ simple tenses တွေမှာတော့ ရှေ့မှာ နေရာယူတယ်။
They **sometimes** stay up all night.
သူတို့ဟာ တစ်ခါတစ်ရံမှာ တစ်ညလုံး မအိပ်ကြဘူး။

c. တစ်လုံးထက် ကျော်လွန်တဲ့ ကြိယာ စကားစုတွေမှာတော့ အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနများဟာ ပထမဆုံး အကူကြိယာ (auxiliary) ရဲ့နောက်မှာ နေရာယူတယ်။
I have **hardly** begun.
ငါ မစရသေးဘူး။
He can **never** understand.
သူ ဘယ်တော့မှ နားမလည်နိုင်ဘူး။
You have **often** been told not to do that.
အဲဒါကို မလုပ်ဖို့ မင်းကို မကြာခဏ ပြောထားတယ်။

**Exceptions** ခြွင်းချက်

I. used to, have to တို့နဲ့ တွေ့တဲ့အခါမှာတော့ အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနက ရှေ့မှာ နေရာယူတယ်။
You **hardly ever** have to remind him, he always remembers.
သူ့ကို သတိပေးနေဖို့ မလိုပါဘူး။ သူ အမြဲတမ်း အမှတ်ရတယ်။

II. မှတ်ချက် စကားအဖြစ်ဖြစ်စေ၊ မေးခွန်းတစ်ခုရဲ့ အဖြေအဖြစ်နဲ့ဖြစ်စေ၊ အကူကြိယာတွေကို အဓိက ကြိယာပမာ တစ်လုံးချင်းသုံးတဲ့ အခါမှာတော့ အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနက ရှေ့က နေရာယူလေ့ရှိတယ်။
Can you park your car near the shops? Yes, I **usually** can.
မင်းရဲ့ကားကို ဆိုင်တွေနားမှ ရပ်ထားနိုင်သလား။ ဟုတ်ကဲ့ ရပ်ထားနိုင်လေ့ရှိပါတယ်။
He expects me to be ready when he comes, but I very **rarely** am.
သူ ရောက်လာတဲ့အချိန်မှာ သူက ငါ့ကို အဆင်သင့် ဖြစ်နေဖို့ မျှော်လင့်တယ်။ ဒါပေမယ့် ငါကလဲ အလွန့်ကို အဆင်သင့် ဖြစ်ခဲ့တယ်။
I know I should take exercise but I never do.
လေ့ကျင့်ခန်း လုပ်သင့်တယ်ဆိုတာတော့ သိပါရဲ့ ဒါပေမယ့် ငါ ဘယ်တော့မှ မလုပ်ဘူး။

III. လုံးတွဲကြိယာ (compound verb) တစ်ခုကို အလေးအနက်ပြုရန်အတွက် တစ်ခါတစ်ရံတော့ အကူကြိယာရဲ့ အပေါ်မှာ အသံကို အလေးအနက်ထားပြီး ပြောဆိုလေ့ရှိတယ်။ ဒီလိုအခါမျိုးမှာကျရင် အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနကို အကူကြိယာရဲ့ရှေ့မှာ ထားလေ့ရှိတယ်။
I never **can** remember.
ငါ ဘယ်တော့မှ သတိမရနိုင်ဘူး။
She hardly ever **has** met him.
သူမက သူ့ကို မတွေ့ဖူးနိုင်ပါဘူး။

ဒီဝါကျတွေမှာ အကူကြိယာများဖြစ်ကြတဲ့ **can** နဲ့ **has** တို့ရဲ့အပေါ်မှာ စကားပြောသူရဲ့ အသံဟာ အလေးအနက်ပြုပြီး ရွတ်ဆိုတယ်။ ဒါကြောင့် အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနတွေက ယင်းတို့ရဲ့ ရှေ့ကို ရောက်သွားခြင်းပဲဖြစ်တယ်။

.လေးနက်စေလိုတဲ့အတွက် **do** ကို ဖြည့်စွက်ထည့်သွင်းထားတဲ့အခါမှာလဲ ဒီနည်းအတိုင်းပဲဖြစ်တယ်။
.But I always **do** arrive in time.
ဒါပေမယ့် ငါအမြဲတမ်း အချိန်မီရောက်တာ။

(ဒီဝါကျမှာ **arrive** ဆိုရုံမျှနဲ့ ပြီးပါတယ်။ **do arrive** ဆိုပြီး **do** ကို အပိုဆောင်းထားတာကတော့ ဆိုက်ရောက်တဲ့အကြောင်းကို လေးနက်ချင်လို့ပါပဲ။ မြန်မာမှာ "ရောက်ကိုရောက်တယ်" ဆိုတဲ့ သဘောမျိုး)။

အကြိမ် အရေအတွက်ပြ ကြိယာဝိသေသနရဲ့ အပေါ်မှာ အသံကို အလေးအနက်ပြုပြီး ပြောဆိုတဲ့နည်းလဲ ရှိသေးကြောင်း မှတ်သားထားပါဦး။ ဒီလို ပြောဆိုတဲ့အခါမှာတော့ အကြိမ်အရေအတွက်ပြ ကြိယာဝိသေသနကို သူ့ရဲ့မူလနေရာဖြစ်တဲ့ အကူကြိယာ **(auxiliary)** နောက်မှာပဲ ထားတယ်။
You should **always** check your oil before starting.
စက်မနှိုးခင် ဆီကို အမြဲတမ်း စစ်ဆေးကြည့်သင့်တယ်။

(မှတ်ချက် ။ ။ အင်္ဂလိပ်လို ပြောတဲ့အခါမှာ အသံဟာ always ရဲ့အပေါ်မှာ အလေးအနက်ပြုပြီး ဖိဖိစီးစီး၊ မိမိရရ

mgyoe.com

mgyee.com

ကလေး ပြောခြင်းဖြစ်တယ်။ မြန်မာလိုပြောတဲ့အခါမှာ အခြား စကားလုံးတွေကို သံမှန်နဲ့ပြောပြီး "အမြဲတမ်း" ကိုကျတော့ သံမှန်ထက် ဖိဖိစီးစီး၊ မိမိရရ ပြောဆိုတဲ့ သဘောမျိုးတွေ ရှိတယ်မဟုတ်လား။ အင်္ဂလိပ်မှာလဲ ဒီအတိုင်းပါပဲ။)

**71. Adverbs of degree (almost, nearly, quite, just, too, etc.)** အဆင့်အတန်းပြ ကြိယာဝိသေသနများ

**a.** အဆင့်အတန်းပြ ကြိယာဝိသေသနတစ်ခုဟာ နာမဝိသေသန တစ်ခုကိုဖြစ်စေ၊ အခြား ကြိယာဝိသေသနတစ်ခုကို ဖြစ်စေ အထူးပြုတယ်။ ယင်းကို အထူးပြုခံရတဲ့ နာမဝိသေသန သို့မဟုတ် ကြိယာဝိသေသနရဲ့ ရှေ့မှာထားတယ်။

It was **too** hot to work.
အလုပ် မလုပ်နိုင်လောက်အောင် ပူခဲ့သည်။
The film was **fairly** good.
ရုပ်ရှင်သည် အတန်အသင့် ကောင်းခဲ့သည်။
I know him **quite** well.
ကျွန်ုပ် သူ့ကို ကောင်းကောင်းသိသည်။
He played **extremely** badly.
သူသည် အထူးတလည် ညံ့ဖျင်းစွာ ကစားခဲ့သည်။

**b.** အောက်ပါအဆင့်အတန်းပြ ကြိယာဝိသေသနများဟာ ကြိယာများကိုလည်း အထူးပြုတယ်။

**almost, nearly, quite, hardly, scarcely, barely, just**

ယင်းတို့ကို အဓိကကြိယာ (**main verb**) ရဲ့ရှေ့မှာထားတယ်။ ဒီစကားလုံးတွေကို **section 70 b** နဲ့ **c** တို့မှာ ဖော်ပြထားတဲ့ စည်းကမ်းဥပဒေအတိုင်းသုံးတယ်။

**I quite** understand.
ငါ ကောင်းကောင်းနားလည်တယ်။
He can **nearly** swim.
သူ ရေကူးနိုင်တော့မယ်။
I am **just** going.
ငါ အခုပဲ သွားတော့မယ်။

**c. enough** ကတော့ ယင်းအထူးပြုတဲ့နာမဝိသေသန သို့မဟုတ် ကြိယာဝိသေသနရဲ့ နောက်က လိုက်တယ်။

He didn't work quickly **enough.**
သူဟာ လိုအပ်သလောက် လျင်မြန်စွာ အလုပ်မလုပ်ခဲ့ဘူး။
The box isn't big **enough.**
သေတ္တာဟာ လုံလောက်အောင် မကြီးဘူး။

(too / enough + infinitive အသုံးအနှုန်းကို section 248 မှာရှု။)

**d. only** ကိုတော့ ယင်းအထူးပြုရာ စကားလုံးနားမှာ ကပ်ထား ရကြောင်း မှတ်ယူထားအပ်တယ်။ အထူးပြုခံ စကားလုံးဟာ ကြိယာ၊ နာမဝိသေသန သို့မဟုတ် ကြိယာဝိသေနဖြစ်ရင် **only** က ရှေ့ကနေတယ်။ အထူးပြုခံစကားလုံးဟာ နာမ် သို့မဟုတ် နာမ်စားဖြစ်ရင် **only** က ရှေ့ကဖြစ်စေ၊ နောက်ကဖြစ်စေ နေရာယူတယ်။

**I.** He had **only** six apples (i.e. not more than six).
သူ့မှာ ပန်းသီးခြောက်လုံးတည်းသာ ရှိခဲ့တယ်။
(ခြောက်လုံးထက် မပိုကြောင်း ဖော်ပြတယ်။)

**II.** He **only** lent the car (i.e. he didn't give it).
သူက ကားကို ခဏငှားရုံသာ ငှားခဲ့တာ။
(အပိုင်ပေးခဲ့တာ မဟုတ်ဘူး။)

**III.** He lent the car to me **only** (i.e. not to anyone else).
သူက ငါ့ကိုသာ ကားငှားခဲ့တာ။
(တခြား တစ်ယောက်ယောက်ကို မငှားဘူး။)

**IV.** I believed **only** half of what he said.
သူပြောသမျှရဲ့ ထက်ဝက်တည်းကိုသာ ငါယုံကြည်ခဲ့တာ။

ဒါပေမယ့် အင်္ဂလိပ်စကား ပြောရာမှာတော့ **only** ကို ကြိယာရဲ့ ရှေ့မှာသာထားပြီး ပြောလေ့ရှိကြတယ်။ လိုအပ်တဲ့ အဓိပ္ပာယ် ပေါ်လွင်စေဖို့အတွက် **only** ရဲ့ အထူးပြုခြင်းခံရ တဲ့ စကားလုံးပေါ်မှာ အသံကို အလေးအနက်ပြုပြီး ပြော ကြားလေ့ရှိတယ်။

He only had **six** apples.

ဒီဝါကျရဲ့အဓိပ္ပာယ်ဟာ အထက်က အမှတ် (၁) ဝါကျနဲ့ အတူတူပါပဲ။ ပြောကြားတဲ့အခါမှာ အခြားစကားလုံးတွေကို သံမှန်နဲ့ပြောပြီး '**six**' ကျတော့ အလေးအနက်ပြု ရွတ်ဆို ရတယ်။ သူ့မှာ ပန်းသီး "ခြောက်လုံး" တည်းသာရှိတယ်လို့ ခြောက်လုံးပေါ်မှာ အသံဖိပြောတဲ့ သဘောပါပဲ။

He only lent the car to **me.**

ဒီဝါကျက အထက်က အမှတ် (၃) ဝါကျနဲ့ အဓိပ္ပာယ်တူဖြစ်တယ်။ me ကို အလေးအနက်ပြုပြီး အသံထွက်တယ်။

I only believed **half** of what he said.

အထက်ပါ အမှတ် (၄) ဝါကျနဲ့ ဆိုလိုချက်ချင်း အတူတူပါပဲ။ half ကို အလေးအနက်ပြုပြီး ပြောရတယ်။

**72.** အချို့သော ကြိယာဝိသေသနများရဲ့ နောက်မှာ ကြိယာစုရဲ့ အစီအစဉ်ကို ရှေ့နောက် ပြောင်းထားပုံ

**a.** များသောအားဖြင့် ကန့်သတ်ထားရတဲ့ အဓိပ္ပာယ် သို့မဟုတ် "မ–မဟုတ်" အဓိပ္ပာယ်ရှိတဲ့ ကြိယာဝိသေသနနဲ့ ကြိယာ ဝိသေသန စကားစုအချို့ကို ဝါကျရဲ့ ထိပ်ပိုင်းမှာ (ဝါ) အစ မှာ အဆန်းတကြယ် ထားလေ့ရှိတယ်။ ပြီးတော့မှ ကြိယာ စကားစုကို ရှေ့နောက်ပြောင်းပြီး တစ်နည်းအားဖြင့် ပြောရရင် မေးခွန်းပုံစံမျိုးဖြစ်အောင် နေရာထားပြီး နောက်ကလိုက်စေ တယ်။ ဒီလိုသုံးနှုန်းတာဟာ လေးနက်တဲ့အဓိပ္ပာယ် ပေါ်လွင် စေချင်လို့ပါပဲ။

mgyee.com

mgyoe.com

ဒီအမျိုးအစားတွေထဲမှာ အရေးအပါဆုံး ကြိယာဝိသေသန တွေနဲ့ ကြိယာဝိသေသနစကားစုတွေ (**adverb phrases**) ကတော့ အောက်ပါတို့ ဖြစ်ကြတယ်။

never, seldom, scarcely, ever, scarcely ... when, no sooner ... than, nowhere, in no circumstances, on no account, only by, only then, only when, only in this way, not only, so, neither, nor:

Never before had I been asked to accept a bribe.
= I had never before been asked (less emphatic form).
လာဘ်ပေးတာ လက်ခံဖို့ ငါ့ အလျင်က တစ်ခါမှ အပြောမခံရဖူးဘူး။

ပထမဝါကျနဲ့ ဒုတိယဝါကျ အဓိပ္ပာယ်အတူတူပါပဲ။ ဒါပေမယ့် ဒုတိယဝါကျက လေးနက်မှုလျော့နည်းတယ်။ (ဟင်းချင်း အတူတူမှာ ဆားမပါတဲ့ဟင်းလို့ ဆိုပါတော့။)

On no account must this switch be touched.
= This switch must not be touched on any account.
ဘယ်အကြောင်းကြောင့်မှ ဒီခလုတ်ကို ကိုင်လို့မဖြစ်ဘူး။
၁ နဲ့ ၂ ဆိုလိုရင်း အတူတူပဲ။ အလေးနဲ့ အပေါ့မှာသာ ထူးတယ်။ အောက်ပါ ဥပမာများကို ဆက်လက်မှတ်သားပါ။

Only by shouting at the top of his voice was he able to make himself heard.
အသံကုန် ဟစ်အော်ခြင်းဖြင့်သာ သူဟာ သူများတွေ ကြားအောင် လုပ်နိုင်ခဲ့တယ်။

No sooner had he left the shelter than the storm broke.
နားခိုရာနေရာမှ သူ ထွက်ခွာလိုက်တာနဲ့ တစ်ချက်တည်း မုန်တိုင်းကျရောက်ပါလေရော။

**b.** ကြိယာဝိသေသနများ ဖြစ်ကြတဲ့ in, out, up, down, round, over, back, forward အစရှိတဲ့ စကားလုံးများကို ဝါကျရဲ့အစမှာ ထားတဲ့အခါ ယင်းတို့ရဲ့ နောက်က verb + subject ဖြင့် မေးခွန်းမှာလို ရေးသားတယ်။ ထုံးစံအတိုင်း subject + verb ပုံစံဖြင့် မရေးရ။

In came Tom.
ဒီဝါကျမှာ **Tom came** မဟုတ်ဘဲ **came Tom** ဖြစ်နေကြောင်း သတိပြုပါ။ အဓိပ္ပာယ်ကတော့ "အထဲသို့ တွမ် ဝင်ခဲ့သည်။"

လေးနက်ထိရောက်အောင် ရေးသားတဲ့နည်းဖြစ်တယ်။
အောက်ပါတို့ကိုလဲ သဘောပေါက်အောင် ဆက်လက်လေ့လာပါ။ ရေးရိုးရေးစဉ်ဆိုရင် ဘယ်လိုဖြစ်မလဲ၊ စဉ်းစားကြည့်ပါ။

Up jumped two large dogs.
ခုန်ထွက်လာခဲ့ကြတယ် ရောမ ခွေးကြီးနှစ်ကောင်။

Down fell half a dozen apples.
ကြွေကျခဲ့ကြတယ် ပန်းသီး ဒါဇင်ဝက်။

ဒါပေမယ့် **subject** ဟာ နာမ်မဟုတ်ဘဲ နာမ်စားတစ်ခု ဖြစ်နေတဲ့အခါ အစီအစဉ်ရှေ့နောက် ပြောင်းရန်မလို။

| | |
|---|---|
| In he came. | Back he went again. |
| အထဲ သူလာခဲ့တယ်။ | တစ်ခါပြန်ပြီး သူသွားခဲ့တယ်။ |

## The Meaning of Certain Adverbs of Degree

### အဆင့်အတန်းပြ ကြိယာဝိသေသနတစ်ချို့ရဲ့ အဓိပ္ပာယ်ညွှန်းဆိုချက်

**73. fairly and rather**

**a.** ဒီစကားလုံး နှစ်ခုလုံး အတန်အသင့် (**moderately**) လို့ အဓိပ္ပာယ်ရတယ်။ မယုတ်မလွန် ... သင့်ရုံမျှ ... အထိုက်အလျောက် ... စသည်ဖြင့်လည်း ပြောနိုင်တာပါပဲ။ အဲဒီ အာဘော်မျိုးဖြစ်ရင် ဆိုလိုချက်မိရင် ပြီးတယ်။ ဒီစကားလုံး နှစ်လုံးဟာ "အတန်အသင့်" ချင်း အဓိပ္ပာယ် တူပေမယ့် အသုံးအနှုန်းမှာကျတော့ မိုးနဲ့မြေလို ခြားနားသွားတယ်။ **fairly** ကို လိုလားနှစ်သက်စရာ အဓိပ္ပာယ်မျိုး (ဝါ) ကောင်းတဲ့ အဓိပ္ပာယ်မျိုးကို ဖော်ပြတဲ့ နာမဝိသေသနတွေ၊ ကြိယာဝိသေသနတွေနဲ့သာ အဓိကအားဖြင့် တွဲသုံးတယ်။

Tom is fairly clever, but Peter is rather stupid.
တွမ်သည် အတော်အတန် လိမ္မာပါးနပ်သည်။ တော်သည်။ သို့သော်လည်း ပီတာသည် အတော်မိုက်မဲသည်။

He is fairly rich, but she is rather poor.
သူသည် အထိုက်အလျောက် ချမ်းသာသည်။ သို့သော်လည်း သူမက အတော်ပင် ဆင်းရဲသည်။

You did fairly well in your exam, but Ann did rather badly.
သင်သည် စာမေးပွဲ၌ အတော်အတန် ကောင်းစွာဖြေနိုင်ခဲ့သည်။ သို့သော် အင်သည် အတော်ပင် ဆိုးရွားစွာဖြေခဲ့သည်။

This case is rather heavy, but that one is fairly light.
ဤသေတ္တာသည် အတန်ငယ် လေးလံသည်။ သို့သော် ထိုသေတ္တာသည် အတော်အသင့် ပေါ့သည်။

မသိနာမ်ညွှန်း စကားလုံး (indefinite article) ဖြစ်တဲ့ a/an ကို rather ရဲ့ ရှေ့ကဖြစ်စေ၊ နောက်ကဖြစ်စေ ထည့်နိုင်တယ်။

That is rather a silly book.
သို့မဟုတ်
That is a rather silly book.
ဟိုစာအုပ်က အတော်အသုံးမကျတဲ့ စာအုပ်ပဲ။

mgyoe.com

mgyoe.com

**fairly** နဲ့ကျတော့ နာမ်ညွှန်းစကားလုံး (**article**) ကို ရှေ့ကသာ ထားရတယ်။

a fairly interesting lecture

အထိုက်အလျောက် စိတ်ဝင်စားစရာကောင်းတဲ့ ဟောပြောပို့ချမှုတစ်ခု။

ကောင်းတဲ့အဓိပ္ပာယ်လား။ မကောင်းတဲ့ အဓိပ္ပာယ်လား ဆိုတာ အပြတ် သတ်မှတ်လို့မရတဲ့ **fast, slow, thin, thick, hot, old** အစရှိတဲ့ နာမဝိသေသနတွေ သို့မဟုတ် ကြိယာဝိသေသနတွေနဲ့ သုံးတဲ့အခါမှာကျတော့ ပြောကြားသူရဲ့ အဆုံးအဖြတ်ပေါ်မှာမူတည်ပြီး သုံးနှုန်းတယ်။ သဘောကျတာဆိုရင် **fairly** နဲ့ အထူးပြုတယ်။ သဘောမကျတာဖြစ်ရင် **rather** နဲ့ အထူးပြုတယ်။

This soup is fairly hot.

ဒီ စွပ်ပြုတ်ဟာ အတော်ကလေး ပူသားပဲ။ (ဝါ) ပူပူလေး။

အခုလို **fairly** နဲ့ သုံးနှုန်းဖော်ပြခြင်းအားဖြင့် ပြောကြားသူဟာ စွပ်ပြုတ်ပူပူကို ကြိုက်နှစ်သက်တယ်ရယ်လို့ ညွှန်းဆိုရာရောက်တယ်။

This soup is rather hot.

ဒီစွပ်ပြုတ်က ပူပူကြီး။

**rather** ကို သုံးနှုန်းလိုက်ခြင်းအားဖြင့် ပြောကြားသူရဲ့ အတွက် အဲဒီစွပ်ပြုတ်ဟာ အတန်ငယ် ပူလွန်းအားကြီးနေတဲ့ သဘော။ သူမကြိုက်တဲ့သဘောကို ညွှန်းဆိုနေတယ်။

**b.** **rather** ကို **alike, like, similar, different** စတဲ့ စကားလုံးများနဲ့ **comparatives** များရဲ့ ရှေ့မှာထားသုံးနိုင်တယ်။ ဒီအခါမှာ **rather** ဟာ အတန်ငယ်၊ အနည်းငယ်လို့ အဓိပ္ပာယ်ရတယ်။

Siamese cats are rather like dogs in some ways.

ယိုးဒယား ကြောင်တွေဟာ အချို့နေရာတွေမှာ ခွေးတွေနဲ့ အတန်ငယ်တူတယ်။

The weather was rather worse than I had expected.

ရာသီဥတုဟာ ငါ မျှော်လင့်ထားတာထက် အတန်ငယ် ပိုဆိုးတယ်။

**fairly** ကိုတော့ **comparatives** များရဲ့ရှေ့မှာ ထားသုံးလို့မရပါ။

**c.** လိုလားနှစ်သက်တဲ့ အဓိပ္ပာယ်မျိုးထွက်တဲ့ **good, well, pretty, clever, amusing** အစရှိတဲ့ အချို့သောနာမဝိသေသနတွေ၊ ကြိယာဝိသေသနတွေ ရှေ့မှာကျတော့ **rather** ကို သုံးနိုင်တယ်။ ဒါပေမယ့် **rather** ရဲ့ အဓိပ္ပာယ်က တစ်မျိုးပြောင်းသွားတယ်။ ဒီအခါမှာ ယင်းရဲ့အဓိပ္ပာယ်ဟာ **very** နဲ့ တူညီလုနီးပါး ဖြစ်လာတယ်။ မလိုလားတဲ့ သဘောမကျတဲ့ အဓိပ္ပာယ်လဲ ပျောက်သွားတယ်။

She is rather clever ဆိုတာ

She is very clever.

လို့ ပြောတာနဲ့ အဓိပ္ပာယ်ချင်း တူညီလုနီးပါးဖြစ်တယ်။

**rather** ကို ဒီနည်းမျိုးသုံးခြင်းဟာ **fairly** သုံးတာထက် အများကြီးပိုပြီး လိုလားနှစ်သက်ရာ၊ ထောက်ခံရာရောက်တယ်။

ဥပမာအားဖြင့် ပြရမယ်ဆိုရင် လူတစ်ယောက်ဟာ ပြဇာတ်တစ်ခုကိုကြည့်ပြီးတဲ့နောက် It is a fairly good play. လို့ မှတ်ချက်ချလိုက်မယ်ဆိုပါတော့။ ဒီစကားဟာ တခြားလူတွေကို ပြဇာတ်သွားမကြည့်အောင် ဟန့်လိုက်ရာ ရောက်မယ်ဆိုရင် ရောက်နိုင်စရာရှိတယ်။ အတန်အသင့်ကောင်းတဲ့ ပြဇာတ်တစ်ခုဖြစ်တယ်လို့ အဓိပ္ပာယ်က ထွက်နေတာကိုး။ မဆိုးလှကြောင်း၊ သင့်ရုံမျှရှိကြောင်း ဖော်ပြတဲ့ အနေမှာပဲရှိတယ်။ ဒါပေမယ့် It is rather a good play. လို့ ဆိုရင်တော့ အတိအကျကို ထောက်ခံချက် ပေးလိုက်တဲ့သဘော ရောက်သွားပါလေရော။ အတော့်ကိုကောင်းတဲ့ ပြဇာတ်တစ်ခုပဲလို့ ပြောဆိုခြင်းဖြစ်တယ်။ **very good** နီးနီး အဓိပ္ပာယ်သက်ရောက်တယ်။

တစ်ခါတစ်ရံမှာတော့ **rather** ကို ဒီနည်းမျိုး သုံးခြင်းအားဖြင့် အံ့သြမှုကို ဖော်ပြတယ်။

**Ann:** I suppose the house was filthy.

**အင်** – အိမ်က ညစ်ပတ်ပေတေနေခဲ့ပုံပေါ်တယ်။

**Tom:** No, as a matter of fact it was rather clean.

**တွမ်** – ဘယ်ကလာ ဟုတ်ရမှာလဲ။ တကယ်က အတော့်ကို သန့်ရှင်းတာ။

**d.** **rather** ကို **enjoy, like** တို့ရဲ့ ရှေ့မှာလဲ သုံးနိုင်တယ်။ တစ်ခါတစ်ရံမှာ **dislike, object** (သဘောမကျဖြစ်သည်၊ ကန့်ကွက်သည်) နဲ့ အလားတူ ကြိယာများရဲ့ရှေ့မှာ သုံးနိုင်တယ်။

I rather like the smell of petrol.

ငါ ဓာတ်ဆီနံ့ကို အတော်ကလေး ကြိုက်ပါတယ်။

Most people dislike driving on icy roads, but he rather enjoys it.

လူများစုဟာ ရေခဲနေတဲ့ လမ်းတွေပေါ် ကားမောင်းရတာ မကြိုက်ကြဘူး။ ဒါပေမယ့် သူကတော့ အဲဒီလိုမောင်းရတာကို အတော်ကလေးကြိုက်တယ်။

When he finally persuaded me to try oysters, I found that I rather liked them.

ခရုကမာတွေကို စမ်းစားကြည့်ဖို့ သူက ငါ့ကို နောက်ဆုံး ဆွဲအောင် ပြောကြားခဲ့တယ်။ ငါ စားကြည့်တော့ အတော်ကလေး အကြိုက်သား။

အထက်ပါဝါကျမှာ **rather** ကို ကြိုက်နှစ်သက်မှု ဖော်ပြရာမှာ အဓိကသုံးထားတယ်။ အဲဒီလို ကြိုက်နှစ်သက်လာမှု

mgyoe.com

ဟာ . ကြားရသူများအတွက်ဖြစ်စေ၊ ပြောကြားသူကိုယ်တိုင်အတွက်ဖြစ်စေ အံ့ဩစရာတစ်ရပ်လဲ ဖြစ်နေတယ်။

အထက်ဖော်ပြပါ (c) မှာလို ကြိယာကို အင်အားဖြည့်ပေးရန်အတွက်လဲ **rather** ကို သုံးနိုင်တယ်။

I rather like Tom.

လို့ ပြောတာဟာ

I like Tom.

ထက် တွမ်ကို ပိုမိုနှစ်သက်ရာရောက်တယ်။

ဒါပေမယ့် **rather** ရဲ့ ဒီလိုအသုံးအနှုန်းမျိုးကို ချင့်ချင့်ချိန်ချိန် သုံးသင့်တယ်။

would rather အသုံးအနှုန်းကို sections 299, 272 မှာရှု။

**74. quite**

ဒီစကားလုံးကလဲ အတော်တော့ အရှုပ်သား။ သူ့မှာက အဓိပ္ပာယ်နှစ်မျိုး ရှိနေတာကလား။

1. ပြီးမြောက်တဲ့သဘောကို ဖော်ပြနိုင်တဲ့ စကားလုံး သို့မဟုတ် စကားစုတွေနဲ့ တွဲသုံးတဲ့အခါမှာ completely (လုံးလုံး။ လုံး၀၊ လုံးလုံးလျားလျား။ လုံး၀ဥဿုံ၊ အပြည့်အ၀ အစရှိတဲ့ အဓိပ္ပာယ်မျိုး) ရတယ်။ တွဲသုံးနိုင်တဲ့ စကားလုံးတွေကတော့ full, empty, finished, wrong, right, all right, sure, certain, determined, ready စသည်တို့ ဖြစ်ကြတယ်။ ထို့အပြင် အင်မတန်ပြင်းထန်အားကောင်းတဲ့ နာမဝိသေသနများ/ကြိယာဝိသေသနများဖြစ်ကြတဲ့ perfect ပြီးမြောက်သော၊ အားလုံးကောင်းသော၊ amazing အံ့ဩစရာကောင်းသော၊ horrible အလွန်ကြောက်စရာ ကောင်းသော၊ extraordinary သာမန်မဟုတ်သော၊ အလွန့်အလွန် ထူးခြားသော စတဲ့ စကားလုံးများနဲ့လဲ တွဲသုံးနိုင်တယ်။

The bottle was quite empty.

ပုလင်း လုံး၀လွတ်နေတယ်။

You are quite wrong.

မင်း လုံးလုံးလျားလျား မှားတယ်။

It's quite extraordinary; I can't understand it at all.

ဒါဟာ အလွန့်အလွန် ထူးခြားတယ်။ ငါ နည်းနည်းမှ နားမလည်ဘူး။

2. အခြားနာမဝိသေသနများ / ကြိယာဝိသေသနများနဲ့ တွဲသုံးတဲ့အခါ **quite**ရဲ့စွမ်းအားဟာ လျော့နည်းသွားတယ်။ ဒါကြောင့် မို့လို့ **quite good** လို့ ပြောခြင်းဟာ **good** လို့ ပြောတာလောက်ကောင်းကြောင်း ဖော်ပြရာမရောက်ဘူး။ ဒီနည်းမျိုးသုံးထားတဲ့ **quite** ဟာ **fairly** နဲ့ အဓိပ္ပာယ်ချင်း အကြမ်းဖျင်းအားဖြင့်တူတယ်။ ဒါပေမယ့် **quite** ပေါ်မှာ အသံကို အလေးအနက်ပြုပြီး ရွတ်ဆိုသုံးနှုန်းပုံကိုလိုက်ပြီး အဓိပ္ပာယ်အတိမ်အနက် ပြောင်းလဲသွားလေ့ရှိတယ်။

အောက်ပါတို့ကို အထူးဂရုစိုက် လေ့လာပါ။

'quite good' (weak **quite**, strong **good**) is very little less than 'good'.

**quite** ကို အသံပျော့ပျော့၊ **good** ကို အသံပြင်းပြင်းနဲ့ ပြောရင် ကောင်းတယ်လို့ ပြောတာထက်၊ မဆိုစလောက်သာလျော့တယ်။

'quite good' (equal stress) means 'moderately good'

အခုလို နှစ်လုံးစလုံးကို သံမှန်နဲ့ ပုံမှန်အတိုင်း ရွတ်ရင် moderately good အထိုက်အလျောက် ကောင်းတယ်လို့ ဆိုရာရောက်တယ်။

'quite good' (strong **quite**, weak **good**) is much less than 'good'.

ဒီမှာတော့ ပထမအလုံးကို အသံပြင်းပြင်း။ ဒုတိယအလုံးကို အသံပျော့ပျော့နဲ့ပြောရင် ကောင်းတယ်လို့ ပြောတာထက် အများကြီး လျော့နည်းသွားတဲ့ အဓိပ္ပာယ်ရှိတယ်။

**75. much**

affirmative မှာ much ရဲ့ရှေ့က very ပါလေ့ရှိတယ်။

I liked it very much. I enjoyed it very much. Thank you very much.

ငါ ထိုဟာကို အလွန် သဘောကျခဲ့တယ်။ ငါ ထိုဟာကို အလွန်တရာ ပျော်ရွှင်ခံစားခဲ့တယ်။ မင်းကို ကျေးဇူးအများကြီးတင်ပါတယ်။

ဒါပေမယ့် **negative** မှာတော့ **much** ဟာ **very** နဲ့ မတွဲဘူး။

I don't like it much. I don't much like it.

ငါ ထိုဟာကို သိပ်သဘောမကျဘူး။

much ကို comparatives များနဲ့တွဲပြီး အဆင့်အတန်းပြ ကြိယာဝိသေသနအဖြစ်နဲ့လဲ သုံးနိုင်တယ်။

It is much better to say nothing.

ဘာမှမပြောတာ အများကြီး ပိုကောင်းတယ်။

**76. hardly, barely, scarcely**

ဒီစကားလုံး သုံးလုံးဟာ တစ်ခုနဲ့တစ်ခု အဓိပ္ပာယ်ချင်း ထပ်တူနီးပါး ဖြစ်ကြတယ်။ သုံးခုလုံး မ – မဟုတ်နီးနီး **(almost negative)** အဓိပ္ပာယ် ထွက်တယ်။

**hardly** ကို အဓိကအားဖြင့် **any, ever** သို့မဟုတ် **can** နဲ့ တွဲသုံးတယ်။

hardly any = very, very little / few အလွန့်အလွန် နည်းသော

hardly ever = very, very seldom အလွန့်အလွန်ကြာမှ၊ (အလွန်တရာ ပြုလုပ်ခဲ့တဲ့သဘောကို ဖော်ပြတယ်။)

mgyoe.com